ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာကိုစွန့်ရာ၏**

အနည်းငယ်မျှသော ချမ်းသာကိုစွန့်ခြင်းကြောင့် ကြီးကျယ်သောချမ်းသာကို အကယ်၍ မြင်ခဲ့လျှင် ပညာရှိသည် ထိုကြီးကျယ်သောချမ်းသာကိုမြင်လျက် အနည်းငယ်မျှသောချမ်းသာကို စွန့်ရာ၏။

(ဓမ္မပဒ-၂၉၀)

၁၃၇၈ ခုနှစ် နယုန်လဆန်း ၁ ရက် တနင်္လာနေ့၊ 6, Monday June 2016 (၈၅၈၄)

# တောရိုင်းတိရစ္ဆာန်နှင့် အပင်များ တရားမဝင်ကူးသန်းရောင်းဝယ်နေမှုသည် ကမ္ဘာ့စတုတ္ထမြောက် အကြီးမားဆုံး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းဖြစ်နေ

**နေပြည်တော် ဇွန် ၅**

တောရိုင်းတိရစ္ဆာန်များ တရားမဝင်သတ်ဖြတ်ခြင်းနှင့် မှောင်ခိုရောင်းဝယ်ခြင်းများသည် စီးပွားရေးနှင့် ဂေဟစနစ်ကို ယိုယွင်းစေပြီး အုပ်စုဖွဲ့ရာဇဝတ်မှုများကို အားပေးကာ အကျင့်ပျက်ခြစားခြင်းနှင့် မလုံခြုံမှုတို့ကို ကမ္ဘာတစ်ဝန်းတွင် တိုးပွားစေကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားဖွင့်ပွဲတွင် ပြောကြားသည်။

တောရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု အခြေအနေများနှင့် ပတ်သက်၍ နိုင်ငံတကာလေ့လာတွေ့ရှိမှုများကို ပြောပြရမည်ဆိုပါက နှစ်စဉ်နှစ်တိုင်း ကြံ့ကောင်ရေတစ်ထောင်ကျော်နှင့် အာဖရိကဆင်သုံးသောင်းခွဲကျော်သည် အမဲလိုက်သတ်ဖြတ်ခြင်းကိုခံရပါကြောင်း၊ ယခုအခါ ဂမ်ဘီယာ၊ ဘိုကီနာဖာဆို၊ ဘီနင်နှင့် တိုဂိုနိုင်ငံတို့တွင် ချင်ပန်ဇီမျောက်များ မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်ပါကြောင်း၊ ဝက်ဝံသုံးထောင်ခန့် နှစ်စဉ်ဆုံးရှုံးနေပါကြောင်း။

အာရှနိုင်ငံအချို့၏ ဈေးဆိုင်ခန်းများတွင် ကျားအရေခွံများ၊ ဧရာမပင်လယ်လိပ်ခွံကြီးများကိုတွေ့မြင်နေရပါကြောင်း၊ ထိုပုံရိပ်များက တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုသည် မိမိတို့ကမ္ဘာမြေ၏ အဖိုးတန်လှသည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## နှစ်ပေါင်း ၆၀ အတွင်း ပြန်လည်ကျင်းပခဲ့သော စည်ပင်ရွေးကောက်ပွဲ အများပြည်သူစိတ်ဝင်စားမှုနည်းပါးခဲ့ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာတွင်ဖော်ပြ

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံတွင် နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံး ပြန်လည်ကျင်းပခဲ့သော စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး အဆိုပါရွေးကောက်ပွဲကို အများပြည်သူစိတ်ဝင်စားမှု အလွန်နည်းပါးခဲ့ကာ စည်ပင်သာယာရွေးကောက်ပွဲသည် လူထုအတွက် အကျိုးပြုမည်၊ ထူးခြားမှုရှိမည်ဆိုသည့်အပေါ် အများပြည်သူက သံသယရှိခဲ့ကြောင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာတွင် New Myanmar Foundation က ဖော်ပြထားသည်။

ပြီးခဲ့သည့် စည်ပင်သာယာရွေးကောက်ပွဲတွင် ရွေးချယ်ခဲ့သော ကိုယ်စားလှယ်များသည် ဥပဒေအရ အစိုးရသက်တမ်းနှင့် တူညီသောကြောင့် ယခုနှစ်တွင် စည်ပင်သာယာရွေးကောက်ပွဲများကို ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် မြို့တော်ဝန်အပါအဝင် ကော်မတီအဖွဲ့ဝင် ကိုးဦးရှိပြီး

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။



ကြေးမုံ

# တိုးတက်ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အချိန်အဆ

ထိန်းသိမ်းစောင့်ရှောက်သင့်သည်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် စနစ်ကျနသော ဖွံ့ဖြိုးတိုးတက်ခြင်းကို ရမည်။

ရှိသမျှသစ်တောအပြောင် ခုတ်ရောင်း၊ ရနိုင်သမျှ မြေအောက်ဓာတ်သတ္တုအကုန်ထုတ်ရောင်း၊ ဖော်နိုင်သမျှ ကျောက်မျက်ရတနာမကျန်အောင် တူးဖော်ရောင်းကာ စီးပွားရေးတက်လာပြီဟု ကြွေးကြော်နေခြင်းက မိမိတို့၏ မိုက်မဲမှုအသိဉာဏ်နုံချာမှုကို ဖော်ပြနေသည်။

မြို့ကြီးပြကြီးများဖြစ်လာဖို့ တိုက်မြင့်ကြီးများတည် အခန်းရောင်း ငွေဖော်၊ ဟိုတယ်ကြီးများတိုး ငွေဝင်၊ ကွန်ဒိုကြီးများဆောက်ရောင်း ငွေရ စသည့်နည်းဖြင့် စီးပွားရေးလုပ်ကြသည်ကို စီးပွားရေးတတ်ကျွမ်းနားလည်မှုအဖြစ် ယူဆနေခြင်းက အမြော်အမြင်ကင်းမဲ့မှုကို ဖော်ပြနေခြင်းသာ။

ဖွံ့ဖြိုးတိုးတက်မှုတိုင်းတွင် ထိန်းသိမ်းရေးနှင့် ချိန်ညှိရသည်ချည်း ဖြစ်ပါ၏။ မိမိ၏ သဘာဝအမွေအနှစ်များကို မည်မျှလောက်ထုတ်ယူသုံးစွဲ၍ မည်မျှလောက်ထိန်းသိမ်းထားရမည်ဆိုသည်ကို တွက်ဆချင့်ချိန်နိုင်စွမ်းမရှိဘဲ ရှိသမျှ ထုတ်ယူရောင်းချခြင်းဖြင့် တိုင်းပြည်စီးပွားတိုးတက်လာမည်ဟု တွေးထင်ခဲ့ခြင်းကား အမှန်စင်စစ် ရှက်ဖွယ်လိလိ။

မြို့ကြီးပြကြီးများမှာ လူဦးရေတိုးတက်မှုနှင့် သိပ်သည်းမှုကို မျှခြေရှိအောင် ထိန်းသိမ်းရကောင်းမှန်းမသိဘဲ တိုက်မြင့်ကြီးတွေဆောက်လျှင် စီးပွားဖြစ်မည်ဆိုသည့် အလွယ်စဉ်းစားမှုလောက်မှာကား အမှန်စင်စစ်ရှက်စရာအတိ။

ကမ္ဘာ့နိုင်ငံကြီးများ၏ ဖွံ့ဖြိုးတိုးတက်မှုပုံစံများကို စစ်စစ်ပေါက်ပေါက် လေ့လာမှုလည်းမရှိ၊ တိုးတက်မှုပုံစံများပေါ်မူတည်၍ ပေါ်ထွက်လာသည့် ရလဒ်ကောင်း ရလဒ်ဆိုးများကိုလည်းသင်ယူရကောင်းမှန်းကိုမသိဘဲ မိမိအိတ်ကပ်ထဲ ငွေဝင်ရေးတစ်ခုတည်းသာ အားထုတ်ခြင်းဖြင့် အောက်တန်းနောက်တန်းကျသည်ထက်ကျသွားရမည့်အဖြစ်ကို နားလည်ကြဖို့လိုပါမည်။

မြို့ပြစီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မှုနှင့် ပတ်သက်လျှင် ထိပ်တန်းနိုင်ငံကြီးများဖြစ်သော ပြင်သစ်၊ အင်္ဂလိပ်တို့၏ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြစီမံကိန်းများဆိုင်ရာ အကြံပြုချက်များ၊ ၎င်းနိုင်ငံတို့တွင် မည်သို့မည်ပုံတည်ဆောက်ခဲ့၊ မည်သို့အမှားများကို ပြင်ဆင်ခဲ့၊ မည်သို့ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခဲ့၊ မည်သို့ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများထုတ်ကာ တားဆီးထိန်းသိမ်းခဲ့သည်များကို လေ့လာကြရန်လည်း လိုအပ်ပါမည်။

နမူနာကောင်းများအဖြစ် တည်ရှိနေသော ရောမ၊ ဗင်းနစ်၊ ဘာစီလိုနာ စသော မြို့ကြီးများ၏ အောင်မြင်နေမှုများကလည်း စိတ်ဝင်စားစရာ ဖြစ်ပါသည်။

အီတလီနိုင်ငံရှိ ရောမမြို့မှာ ၁၂၈၅ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး နေထိုင်သူ ၂၀၁၂ သန်းခေါင်စာရင်း အရ လူဦးရေ ၂ ဒသမ ၇ သန်းခန့်ရှိသည်။ တစ်နှစ် တစ်နှစ် လာရောက်လည်ပတ်သည့် ဧည့်သည်ဦးရေမှာ ၇ သန်း မှ ၁၀ သန်းအထိရှိသည်။ မြို့တစ်မြို့၏ ခရီးသွားလုပ်ငန်းတစ်ခုတည်းမှ ဝင်ငွေကို တွက်ကြည့်လျှင် အလွယ်တကူသိနိုင်ပါသည်။ မြို့သူမြို့သားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ မည်မျှလောက်ပေါကြွယ်ဝသည်ကို ခန့်မှန်း၍ ရနိုင်ပါသည်။

ရောမမြို့ မြို့လယ်ကောင်မှာ အထပ်မြင့်လူနေ အဆောက်အအုံကြီးများ၊ ဟိုတယ်ကြီးများ၊ ရှော့ပင်းစင်တာကြီးများ ပြွတ်သိပ်ကျပ်ညပ်နေအောင် မတည်ဆောက်ခြင်းမှာ တိုးပွားလာနေသည့် လူဦးရေကို မသိကျိုးကျွန်ပြုခြင်းမဟုတ်။ အခန်းများရောင်းစားလျှင် ငွေဝင်မည်ဆိုသည်ကို မတွက်တတ်ခြင်းမဟုတ်။ သန်းနှင့်ချီကာ လာရောက်လည်ပတ်နေသော ခရီးသွားဧည့်သည်များကို နေရာပေးလျှင် ငွေဝင်မည်ဆိုသည်ကို မသိခြင်းမဟုတ်။ ရေတိုအကျိုးစီးပွားနှင့် ရေရှည်အကျိုးစီးပွားကို တွက်ဆခြင်းသာ ဖြစ်ပါသည်။

ရောမမြို့မှာ ဧည့်သည်များအတွက် တည်းခိုနေနိုင်ရန် ဟိုတယ်နှင့်တည်းခိုခန်းအဆောက်အအုံ ငါးထောင်ကျော်ရှိသည်။ ဧည့်သည်များ သွားလာရေးလွယ်အောင်ဆိုပြီး ရောမမြို့လယ်က အမွေအနှစ်အဆောက်အအုံများအနီးမှာ တည်ဆောက်ထားခြင်းမဟုတ်။ လူဦးရေသိပ်သည်းမှုအပေါ် တွက်ဆပြီး မြို့နှင့်ခပ်လှမ်းလှမ်းနေရာများသို့ပို့ကာ သယ်ယူပို့ဆောင်ရေးလွယ်ကူအောင် စီစဉ်ထားခြင်းမျှသာ ဖြစ်သည်။ မြို့လယ်တစ်ခုလုံး လမ်းလျှောက်ရလွယ်ကူအောင် ဘီးတပ်ကုလားထိုင်များနှင့် သွားလာနိုင်အောင် စီမံထားသည်။

တစ်ခါက ကြားဖူးခဲ့သော ဗင်းနစ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့၏ မူပိုင်းဆိုင်ရာ ပဋိပက္ခမှာ နမူနာယူဖွယ် ဖြစ်၏။ အီတလီနိုင်ငံ ဗင်းနစ်မြို့ဆိုသည်က ရေပေါ်မြို့အဖြစ် မြို့ပြလက္ခဏာနှင့် ကြန်အင်တို့ကို ထိန်းသိမ်းထားခြင်းဖြင့် နာမည်ကျော်သောမြို့။ ခရီးသွားများ အလွန်များပြားသည့်မြို့။ အမေရိကန်က ထင်ရှားသည့် မက္ကဒေါ်နယ် ဟမ်ဘာဂါဆိုင်လာဖွင့်တော့ မက္ကဒေါ်နယ်၏ အမှတ်တံဆိပ်အင်္ဂလိပ်အက္ခရာ အမ် အဝါရောင်က သူ့ထုံးစံအတိုင်း အရွယ်အစားကြီးကြီးနှင့် မြို့တွင်းမှာပြင်ဆင်သည်။ မြို့အာဏာပိုင်တို့က ဤသည်ကိုချက်ချင်းကန့်ကွက်၏။ အပြန်အလှန် ငြင်းခုံကြ၏။ ဆိုင်၏ အမှတ်တံဆိပ်လက္ခဏာနှင့် မြို့၏ ကြန်အင်လက္ခဏာတို့၏ တိုက်ပွဲ။ နောက်ဆုံးမှာ ဆိုင်လာမဖွင့်၍ မြို့ဝင်ငွေမတိုးလျှင်ရှိစေ၊ မြို့၏ လက္ခဏာကို အပျက်မခံဟုဆိုကာ ယတိပြတ်ဆုံးဖြတ်လိုက်သည်။ မက္ကဒေါ်နယ်လည်း အလျှော့ပေး၍ သူ၏အမှတ်တံဆိပ် အရွယ်အစားကို လျှော့ကာ အရောင်ကို စိမ်းပြာနုပြောင်းရသည်ဟု ဆိုသည်။ မြို့ဝင်ငွေ မလျော့ပါ။ ဤသို့သောမူကြောင့် ဂုဏ်သိက္ခာတိုးခဲ့ပါသည်။

သည်လို အစီအမံများကို စနစ်တကျမလုပ်ဘဲ ရန်ကုန်မြို့၏ စီးပွားရေးအကွက်အကွင်းကောင်းသည်ဆိုကာ အထပ်မြင့်များကို စနစ်တကျ ထိန်းကွပ်မှုမရှိဘဲ ဆောက်လုပ်ခြင်းက ယနေ့ မြို့ပြ ကျပ်တည်းမှုတစ်ခုတည်းနှင့်ပင် စိတ်ပျက်ဖွယ် ဖြစ်နေပြီ။ အမှန်တော့ တိုးတက်ဖွံ့ဖြိုးမှုအရှိန်ရှိနေသော မန္တလေးရွှေမြို့တော်အပါအဝင် မြို့ကြီးများအားလုံး မြို့ပြစီမံကိန်းဆိုင်ရာ စနစ်တကျရှိမှုကို ပြင်ဆင်သင့်ပြီဟု ယူဆပါသည်။

ယခင့်ယခင် ရေရှည်အမြော်အမြင်မရှိဘဲ စီးပွားရေးတိုးတက်ဖို့ဆိုကာ ကိုယ့်အိတ်ထဲကိုယ်ထည့်သည့်၊ စနစ်ကျနသော စီမံကိန်းမရှိ ဖြစ်ချင်သလိုဖြစ်ခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်ကာ စနစ်တကျ ခွင့်ပြုမည်ဟူသော ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏လုပ်ငန်းစဉ်များကို ပြည်သူလူထုက ကြိုဆိုရင်း လေ့လာအကဲခတ်နေကြပါကြောင်း တင်ပြအပ်ပါသည်။ ။



## ရဲတပ်သားသစ် သင်တန်းဆင်းပွဲများ ကျင်းပ

**နေပြည်တော် ဇွန် ၅**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၁)ရဲလေ့ကျင့်ရေးကျောင်း၊ ရမည်းသင်းတွင် အမျိုးသမီးရဲတပ်သားသစ်သင်တန်း အမှတ်စဉ်(၂၈/၂၀၁၅) စည်သူတပ်ခွဲသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး သုတေသနစီမံကိန်းနှင့် အုပ်ချုပ်ရေးဌာနမှူး ရဲမှူးကြီး ဉမ္မာရင်မိတက်ရောက်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၁၈ ဦး တက်ရောက်အောင်မြင်ခဲ့သည်။

အလားတူ အမှတ်(၂)ရဲလေ့ကျင့်ရေးကျောင်း ဝက်ထီးကန်တွင် ရဲတပ်သားသစ်သင်တန်းအမှတ်စဉ်(၂၈၄/၂၀၁၅) တေဇတပ်ခွဲသင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၃ ရက် နံနက် ၇ နာရီတွင် အဆိုပါလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက် တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားခဲ့ပြီး သင်တန်းထူးချွန်ဆု ရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၁၉၉ ဦး တက်ရောက်အောင်မြင်ခဲ့သည်။ **(သတင်းစဉ်)**



ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့နယ်မြေအတွင်းရှိ မြို့နယ်ရဲစခန်းများမှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး မြို့နယ်အသီးသီးရှိ စာသင်ကျောင်းများတွင် ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များ၌ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေးအတွက် ယာဉ်ကြောရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိသည်ကို ဇွန် ၃ ရက်က တွေ့ရစဉ်။ ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## ကျောင်းသား ကျောင်းသူလေးများ ယဉ်ကျေးလိမ္မာရှိစေရေး ဓမ္မစကူးလ်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၅**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူနယ်မြေအတွင်းရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ တတိယအကြိမ်မြောက် ဓမ္မစကူးလ်ကျောင်းတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ကျောင်းတိုက်ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဆက်လက်၍ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဘဒ္ဒန္တကဝိန္ဒ(ဂန္ထဝါစကပဏ္ဍိတ)က ဓမ္မစကူးလ်ကျောင်းတော်ကို တက်ရောက်သင်ကြားကြမည့် ပထမတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်တို့ကို ဩဝါဒစကားမိန့်ကြားသည်။

အဆိုပါ ဓမ္မစကူးလ်ကျောင်းတော်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆရာ ဆရာမ ၂၀ ဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဓမ္မစကူးလ်ကျောင်းသား ကျောင်းသူလေးများအတွက် အပတ်စဉ် ကုသိုလ်ရှင်များက အာဟာရဒါနများ လှူဒါန်းလျက်ရှိကြောင်းနှင့် ပါဝင်လှူဒါန်းလိုသူများအနေဖြင့်လည်း ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သန့်မောင်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်

အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း

အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❒ **ရှေ့ဖုံးမှ**

ဇီဝမျိုးစုံမျိုးကွဲများလျော့ပါးခြင်းနှင့် မျိုးသုဉ်းခြင်း အခြေအနေရောက်ရှိနေသည်ကို သတိပေးနေပါကြောင်း၊ အာရှမှောင်ခိုဈေးကွက်တွင် ဆင်စွယ်တစ်ကီလိုသည် ဒေါ်လာနှစ်ထောင့်နှစ်ရာခန့်ပေါက်ပြီး ကြံ့ချိုတစ်ကီလိုကို ဒေါ်လာ ခြောက်သောင်းခန့်ပေါက်နေသဖြင့် ရွှေ ပလက်တီနမ်တို့ထက် များစွာဈေးကြီးနေသည်ကို တွေ့ရပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် အပင်များ တရားမဝင် ကူးသန်းရောင်းဝယ်နေမှုအတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်သုံးစွဲနေသည့် ငွေကြေးပမာဏသည် တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၂၀ ဘီလီယံရှိပြီး မူးယစ်ဆေးဝါး၊ လက်နက်နှင့် လူကုန်ကူးမှုစသည့် လုပ်ငန်းများပြီးလျှင် ကမ္ဘာ့စတုတ္ထမြောက် အကြီးမားဆုံး တရားမဝင်ကုန်သွယ်မှုလုပ်ငန်းဖြစ်နေကြောင်း နိုင်ငံတော်သမ္မတက ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က



UNDP ဌာနေညွှန်ကြားရေးမှူး
Mr.Toily Kurbanov

အနာဂတ်တွင် မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်များ၊ စီမံချက်များကို UNDP နှင့်လည်းကောင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မဟာဗျူဟာနှင့် အကောင်အထည်ဖော်ဆောင်ရေးစီမံချက်ကို UNEP၊ UN-Habitat၊ EU တို့နှင့်လည်းကောင်း၊ အစိမ်းရောင်စီးပွားရေးမူဝါဒနှင့် မဟာဗျူဟာမူဘောင်များကို World Wildlife Fund (WWF) နှင့်လည်းကောင်း၊ အမျိုးသားအဆင့်နှင့် မြို့ပြအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး မဟာဗျူဟာများနှင့် စီမံချက်များကို UNEP၊ IGES (Institute for Global Environmental Strategy) တို့နှင့်လည်းကောင်း၊ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ စနစ်တကျ သိမ်းဆည်းရေးစီမံချက်ကို နော်ဝေအမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (National Environmental Agency of Norway) နှင့်လည်းကောင်း ပူးပေါင်းပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ရည်မှန်းချက်သစ်များ၊ ခွန်အားသစ်များဖြင့် ကျင်းပပြီး Rio Plus ၂၀ ညီလာခံ၊ နောက်ဆက်တွဲ ပါရီ သဘောတူညီချက်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDGs) က ရရှိသည့် အရှိန်အဟုန်များကို ရယူရမည်ဖြစ်ပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများ စောင့်ရှောက်ခြင်းအပါအဝင် မိမိတို့၏ ပတ်ဝန်းကျင်ကိုပါ ကာကွယ်စောင့်ရှောက်ရန်အတွက် အမျိုးသားရေးမဟာဗျူဟာများ ချမှတ်ပြီး အားလုံးပါဝင် ကြိုးပမ်းရမည် ဖြစ်ပါကြောင်း။

မိမိတို့၏ နောင်လာနောက်သားများ သာယာဝပြောသည့် အနာဂတ်ရရှိစေရန်အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရေးဆိုသည့် ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့၏ အနာဂတ်မျိုးဆက်များအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်သည့်ဘက်က ကူညီကြရန် အားလုံးကိုတောင်းဆိုပါကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုသည်ကိုပြသပြီး အပြောင်းအလဲဖြစ်အောင် လုပ်နိုင်ပါကြောင်း ပြောကြားသည်။

အခမ်းအနားတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)ဌာနေညွှန်ကြားရေးမှူးက ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကို ဖတ်ကြားပြီး ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခေတ္တညွှန်ကြားရေးမှူးက ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ ဦးအောင်သန်း၊ ဒုတိယဆုရ ဦးထိန်လင်းနှင့် တတိယဆုရ ဦးကျော်ဆွေဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ခေတ္တညွှန်ကြားရေးမှူးက ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရ မနှင်းဝတ်မှုန်အောင်၊ ဒုတိယဆုရ မမေသက်ခိုင်စိုးနှင့် တတိယဆုရ မလင်းသန္တာထက်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဌာနေညွှန်ကြားရေးမှူးက အထူးဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုဆိုင်ရာ အသိပညာပေး ဗီဒီယိုကိုပြသပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် ဆုရရှိကြသူများ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အဆိုပါခန်းမအတွင်း၌ ပတ်ဝန်းကျင်ထိန်းသိန်းရေးနေ့ အထိမ်းအမှတ်အဖြစ် ပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်သည် "တို့ကမ္ဘာမြေ ဂေဟစနစ် ထိန်းသိမ်းဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့" "Zero Tolerance for the illegal trade in wildlife" ဖြစ်သည်။

ယနေ့အခမ်းအနားသို့ ဒုတိယသမ္မတဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

၂၀၁၅ ခုနှစ်အထိ မြန်မာနိုင်ငံ ဧရိယာ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းတွင် သဘာဝနယ်မြေ ၃၆ ခုတည်ထောင်ထားရှိပြီး အခြားဧရိယာကိုးခုကို တိုးချဲ့ဖွဲ့စည်းတည်ထောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် လက်ရှိအချိန်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေခုနစ်ခုကို အာဆီယံ အမွေအနှစ် ဥယျာဉ်များအဖြစ် သတ်မှတ်ထားပြီး ထိန်းသိမ်းကာကွယ်ထားကြောင်း၊ ၂၀၁၀ ခုနှစ်မှ ၂၀၁၆ ခုနှစ် မတ်လအတွင်း တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ တရားမဝင်ရောင်းဝယ်မှု ၁၈၉ မှု အထိဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးခြင်းနှင့်အတူ မိုင် ၆၀ ကျော် အသွားအပြန်စက်ဘီးစီးလှုပ်ရှားမှုတစ်ရပ် ပြုလုပ်



**ရန်ကုန် ဇွန် ၅**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုအဖြစ် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းစံပြကျေးရွာအနီးရှိ လက်ခုပ်ကုန်းဟိုတယ်၌ သစ်ပင်စိုက်ပျိုးခဲ့ကြပြီး စက်ဘီးစီးသမား ၂၅၀ ကျော် ပါဝင်သည့် Bicycle Network Myanmar စက်ဘီးစီးအဖွဲ့မှလည်း ရန်ကုန်မြို့ တစ်ဖက်ကမ်း ဒလမြို့မှ လက်ခုပ်ကုန်းစံပြကျေးရွာထိ မိုင် ၆၀ ကျော် အသွားအပြန်ခရီးကို စက်ဘီးစီးပြီး လှုပ်ရှားမှုတွင် ပါဝင်ကြသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုတွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ Orchid Hotels Group မှ ဥက္ကဋ္ဌ ဦးငွေအောင်၊ Bicycle Network Myanmar စက်ဘီးစီးအဖွဲ့မှ နာယက ဦးညီဝင်းနိုင်တို့က လက်ခုပ်ကုန်းကျေးရွာရှိ လက်ခုပ်ကုန်းဟိုတယ်အတွင်း ကံ့ကော်ပင်များစိုက်ပျိုးပေးခဲ့ကြသည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် လှုပ်ရှားမှုတွင်ပါဝင်သည့် Bicycle Network Myanmar စက်ဘီးစီးအဖွဲ့ခေါင်းဆောင် ဦးညီဝင်းနိုင်က" စက်ဘီးစီးခြင်းအားဖြင့် ရရှိနိုင်တဲ့ အကျိုးတွေက ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာရောက်တဲ့အတွက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့မှာ ရန်ကုန်ကနေ လက်ခုပ်ကုန်းအထိ စက်ဘီးစီးကြတယ်။ ဒီဒေသကိုလည်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဖွံ့ဖြိုးလာစေချင်လို့ ဒီဘက်ကို စီးကြတာပါ" ဟုပြောသည်။

Orchid Hotels Group မှ ဦးဝင်းမောင်မောင်က"ဒီဒေသက ရန်ကုန်တိုင်းဒေသကြီးမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးနေရာပါ။ သဘာဝဒီရေတောတွေ၊ သဘာဝပတ်ဝန်းကျင်တွေ မပျက်မယွင်းရှိသေးတယ်။ စက်ဘီးစီးအဖွဲ့က စက်ဘီးစီးတာ ဒီနှစ်နဲ့ဆို နှစ်ကြိမ်ရှိသွားပြီ။ စက်သုံးဆီချွေတာရေး၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလျှော့နည်းရေးအတွက် လူတွေကို အကျိုးပြုတဲ့ အားကစားအဖွဲ့လေးတစ်ခုအနေနဲ့ ပါဝင်ခဲ့ကြတာပါ"ဟုပြောသည်။

အဆိုပါ စက်ဘီးစီးအဖွဲ့တွင် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်ရှိ မြို့နယ်ပေါင်းစုံမှ အသက် (၁၂) နှစ်မှ အသက် (၇၀) ကျော်အရွယ်အထိ အမျိုးသား အမျိုးသမီး ၂၀၀ ကျော် ပါဝင်ခဲ့ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ- မင်းသစ်(သတင်းစဉ်)**

# အိန္ဒိယနှင့် အာဖဂန်နစ္စတန် ချစ်ကြည်ရေးအထိမ်းအမှတ်ဆည် ဖွင့်လှစ်

**ဟာရတ် ဇွန် ၅**
အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီနှင့် အာဖဂန်နစ္စတန် သမ္မတ အက်ရှာရက်ဂါနီတို့သည် နှစ်နိုင်ငံချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် တည်ဆောက်ထားသော ဆည်တစ်ခုကို ဇွန် ၅ ရက်တွင် တရားဝင်ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဟာရတ်ပြည်နယ် ချစ်တီရှာရက်ခရိုင်ရှိ ရေအားလျှပ်စစ်ထုတ်လုပ်ရေးနှင့် ဆည်မြောင်းလုပ်ငန်းဆိုင်ရာဆည်ကို ပူးတွဲဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။


အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ငါးနိုင်ငံခရီးစဉ် လှည့်လည်နေပြီး အာဖဂန်နစ္စတန်နိုင်ငံ၌ သမိုင်းတွင်စေမည့်ဆည်ကို အာဖဂန်သမ္မတနှင့်အတူ ပူးတွဲဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ဒေါ်လာသန်း ၂၉၀ အကုန်အကျခံ တည်ဆောက်ခဲ့သော အဆိုပါဆည်သည် အာဖဂန်နစ္စတန်၌ အိန္ဒိယနိုင်ငံက အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများအနက် စီမံကိန်းတစ်ခု ဖြစ်သည်။

ဆယ်လ်မာဆည်ဟု အမည်ပေးထားသော အဆိုပါဆည်သည် အီရန်နိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသော ဟာရတ်ပြည်နယ်တွင် တည်ရှိသည်။

အိန္ဒိယနိုင်ငံသည် ၂၀၀၁ ခုနှစ်တွင် တာလီဘန်အစိုးရအဖွဲ့ကို ဖြုတ်ချခဲ့ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေါ်လာ နှစ်ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့သည်။

**ပီတီအိုင်။**




# ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် အမေရိကန်သင်္ဘောသားအမျိုးသမီးတစ်ဦး ကားမတော်တဆမှုဖြစ်ပွား

**ကျိုတို ဇွန် ၅**
ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းတွင် အမေရိကန်သင်္ဘောသားအမျိုးသမီးတစ်ဦးက အရက်သောက်ပြီး ကားမဆင်မခြင်မောင်းနှင်မှုကြောင့် ကားမတော်တဆမှုဖြစ်ပွားခဲ့ရာ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှီဒါက ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ကာရိုလင်းကနေဒီအား အသိပေးအကြောင်းကြားစာပေးပို့ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။


ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီရိုကီရှီဒါ(ဝဲ)၊
ဂျပန်နိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး ကာရိုလင်းကနေဒီ(ယာ)

အဆိုပါအမျိုးသမီးက အရက်သောက်ပြီး လမ်းပြောင်းပြန်အနေအထားဖြင့် မော်တော်ယာဉ်မောင်းနှင်ခဲ့ရာ ကားနှစ်စီးကို ခေါင်းချင်းဆိုင်ဆင့်တိုက်ခဲ့သည်။ ကားမတော်တဆမှုတွင် လူနှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ အိုကီနာဝါဒေသဆိုင်ရာ အာဏာပိုင်များက ၎င်းအမျိုးသမီးအား ဖမ်းဆီးခဲ့သည်။ သူသည် အိုကီနာဝါကျွန်းရှိ အမေရိကန်ကာဒီနာလေကြောင်းအခြေစိုက်စခန်းတွင် တာဝန်ထမ်းဆောင်နေသူတစ်ဦးဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကီရှီဒါက အမေရိကန်သံအမတ်ကြီး ကနေဒီအား အထက်ပါကိစ္စနှင့်ပတ်သက်ပြီး စစ်ဆေးမှုများ ပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးရန် ဇွန် ၅ ရက်တွင် အသိပေးအကြောင်းကြားစာပို့ခဲ့သည်။ အိုကီနာဝါကျွန်းရှိ အမေရိကန်အခြေစိုက်စခန်း၏ အမေရိကန်နိုင်ငံသား အလုပ်သမားတစ်ဦးက ဂျပန်အမျိုးသမီးတစ်ဦးအားသတ်ပြီး အလောင်းကို အမှိုက်ပုံတစ်ခုတွင် စွန့်ပစ်ထားပြီး ဖမ်းဆီးခြင်းခံထားရသည့် အချိန်ကတည်းက အမေရိကန်အစိုးရအနေဖြင့် စည်းကမ်းများကို တင်းကျပ်စွာ ချမှတ်ထားခဲ့သည်။ ထိုကဲ့သို့စည်းကမ်းများတင်းကျပ်စွာ ချမှတ်ထားသောအချိန်တွင် အရက်သောက်ပြီး ကားမတော်တဆမှုဖြစ်ပွားခြင်းသည် အလွန်ပင်ဝမ်းနည်းဖွယ် ကောင်းကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ၎င်း၏ စာထဲတွင် ထည့်သွင်းရေးသားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး အလွန်ပင် စိတ်မကောင်းဖြစ်မိကြောင်းနှင့် ကားမတော်တဆတိုက်မိမှုအတွက် တောင်းပန်ပါကြောင်းဖြင့် အမေရိကန်သံအမတ်ကြီး ကနေဒီက ပြန်လည်ပြောကြားခဲ့သည်။

အမေရိကန်တပ်မတော်သည် အရက်သောက်ပြီး ကားမောင်းနှင်မှုကို မည်သည့်အခါမျှ ကျူးလွန်မည်မဟုတ်ကြောင်းနှင့် အကယ်၍ ကျူးလွန်ခဲ့ပါက စစ်စည်းကမ်းနှင့်အညီ တင်းကျပ်စွာ အရေးယူမည်ဖြစ်ပါကြောင်း ကနေဒီက ပြန်လည်ပြောကြားခဲ့သည်။

အမေရိကန် အစိုးရအနေဖြင့် အထက်ပါကားမတော်တဆမှုနှင့်ပတ်သက်ပြီး စစ်ဆေးမှုများပြုလုပ်ရာတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း ကနေဒီက ဆက်လက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

# တောရိုင်းတိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာပြပွဲ ထိုင်းနိုင်ငံတွင် ကျင်းပ

**ဘန်ကောက် ဇွန် ၅**
တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်မှုတွင် ပြည်သူများ၏ ပူးပေါင်းပံ့ပိုးမှုမြင့်တက်လာစေရန် ရည်ရွယ်သည့်အနေဖြင့် ထိုင်းနိုင်ငံရှိ မိုးပျံရထားဘူတာရုံတစ်ခုတွင် တောရိုင်းတိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြပွဲတစ်ရပ်ကို ယနေ့ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါပြပွဲကို ကမ္ဘာ့ပတ်ဝန်းကျင်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပခြင်းလည်းဖြစ်သည်။ တရုတ်မင်းသမီး လီဘင်ဘင်းနှင့် တိရစ္ဆာန်ကုဆရာဝန်ပတာနာရိုမနီအွမ်တို့၏ တောရိုင်းတိရစ္ဆာန်များနှင့် ယှဉ်တွဲရိုက်ကူးထားသော ဓာတ်ပုံများအား ပြပွဲတွင်ပြသထားပြီး တောရိုင်းတိရစ္ဆာန်များနှိပ်စက်ညှဉ်းပန်းသတ်ဖြတ်သူများအား ပြင်းထန်စွာဆန့်ကျင်ကြောင်း အဆိုပါပြပွဲက ဖော်ပြသည်။

တောရိုင်းတိရစ္ဆာန်များ၏ အသားများအားစားသုံးခြင်း၊ ၎င်းတို့၏သဘာဝနေထိုင်မှု အမှုအကျင့်များကို မသမာလောဘသားတို့က ကိုယ်ကျိုးရှာပြီး ဖျက်ဆီးလျက်ရှိရာ တောရိုင်းတိရစ္ဆာန်များအား ၎င်းတို့ရန်မှ ကာကွယ်ရန်လိုအပ်ကြောင်း ပတာနာရိုက ပြောကြားသည်။

ပြပွဲကျင်းပနေစဉ် ကျောင်းသားများနှင့် ဆရာ ဆရာမများက တိရစ္ဆာန်ပုံများပါသော တီရှပ်အင်္ကျီများအား လမ်းသွားလမ်းလာများကို ဝေငှပေးခဲ့သည်။

**ဆင်ဟွာ။**

# အာဖရိက၏ အကြီးဆုံးသော တက္ကသိုလ်စာကြည့်တိုက် တန်ဇန်းနီးယားနိုင်ငံ၌ စတင်တည်ဆောက်ပြီ

**ဒါရက်ဆလမ် ဇွန် ၅**
တန်ဇန်းနီးယားနိုင်ငံ ဒါရက်ဆလမ်ရှိ တက္ကသိုလ်၌ တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်မည့် စာကြည့်တိုက်စီမံကိန်းအတွက် အုတ်မြစ်ချပွဲအခမ်းအနားကို ဇွန် ၅ ရက်က ကျင်းပရာ သမ္မတ ဖာဂူဖူလီ တက်ရောက်ချီးမြှင့်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာဖရိကတိုက်ရှိ တက္ကသိုလ်စာကြည့်တိုက်များအနက် အကြီးဆုံးစာကြည့်တိုက်ဖြစ်လာမည့် အဆောက်အအုံကို တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။ စာကြည့်တိုက် တည်ဆောက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၄၀ ခန့် ကျခံသုံးစွဲရမည်ဖြစ်ပြီး ရန်ပုံငွေအားလုံးကို တရုတ်အစိုးရအဖွဲ့က ထောက်ပံ့ပေးမည်ဖြစ်သည်။

တန်ဇန်းနီးယားနိုင်ငံ၏ ပညာရေးအဆင့်အတန်း တိုးတက်လာစေရေးအတွက် မိမိတို့အစိုးရအဖွဲ့က ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် တရုတ်နိုင်ငံက တက္ကသိုလ်စာကြည့်တိုက်စီမံကိန်းအတွက် အကူအညီပေးခြင်းဖြစ်ကြောင်း သမ္မတ မာဂူဖူလီက ပြောကြားသည်။

ခေတ်မီ စာကြည့်တိုက်ကြီး တည်ဆောက်ရေးလုပ်ငန်း ပြီးဆုံးသည့်အခါ စတုရန်းမီတာ ၂၀၀၀၀ အကျယ်အဝန်းရှိ နေရာတွင် စာအုပ်ပေါင်း ၈၀၀၀၀၀ ကျော် ထားရှိကာ ကျောင်းသား ကျောင်းသူများ စာပေလေ့လာနိုင်မည်ဖြစ်ကြောင်း အုတ်မြစ်ချပွဲ အခမ်းအနားတွင် သမ္မတ မာဂူဖူလီက ပြောကြားသည်။

အဆိုပါ စာကြည့်တိုက်ကြီးတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူပေါင်း ၂၆၀၀ အထိ တစ်ပြိုင်နက်တည်း စာအုပ်စာပေဖတ်ရှုနိုင်ရန် နေရာထိုင်ခင်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။ **ဆင်ဟွာ။**




# တရုတ်နှင့် အမေရိကန်အထက်တန်းတာဝန်ရှိသူများ၏ နှစ်ပတ်လည်ဆွေးနွေးပွဲ ပေကျင်း၌ ကျင်းပမည်

**ပေကျင်း ဇွန် ၅**
တရုတ်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်ပတ်လည် အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်အဆင့် ဆွေးနွေးပွဲကို မြို့တော်ပေကျင်း၌ ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အဆင့်မြင့် ပုဂ္ဂိုလ်အဆင့် ပြည်သူမှ ပြည်သူသို့ အပြန်အလှန် ဖလှယ်ရေးအစီအစဉ်များ အကောင်အထည်ဖော်ရေးဆိုင်ရာ သတ္တမအကြိမ် ဆွေးနွေးပွဲနှင့်အပြိုင် ကျင်းပမည့် အဋ္ဌမအကြိမ် မဟာဗျူဟာနှင့် စီးပွားရေး ဆွေးနွေးပွဲသည် နှစ်နိုင်ငံစလုံးအတွက် အရေးပါသော နှစ်တစ်နှစ်ဖြစ်သည့် ၂၀၁၆ ခုနှစ်၏ ထူးခြားသော ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။ ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၏ သမ္မတ ရွေးကောက်ပွဲ ကျင်းပရန် ရှိနေပြီး တရုတ်နိုင်ငံက ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသည်။

တရုတ်နှင့် အမေရိကန် ဆွေးနွေးပွဲသည် နှစ်နိုင်ငံ သမ္မတတို့ ရရှိခဲ့သော သဘောတူညီချက်များကို အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်သည်။ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ဆက်သွယ်ရေးလမ်းကြောင်း ဖွင့်လှစ်ရန်၊ နှစ်ဖက်အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်စေမည့် နည်းလမ်းများကို ရှာဖွေရန်လည်း မျှော်မှန်းသည်။


**ဆင်ဟွာ။**

# နိုင်ငံတကာမြင်ကွင်း

ရဲရင့်လင်းလက်

၂၀၁၄ ခုနှစ် ဇွန်လမှာ အဘူဘာကာ အယ်လ်ဘက်ဒါဒီဟာ အစ္စလာမ်နိုင်ငံတော် (Islamic State-IS) ထူထောင်လိုက်ပြီလို့ ကြေညာခဲ့ပါတယ်။ အစ္စလာမ်နိုင်ငံတော် (IS) ဆိုတဲ့သဘောက တမန်တော်မိုဟာမက်ကို ဆက်ခံတဲ့ အစ္စလာမ်ကမ္ဘာရဲ့ခေါင်းဆောင် ခါလီဖာ (Caliph) အုပ်ချုပ်တဲ့ နယ်မြေလို့ဆိုလိုချင်တာပါ။ ဒီလို အစ္စလာမ်နိုင်ငံတော်ထူထောင်ပြီးကတည်းက အစ္စလာမ်နိုင်ငံတော်တပ်ဖွဲ့တွေက ဆီးရီးယားနိုင်ငံနဲ့ အီရတ်နိုင်ငံမှာရှိတဲ့ မြို့၊ ရွာ၊ နယ်မြေတွေကို ဆက်တိုက်ဆိုသလို သိမ်းယူခဲ့ပြီး ကမ္ဘာတစ်ဝန်းက ဘာသာရေးစစ်သွေးကြွတွေကိုလည်း စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပါတယ်။ ဒီလို ကျယ်ပြန့်လာတဲ့ အင်အားအာဏာကို လက်ကိုင်ပြုပြီး အစ္စလာမ်ဘာသာအပေါ် အစ္စလာမ်နိုင်ငံတော် (IS)က လိုသလိုပုံသွင်းထားတဲ့ အစွန်းရောက်အယူအဆအပေါ် ဆန့်ကျင်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်တိုက်ခိုက်ခဲ့ပါတယ်။ အခုဆိုရင် အစ္စလာမ်နိုင်ငံတော်(IS) ထူထောင်တာတစ်နှစ်ခွဲ ကျော်သွားပါပြီ။ ဒီတစ်နှစ်ခွဲကာလအတွင်း အစ္စလာမ်နိုင်ငံတော် (IS)ဟာ ချုပ်ကိုင်ထားတဲ့ နယ်မြေအများအပြား စွန့်လွှတ်ခဲ့ရပေမယ့် ရှင်သန်လှုပ်ရှားနိုင်တဲ့ အနေအထားမှာတော့ ရှိနေပါသေးတယ်။ ဒီလိုရှင်သန်လှုပ်ရှားနိုင်ရခြင်းရဲ့ အဓိကအကြောင်းရင်းဟာ အစ္စလာမ်နိုင်ငံတော် (IS)ရဲ့ ဘဏ္ဍာငွေစုစည်းနိုင်မှုကြောင့်ပါ။ အစ္စလာမ်နိုင်ငံတော် (IS) ဟာ ကမ္ဘာပေါ်မှာ ဘဏ္ဍာငွေကြေး အတောင့်တင်းဆုံး အကြမ်းဖက်အဖွဲ့အစည်းပါ။

ကမ္ဘာ့ပြည်သူအများစုက အစ္စလာမ်နိုင်ငံတော် (IS) ကို နိုင်ငံတော်လို့ သုံးနှုန်းတာကို ဝေဖန်ရှုတ်ချကြပေမယ့် အစ္စလာမ်နိုင်ငံတော် (IS) ရဲ့ ဘဏ္ဍာငွေစုစည်းမှုဟာ နိုင်ငံတစ်ခုရဲ့ ဆောင်ရွက်ပုံနဲ့ ဆင်တူယိုးမှားပါပဲ။ အယ်လ်ခိုင်ဒါလို အခြားအစွန်းရောက် အကြမ်းဖက်အဖွဲ့တွေက ကောက်ခံရရှိတဲ့ အလှူငွေအပေါ် ရပ်တည်လှုပ်ရှားနေကြတာပါ။ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဘဏ္ဍာငွေစုစည်းတဲ့လုပ်ရပ်တွေကို ကြည့်မယ်ဆိုရင်သူတို့ ထိန်းချုပ်ရာ ဒေသတွေမှာရှိတဲ့ ရေနံလုပ်ငန်းတွေကနေ ဘဏ္ဍာငွေကြေးတွေကို ရရှိပါတယ်။ အခွန်ငွေတွေကို ကောက်ယူတယ်။ ပိုင်ဆိုင်မှုတွေကို သိမ်းယူတယ်။ သိမ်းပိုက်ယူခဲ့တဲ့ သီးနှံသိုလှောင်ရုံတွေ၊ ဘဏ်တွေနဲ့ ရေနံလှောင်ကန်တွေကလည်း အစ္စလာမ်နိုင်ငံတော် (IS) အတွက် အရေးကြီးတဲ့ ဘဏ္ဍာရင်းမြစ်တွေပါ။ အစ္စလာမ်နိုင်ငံတော်(IS) တပ်ဖွဲ့တွေ ရေနံတွင်းတွေနဲ့ ရေနံလှောင်ကန်တွေ များများစားစားရှိနေတာကလည်း အစ္စလာမ်နိုင်ငံတော်(IS)အတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်နေပါတယ်။ ရေနံတွင်းတွေ၊ ရေနံသိုလှောင်ကန်တွေကို ထိန်းချုပ်ထားနိုင်တဲ့အတွက် အစ္စလာမ်နိုင်ငံတော် လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ လောင်စာဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ ပူစရာမလိုတော့ပါဘူး။ စစ်ဆင်ရေးတွေကို လိုသလိုစိတ်တိုင်းကျ ဆင်နွှဲနိုင်တဲ့အနေအထားမျိုးကို ရရှိလာပါတယ်။ ပြောရရင် စစ်ဆင်ရေးတွေအတွက်သာ မဟုတ်ပါဘူး။ အစ္စလာမ်နိုင်ငံတော်(IS)ထိန်းချုပ်ရာ နယ်မြေအတွင်းက ပြည်သူတွေရဲ့ လောင်စာဆီလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ပါတယ်။ အစ္စလာမ်နိုင်ငံတော်အနေနဲ့ ကမ္ဘာ့ဈေးကွက်ကို ရေနံတွေမတင်ပို့နိုင်လည်း အရေးမကြီးပါဘူး။ နယ်စပ်ကိုဖြတ်ကျော်ပြီး တူရကီနိုင်ငံ မှောင်ခိုဈေးကွက်မှာ ရောင်းချနိုင်ပါတယ်။ အခြေအနေပေးတယ်၊ ဈေးကောင်းရတယ်ဆိုရင် ရန်သူတော်ဆီးရီးယားသမ္မတ အာဆတ်ရဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေကိုတောင် ရေနံရောင်းပါတယ်။



Source: Institute for the Study of War

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ခန့်မှန်းတွက်ချက်မှုအရ ရေနံတွင်းနဲ့ ရေနံသိုလှောင်ကန်တွေအပေါ် အမေရိကန်နိုင်ငံက လေကြောင်းစစ်ဆင်ရေးတွေ စတင်ခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာလမတိုင်ခင်အထိ အစ္စလာမ်နိုင်ငံတော်(IS)ဟာ ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍကနေ နှစ်စဉ်ဒေါ်လာသန်း ၅၀၀ လောက် ရရှိခဲ့ပါတယ်။

အမေရိကန်နိုင်ငံဘဏ္ဍာရေးဌာနက ရရှိထားတဲ့ သတင်းအချက်အလက်တွေအရ အစ္စလာမ်နိုင်ငံတော်(IS)က နှစ်စဉ်ဒေါ်လာသန်းနဲ့ချီပြီး ရနေတဲ့တခြားရင်းမြစ်တွေလည်းရှိနေပါတယ်။ အစ္စလာမ်နိုင်ငံတော်ဟာ သိမ်းပိုက်နယ်မြေအတွင်းက ဘဏ္ဍာရေးလုပ်ငန်းတွေ၊ စီးပွားရေးလုပ်ငန်းတွေဆီကလည်း အကျိုးအမြတ်တွေရပါတယ်။ စီးပွားရေးလုပ်ငန်းတွေနဲ့ ပြည်သူတွေဆီကနေ အခွန်အကောက်ရရှိပါတယ်။ ထိန်းချုပ်နယ်မြေအတွင်း ဖြစ်လေ့ဖြစ်ထရှိတဲ့ မတန်တဆဈေးနှုန်းတွေကလည်း အစ္စလာမ်နိုင်ငံတော်(IS)ကို ပိုအကျိုးအမြတ်များစေပါတယ်။ ရှေးဟောင်းပစ္စည်းတွေ တူးဖော်ရောင်းချခွင့်ပါမစ်တွေ ထုတ်ရောင်းတယ်။ သူတို့ထိန်းချုပ်နယ်မြေတွေကို ဖြတ်သန်းရတဲ့ စီးပွားရေးလုပ်ငန်းတွေဆီကနေ ဖြတ်သန်းခ ကောက်ခံတယ်။ သူတို့ထိန်းချုပ်နယ်မြေအတွင်းမှာ နေထိုင်ကြတဲ့ အီရတ်အစိုးရဝန်ထမ်းတွေရဲ့ လစာထဲကနေ အခွန်သဘောမျိုးဖြတ်တောက်ရယူပါတယ်။ အီရတ်အစိုးရဝန်ထမ်းတွေဟာ ၂၀၁၅ ခုနှစ် ဩဂုတ်လအထိ လစာတွေ ရနေပါသေးတယ်။ အီရတ်အစိုးရဟာ တစ်လကို ဒေါ်လာသန်း ၁၇၀ လောက် ဝန်ထမ်းလစာအတွက် ထုတ်ပေးရပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ ခန့်မှန်းတွက်ချက်မှုအရ အစ္စလာမ်နိုင်ငံတော်ဟာ ပြန်ပေးဆွဲငွေညှစ်တဲ့လုပ်ငန်းကနေ ၂၀၁၄ ခုနှစ်မှာ ဒေါ်လာ ၄၅ သန်းလောက်ဝင်ငွေ ရရှိခဲ့ပါတယ်။

စာရင်းအချက်အလက်တိတိကျကျရဖို့ မလွယ်ပေမယ့် ရရှိထားတဲ့အချက်အလက်တွေအရ အစ္စလာမ်နိုင်ငံတော် (IS) ရဲ့ ဘဏ္ဍာငွေအတောင့်တင်းဆုံးဖြစ်တဲ့ ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှာ ဘတ်ဂျက်အသုံးစရိတ်အပြင် အစ္စလာမ်နိုင်ငံတော်(IS) လက်ထဲမှာရှိနေတဲ့ အပိုအလျှံဘဏ္ဍာငွေပမာဏက ဒေါ်လာသန်း၂၅၀ လောက်ရှိပါတယ်။ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဘတ်ဂျက်က ဒေါ်လာနှစ်ဘီလီယံလောက်ရှိလို့ ပေါ့သေးသေးပမာဏမဟုတ်ပါဘူး။ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဘတ်ဂျက်မှာ လူထုထောက်ပံ့ရေးအစီအစဉ်တွေ အများကြီးပါပါတယ်။ ဆင်းရဲမွဲတေမှု ထောက်ပံ့ငွေ၊ မသန်မစွမ်းထောက်ပံ့ငွေ၊ မိဘမဲ့ကလေးများ ထောက်ပံ့ငွေ၊ အမေရိကန်လေကြောင်းစစ်ဆင်ရေးတွေကြောင့် သေဆုံးခဲ့တဲ့သူတွေရဲ့ ဇနီးနဲ့ ကျန်ရစ်သူမိသားစုတွေအတွက် ထောက်ပံ့ငွေတွေ စတဲ့ စတဲ့ လူထုထောက်ပံ့ရေးအစီအစဉ်တွေရဲ့ အသုံးစရိတ်ဟာ အစ္စလာမ်နိုင်ငံတော် (IS)ရဲ့ ဘတ်ဂျက်ခွဲဝေမှုကနေ ရတာပါ။ အီရတ်အစိုးရကလည်း အစ္စလာမ်နိုင်ငံတော် (IS)ရဲ့ သိမ်းပိုက်ထိန်းချုပ်မှုအောက်မှာ လက်ရှိရောက်နေတဲ့ နယ်မြေတွေအတွက် ဒီလိုသိမ်းပိုက်ထိန်းချုပ်မှု မလုပ်သေးခင်မှာ ဘတ်ဂျက်ငွေ နှစ်ဘီလီယံကျော် လျာထားသတ်မှတ်ခဲ့တာပါ။

အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဘဏ္ဍာငွေသုံးစွဲမှုကို လေ့လာကြည့်ရင် စစ်ဆင်ရေးအသုံးစရိတ်က ပမာဏအများဆုံးပါ။ စစ်မျက်နှာမျိုးစုံကို ရင်ဆိုင်နေရတဲ့အတွက် စစ်ဆင်ရေးစရိတ်လျှော့ချဖို့က မဖြစ်နိုင်ပါဘူး။ အစ္စလာမ်နိုင်ငံတော်တပ်ဖွဲ့ဝင်တွေအတွက်လည်း လစာရိက္ခာ ထုတ်ပေးရပါတယ်။ လနဲ့ချီတိုက်ပွဲဝင်ပြီး မအောင်မြင်ခဲ့တဲ့ ကိုဘာနီမြို့သိမ်းစစ်ဆင်ရေးဟာ ဘဏ္ဍာငွေကို ဒလဟောစီးဆင်းအောင်ဖန်တီးခဲ့တဲ့ စစ်ဆင်ရေးတွေပါ။ ရေနံတွင်းတွေ၊ ရေနံချက်စက်ရုံတွေနဲ့ ရေနံသိုလှောင်ကန်တွေအတွက် လိုအပ်တဲ့စက်ပစ္စည်းကိရိယာတွေ ဝယ်ယူရတာ၊ ကျွမ်းကျင်သူတွေ ငှားရမ်းရတာ စတဲ့ အသုံးစရိတ်တွေကလည်း မနည်းပါဘူး။ သုံးသပ်ကြည့်မယ်ဆိုရင် အစ္စလာမ်နိုင်ငံတော်(IS)ဟာ ဘဏ္ဍာရေးအရ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်နိုင်အောင် ရည်ရွယ်ပြီး စနစ်တကျ အကွက်ချဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ ဒါပေမယ့် အစ္စလာမ်နိုင်ငံတော်ရဲ့ ဘတ်ဂျက်လျာထားသုံးစွဲပုံက ကိုယ့်ဦးတည်ချက်ပန်းတိုင်ကို ကိုယ်တိုင်ပြန်ဖျက်ဆီးတဲ့ သဘောမျိုးဖြစ်နေပါတယ်။ ဒီလိုအားနည်းချက်တွေ ဘယ်လိုပဲရှိရှိ အစ္စလာမ်နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရင်းအမြစ်ဟာ နိုင်ငံတကာအသိုက်အဝန်းအတွက် စိုးရိမ်စရာဖြစ်လာပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ချမှတ်ခဲ့တဲ့ဆုံးဖြတ်ချက်အမှတ် UNSCR 2253 အပါအဝင် ဆုံးဖြတ်ချက်အတော်များများကို အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဘဏ္ဍာငွေအရင်းအမြစ်ကိစ္စကို တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ဦးတည်ပြီးချမှတ်ခဲ့ပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံ၊ အီတလီနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ ဦးဆောင်ပြီး စုစည်းထားတဲ့ အဖွဲ့ဝင်နိုင်ငံ ၃၀ ကျော်ပါတဲ့အဖွဲ့ဟာ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ဘဏ္ဍာရင်းမြစ်လမ်းကြောင်းတွေ ဟန့်တားပိတ်ဆို့သလို ကန့်သတ်နိုင်ဖို့ကိုပါ ဦးတည်ပြီး စုပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အစ္စလာမ်နိုင်ငံတော်(IS) က နိုင်ငံတကာဘဏ္ဍာရေးစနစ်အပေါ် အမြတ်ထုတ်အသုံးမချနိုင်အောင် ရည်ရွယ်ပြီး နိုင်ငံတကာဘဏ္ဍာရေးအထူးအဖွဲ့ (Financial Action Task Force) ရဲ့ အကူအညီကိုရယူပြီး ကမ္ဘာတစ်ဝန်းက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေက ပူးပေါင်းဆောင်ရွက်လာဖို့ဆောင်ရွက်ခဲ့ပါတယ်။

ကမ္ဘာတစ်ဝန်းက တက်ညီလက်ညီပူးပေါင်းဆောင်ရွက်နေပြီဆိုတော့ အစ္စလာမ်နိုင်ငံတော် (IS) ရဲ့လက်ရှိဘဏ္ဍာရေးအခြေအနေက ဘယ်လိုဖြစ်သွားပြီလဲ ကြည့်ရအောင်ပါ။ နယ်မြေတွေကို သိမ်းပိုက်ပြီး ရိက္ခာဂိုဒေါင်တွေ၊ ဘဏ်တွေနဲ့ ကျန်ရေနံသိုလှောင်ကန်လို ဘဏ္ဍာရင်းမြစ်တွေ ချုပ်ကိုင်နိုင်ခဲ့တဲ့ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ စစ်ရေးအောင်ပွဲတွေဟာ အတိတ်မှာပဲ ကျန်ခဲ့ပါပြီ။ ဆိုလိုတာက အစ္စလာမ်နိုင်ငံတော်(IS) ရဲ့ဘဏ္ဍာရင်းမြစ်တွေဟာ အတော်ကြီးကို ထိခိုက်ပွန်းပဲ့နေပါပြီ။ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့အလံကို အမြင့်မားဆုံးလွှင့်ထူနိုင်ခဲ့တဲ့ အချိန်နဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် အစ္စလာမ်နိုင်ငံတော်က ထိန်းချုပ်ထားတဲ့နယ်မြေဟာ အီရတ်နိုင်ငံမှာ ၄၀ ရာခိုင်နှုန်း လက်လွှတ်ခဲ့ရသလို ဆီးရီးယားနိုင်ငံမှာ ၂၀ ရာခိုင်နှုန်းဆုံးရှုံးခဲ့ရပါတယ်။ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဘဏ္ဍာရင်းမြစ်ကို ထိန်းချုပ်နိုင်ဖို့ ညှိနှိုင်းစုပေါင်းဆောင်ရွက်ခဲ့တဲ့ လုပ်ဆောင်ချက်တွေကို ကြည့်ရအောင်ပါ။ အမေရိကန်ဦးဆောင်တဲ့ မဟာမိတ်လေကြောင်းတပ်ဖွဲ့တွေက အစ္စလာမ်နိုင်ငံတော်(IS)ထိန်းချုပ်ရာနယ်မြေမှာရှိတဲ့ ရေနံချက်စက်ရုံတွေ၊ ရေနံသိုလှောင်ကန်တွေနဲ့ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံတွေကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့သလို ဒေါ်လာငွေတွေ သန်းနဲ့ချီသိမ်းဆည်းထားတဲ့နေရာတွေကိုပါ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပါတယ်။ အစ္စလာမ်နိုင်ငံတော် (IS) ထိန်းချုပ်ရာ နယ်မြေထဲမှာရှိတဲ့ အစိုးရဝန်ထမ်းတွေကို အီရတ်အစိုးရက လစာတွေမပေးတော့ဘဲ ဖြတ်တောက်ခဲ့ပါတယ်။ အစ္စလာမ်နိုင်ငံတော်(IS)ရဲ့ ဆက်စပ်လုပ်ကိုင်နေတဲ့ စီးပွားရေးသမားတွေအပေါ် ကမ္ဘာ့ကုလသမဂ္ဂက ပိတ်ဆို့ဟန့်တားမှုတွေ ချမှတ်ခဲ့ပါတယ်။ အစ္စလာမ်နိုင်ငံတော်(IS)ထိန်းချုပ်ရာ နယ်မြေမှာရှိတဲ့ ဘဏ်တွေနဲ့ ငွေကြေးလဲလှယ်ပေးတဲ့လုပ်ငန်းတွေကို နိုင်ငံတကာဘဏ္ဍာရေးစနစ်နဲ့ ချိတ်ဆက်လို့မရအောင် အီရတ်နိုင်ငံဗဟိုဘဏ်နဲ့ နိုင်ငံတကာဘဏ္ဍာရေးလုပ်ငန်းတွေဟာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင် အစ္စလာမ်နိုင်ငံတော် (IS)ရဲ့ ဘဏ္ဍာအရင်းအမြစ်ကို ဖြတ်တောက်နိုင်ဖို့ ကမ္ဘာတစ်ဝန်း လက်တွဲညီညီဆောင်ရွက်ခဲ့တာကို တွေ့ရမှာပါ။ ဒီလို လက်တွဲညီညီဆောင်ရွက်ခဲ့မှုရဲ့ရလဒ်လို့ပဲ ပြောရမှာပါ။ မကြာခင်က အစ္စလာမ်နိုင်ငံတော်ဟာ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ လစာကို ၅၀ ရာခိုင်နှုန်းအထိဖြတ်တောက်မယ်ဆိုတဲ့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီကြေညာချက်ဟာ အစွန်းရောက် အကြမ်းဖက်သမားတွေအတွက် ငှက်ဆိုးထိုးသံလို နားခါးစရာဖြစ်ပေမယ့် ကမ္ဘာ့ပြည်သူတစ်ရပ်လုံးအတွက်ကတော့ မင်္ဂလာသတင်းကောင်းပါ။

**✻ ကျောဖုံးမှ**

ခြေတံကောက်ကွေးကို ထိကာလဲကျပြီး ဆက်လက်မယှဉ်ပြိုင်နိုင်တော့သဖြင့် ဒုတိယအချီမှာပင် သပြေညိုကို အလဲထိုးအနိုင်ရလိုက်သည့်အတွက် မကြာခင်က မွန်ပြည်နယ်၌ ကျင်းပခဲ့သောပွဲစဉ်တွင် ထိုင်းပြိုင်ဘက်ကို သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည့် ဖျံသွေးအတွက် ယခုသပြေညိုကို အနိုင်ရလိုက်ရာ ပရိသတ်အားပေးချီးမြှင့်မှုများရခဲ့သလို အောင်မြင်မှုလှေကားထစ်တစ်ခုလည်း ဖြစ်ခဲ့သည်။ ဒုတိယ အထူးစိန်ခေါ်ပွဲဖြစ်သည့် စောဂေါ်မူဒို(သတ္တိ)နှင့် သွေးသစ်အောင် (နဂါးနီ)တို့တွဲဆိုင်း လက်ရည်မမျှသဖြင့် ဒုတိယအချီမှာပင် စောဂေါ်မူဒို အနိုင်ရခဲ့သည်။

နက္ခတ်အောင်(တောင်ကလေး)နှင့် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)တို့ တွဲဆိုင်း ပထမအချီမှာပင် နက္ခတ်အောင်ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သလို ထွန်းလွင်မိုး(နဂါးမာန်)နှင့် စောရာဇာ(ရွှေမိုးထိငြိမ်းချမ်းရေး)တို့ ပွဲစဉ်တွင်လည်း ထွန်းလွင်မိုးက စောရာဇာကို ဘယ်ညာလက်သီးများ တရစပ်ပစ်သွင်းပြီး ဒုတိယအချီမှာပင် ပွဲသိမ်းပေးနိုင်ခဲ့သည်။ ရဲသွေးနီ(တောင်ကလေး)နှင့် မိုးဟိန်း (ဘိလပ်မြေစက်ရုံ)တို့ တွဲဆိုင်းပွဲချိပြည့်ယှဉ်ပြိုင်သော်လည်း အနိုင်၊ အရှုံး မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ရွှေရာမာန်(ရွှေဒေါ်ပုံ)နှင့် ဘိုစိုးအောင်(ဗမာ့သွေး)ပွဲစဉ်တွင် ရွှေရာမာန် ကန်ချက်ပါဝါအားကောင်းသလို ဘိုစိုးအောင်က သွေးအေး၍ ဟာကွက်စောင့်ထိုးသည်။ ဒုတိယအချီတွင် ရွှေရာမာန် ညာထောက်လက်သီး ဘိုစိုးအောင် မေးရိုးထိပြီး အနားတောင်းလိုက်ရသည်။ အနားတောင်းပြီး ပြန်အတည်တွင်လည်း ရွှေရာမာန်၏ အမှတ်မထင် ပါဝါပြင်းသည့်ဖြောင့်လက်သီးတစ်ချက် ဘိုစိုးအောင်မျက်နှာထိလဲကျကာ ပြန်မထနိုင်တော့၍ ရွှေရာမာန်ကို ဒုတိယအချီမှာပင် အရှုံးပေးလိုက်ရသည်။

ဒေါင်းသည်းခြေ(အောင်မြန်မာ)နှင့် ကြယ်စင်ထူး (ဘိလပ်မြေစက်ရုံ)တို့ပွဲစဉ်တွင် နောက်ဆုံးအချီထိ ကြယ်စင်ထူး လက်ရည်အသာဖြင့် ယှဉ်ပြိုင်ရသော်လည်း သရေကျခဲ့သည်။ ရှမ်းကို (T&T)နှင့် စောမင်းအောင် (တောင်ကလေး) တို့ပွဲတွင် တတိယအချီမှာပင် စောမင်းအောင်အနိုင်ရခဲ့သည်။

လေးချီစိန်ခေါ်ပွဲအဖြစ် ရွှေဖားစည်(ဘိလပ်မြေစက်ရုံ)နှင့် စွမ်းထက်နိုင် (ဗမာ့သွေး) တို့ ပွဲချိပြည့်ယှဉ်ပြိုင်သော်လည်း အနိုင်၊ အရှုံးမပေါ်ဘဲ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ စည်သူအောင် (ရွှေမိုးထိငြိမ်းချမ်းရေး)နှင့် မင်းထက်အောင် (တို့ရိုးရာ)တို့ ပွဲစဉ်ပထမအချီမှာပင် မင်းထက်အောင်၏ တံတောင်နှင့် ဒူးတိုက်ချက်အရှိုက်ထိလဲကျပြီး ဆက်လက်မယှဉ်နိုင်တော့သဖြင့် မင်းထက်အောင် အနိုင်ရခဲ့သည်။

# တိမ်တွေနေတဲ့အရပ် တောင်ဇလပ်တွေပွင့်တဲ့ဌာနီ ချင်းတောင်တန်းများဆီသို့

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)



တောင်စဉ်၊တောင်တံတိုင်း၊ တောင်စွယ်အဆင့်ဆင့်တွေ မိုးထိမြင့်မားသွယ်တန်းတည်ရှိနေတဲ့ "ချင်းတို့ဌာနီ"ကို ကျွန်မတို့ရောက်ခဲ့ပါပြီ။ တောင်ဇလပ်တွေတဝေဝေ၊ ချယ်ရီတွေတမြိုင်မြိုင်၊ ထင်းရှူးတောတွေ အထပ်ထပ်နဲ့ လွမ်းမောဖွယ်ရာလှပနေတဲ့ ချင်းတောင်တန်းတွေက ကျွန်မတို့အားလုံးရဲ့ရင်ကို ကြည်နူးချမ်းမြေ့စေရတယ်။

"တီးတိန်" ကိုသွားမယ်ဆိုတော့ ပူပန်မှုတွေက ကျွန်မတို့အားလုံးရင်မှာ တိတ်တခိုးရှိနေခဲ့ကြတယ်။ "ရွှန်နု"မုန်တိုင်းက ချင်းပြည်နယ်နဲ့ ရခိုင်ပြည်နယ်တွေကို အဓိကဝင်ရောက်နိုင်တယ်ဆိုတဲ့ မိုးလေဝသသတိပေး ကြေညာချက်တွေနဲ့အတူ ဖလမ်းမြို့မှာ မြေပြိုနေတဲ့ပုံ၊ ကလေး-တီးတိန်ကားလမ်းမှာ မိုးရွာ၊ရေများနေတဲ့ပုံတွေက လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တရိပ်ရိပ်ပေါ်လာကြတယ်။ ဒါပေမယ့် မေ ၂၃ ရက်မှာ ရန်ကုန်-ကလေး-တီးတိန် ခရီးစဉ်သွားကြဖို့ လွန်ခဲ့တဲ့တစ်လကတည်းက လေယာဉ်ကိစ္စ၊ ကားကိစ္စတွေ ကြိုတင်စီစဉ်ထားပြီးဖြစ်သလို ချင်းတိုင်းရင်းသားတွေရှိရာအရပ်ကို ကျွန်မတို့ တတ်တဲ့ပညာလုပ်အားနဲ့ အလင်းအလှူပေးကြဖို့ တီးတိန်မှာ ကြေညာထားပြီးဖြစ်နေတယ်။ ဒါကြောင့် ကျွန်မတို့အဖွဲ့ဟာ ၂၃ရက်နေ့မှာပဲ တီးတိန်မြို့လေးဆီကို ရဲရဲကြီးထွက်ခွာခဲ့ကြတယ်။

**အလှူရှင်၊ ပညာရှင်၊စေတနာရှင် လက်တွဲညီညီ ခရီးနှင်ပြီ**

ကျွန်မတို့အဖွဲ့မှာ ပင်မအလှူရှင်ဖြစ်တဲ့ ဦးအောင်မျိုးမင်း+ဒေါ်စန်းစန်းမြင့်နဲ့အတူ ဦးအောင်လှိုင်ဦး+ဒေါ်ခင်နွယ်မာထွန်း (MCM ကုမ္ပဏီ)၊ ဒေါ်သီတာစိန်၊ ဒေါ်နန်းကြည်အောင်၊ ဒေါ်မြမြဝင်း၊ ဒေါ်ခင်မျိုးသန့် တို့လိုက်ပါလာခဲ့ကြတယ်။ မျက်စိအထူးကုအဖွဲ့မှာတော့ ဒေါက်တာခင်အုန်းမြင့်၊ ဒေါက်တာဥမ္မာရီ၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာသိဂီဝင်းနဲ့ ကျွန်မရဲ့ အနောက်ပိုင်းဆေးရုံ မျက်စိဌာနဝန်ထမ်းတွေနဲ့ MRTV-4 အဖွဲ့ရယ် လိုက်ပါလာခဲ့ကြတယ်။ ချင်းပြည်နယ်ရာသီဥတုအခြေအနေက ၂၀၊ ၂၁ ရက်နေ့အထိ မတည်ငြိမ်သေးပါ။ မိုးကတဖွဲဖွဲကျနေတယ်။

တချို့နေရာ မြေပြိုတယ်။ ဒါပေမယ့် မြေတူးစက်တွေ အသင့်စောင့်နေကြပြီး ချက်ချင်းမြေဖို့၊ မြေညှိလမ်းရှင်းလုပ်ပေး နေကြတယ်စသဖြင့် အလှူရှင်ဖြစ်တဲ့ ဦးအောင်မျိုးမင်းထံကို ကလေး-တီးတိန်မှ တာဝန်ရှိသူတွေက ထူးခြားဖြစ်စဉ်တွေကို အချိန်နဲ့တစ်ပြေးညီတင်ပြ၊ သတင်းပို့နေ ကြတယ်။ ၂၁ ရက် ညနေပိုင်းမှာတော့ "ရွှန်နု" က ပျက်ပြယ်သွားခဲ့တယ်။ ဒါပေမယ့် အံ့သြစရာကောင်းတာကဖြင့် လိုက်ပါကြမယ့် မျက်စိဆရာဝန်၊ ဆရာမ၊ အလှူရှင်၊ စေတနာရှင်အားလုံးဟာ ဒီရာသီဥတုနဲ့ သွားလို့မှဖြစ်ပါ့မလား၊ စိုးရိမ်ရသလား၊ အဆင်ပြေပါ့မလားဆိုတဲ့ အဖျက်စကားမျိုးတစ်ခွန်းမှ မဆိုကြတာပါ။ မဖြစ် ဖြစ်အောင်သွားကြမယ်ဆိုတဲ့ ခိုင်ကြည်တဲ့ သန္နိဋ္ဌာန်တွေနဲ့ အသက်ကိုရင်းပြီး စိတ်အားထက်သန်စွာ လိုက်လာခဲ့ကြတယ်။ ဒါကြောင့်လည်းအလှူရှင်၊ပညာရှင်၊ စေတနာရှင် လက်တွဲညီညီနဲ့ ခရီးစနိုင်ခဲ့ကြပါတော့တယ်။

**တောင်စွယ်အသွယ်သွယ် ကျော်ဖြတ်ရင်း**

ဒီလိုနဲ့ပဲ တိမ်တွေနေတဲ့အရပ်ဆီ ခရီးဆန့်ခဲ့ကြပြီ။ ၃ နာရီခွဲ ကလေးလေဆိပ်ကိုရောက်တော့ MCM ကုမ္ပဏီက ကြိုလွှတ်ထားတဲ့ ကားတွေအသင့်စောင့်နေကြပြီး မျက်စိခွဲစိတ်မယ့် မိုက်ခရိုစကုပ်တွေ၊ ခွဲခန်းသုံးပစ္စည်းတွေ၊ ဆေးဝါးတွေ၊ မျက်မှန်တွေကတော့ ၂၀ ရက်နေ့ကတည်းက MCM ကုမ္ပဏီက တာဝန်ယူပြီး ပို့နှင့်လို့ တီးတိန်ကိုရောက်နေကြပြီ။

ကလေးမြို့က စထွက်လာတော့ ရာသီဥတုက ကိုယ့်ဘက်မှာ ကြည်လင်သာယာလို့နေတယ်။ တောင်ကမ်းပါးယံတွေကို ပတ်ကာပတ်ကာ ကွေ့ဝိုက်တက်လာတဲ့အခါ ရာသီဥတုက ပြည်မနဲ့လုံးဝခြားနားသွားပြီ။ အေးစိမ့်နေတဲ့ ရာသီဥတုမှာ သာယာလွမ်းမောဖွယ် တောတောင်သဘာဝရှုခင်းတွေက မျက်တောင်တစ်ချက်ခတ်ရက်စရာမရှိဘူး။ တောင်ကမ်းပါးတွေ၊ တောင်ကြောတွေ တောင်စောင်းတွေနဲ့ သူတို့အခေါ်"မှိုင်း" လို့ခေါ်တဲ့ မြူလိုလိုနှင်းလိုလိုတွေက ထူထပ်သိပ်သည်းလာတယ်။

ကြားစခန်း "သိုင်းငင်း" ရွာကိုရောက်တော့ အချမ်းကပိုလာခဲ့ပြီး မိုင်တိုင်အမှတ်(၀) သိုင်းငင်းရွာဟာ ကလေး၊ ဖလမ်း၊ တီးတိန် သုံးပွင့်ဆိုင်မြို့တွေရဲ့ ကြားစခန်းဖြစ်တယ်။ ချင်းရိုးရာ အဖိုးတန်ဆေးမြစ်တွေ၊ အသက်ရှည်ဆေးတွေ ဝယ်လို့ရနိုင်တယ်။ တောင်တန်းသာသနာပြုဆရာတော်ကြီးကိုယ်တိုင် ဖော်စပ်သုံးစွဲခဲ့တဲ့ နာမည်ကျော် နတ်ဆေးဂမုန်းနဲ့ ဂမုန်းသံယာစဉ်ဆေးတွေကို အပြန်မှ ဝင်ဝယ်ကြရအောင်လို့ ဒေါ်သီတာစိန်နဲ့ အဖော်ညှိလိုက်တယ်။ သိုင်းငင်းက ထွက်တော့ ၆ နာရီထိုးကာနီးပြီ။ တဖြည်းဖြည်းတောင်တွေက မြင့်သထက်မြင့်လာတယ်။ တိမ်တွေကလည်း ကောင်းကင်မှာ ပုံသဏ္ဌာန်အမျိုးမျိုး ပုံဖော်နေကြတယ်။ မြင့်မားတဲ့တောင်တန်းတွေနဲ့ တိမ်စိုင်တိမ်လိပ်တွေက တောင်ထိပ်ကို တိမ်ပွေ့၊ တိမ်ကိုတောင်ထိပ်ပွေ့ဆိုသလို အချင်းချင်းပွေ့ဖက်တွယ်ရစ်နေကြတယ်။

တဖြည်းဖြည်း ကားလေးက တိမ်တွေကြားထဲကို တိုးဝင်လာခဲ့တယ်။ ချင်းတိုင်းရင်းသား ကားဆရာက ကားကို သတိထားပြီး မောင်းနေတယ်။ ကားမောင်းကျွမ်းကျင်လို့တော်သေးတယ်။ တိမ်တွေနဲ့ မှိုင်းထုကြီးက အဖြူရောင်ကန့်လန့်ကာထူထူတစ်ချပ်သဖွယ် ကာဆီးထားတယ်။ ရှေ့တူရူကို ဘာမှမမြင်ရတော့ ဆိုင်ကယ်တွေ၊ ကားတွေ မီးမထိုးဘဲ ဘွားခနဲ ပေါ်လာမလား စိတ်ပူမိတယ်။ အဲဒီအချိန်မှာ ကိုစော(ဒေါက်တာစောသွင်မွန်သိန်း) က ကားအရှေ့ခန်းကနေပြီး "အစ်မရေပါးစပ်ဟထား၊ တိမ်ညွန့်တွေစားရအောင်လို့" ဆိုပြီး ထအော်တော့ ကြောက်စိတ်တွေလျော့သွားရပြီး "ဟုတ်ပြီ၊ စားကြမယ်၊ တိမ်တွေကိုစားကြမယ်"လို့ ပြန်အော်လိုက်ကြတယ်။ ကားပေါ်မှာတော့ ဟင် . . အို . . . ဟာဆိုတဲ့ အာမေဋိတ်သံတွေနဲ့ တစ်ယောက်တစ်ခွန်း ဆူညံနေတယ်။ တောင်ပတ်လမ်းဘေးတစ်လျှောက် ကပ်ပါးပင် တွန့်တွန့်ကွေးကွေးတွေမှာ အလေ့ကျတွယ်ကပ်ပေါက်နေတဲ့ သစ်ခွတွေကဖြင့် ဖြူနီပြာဝါ၊ ခရမ်း၊ ဖက်ဖူး ရောင်စုံလို့ သိပ်လှတာပါပဲ။ နောက်ကားထဲမှာပါလာတဲ့ သစ်ခွကြိုက်တဲ့ အစ်မဒေါ်ခင်အုန်းမြင့်ရော ဒီပန်းတွေကို မြင်မှမြင်ပါ့ မလားပဲ။ ကားရပ်လို့များရရင် အစ်မကြိုက်တဲ့ သစ်ခွရောင်စုံတွေ ဆင်းခူးပေးလိုက်ချင်ရဲ့။ ဒေါက်တာ သိဂီဝင်းကတော့ ဟားခါးက ပြောင်းလာတာမကြာသေးတော့ ထူးဆန်းမယ် မထင်ဘူး။ ဒေါက်တာဥမ္မာရီနဲ့ ကျွန်မကတော့ မရောက်ဖူးတဲ့လူတွေမို့ မြင်မြင်သမျှ အံ့သြစရာချည်းဖြစ်နေတယ်။

**နတ်ပြည်အလားကွယ် . . . . ချင်းတို့နယ်**

တိမ်တွေကြားကထွက်လာပြီး မကြာခင်မှာ အမြင့်ဆုံးတောင်ဖြစ်တဲ့ ပေပေါင်း ၈၈၇၁ ပေမြင့်တဲ့ ကနေဒီတောင်ထိပ်ကို လှမ်းမြင်လိုက်ရတယ်။ ဒီတောင်ကဖြင့် ဒုတိယကမ္ဘာစစ်မှာ ကမ္ဘာ့အမြင့်ဆုံးစစ်မြေပြင်တစ်ခု၊ စစ်ဖြတ်လမ်းတစ်ခုဖြစ်ခဲ့ပြီး (Fort white) ဖို့ဝှိုက်ခံတပ်တည်ရှိခဲ့ရာ နေရာတစ်ခုဖြစ်ခဲ့တယ်။ ကနေဒီတောင်ခြေအစွန်းမှ နိမ့်လျှောဆင်းလာတဲ့နေရာအဆုံးက တိမ်တွေ အဆုပ်လိုက် အလိပ်လိုက်ထဲကို နစ်ဝင်နေကြတာက ရေခဲမြစ်တွင်း ရေသောက်ဆင်းနေသလို ပန်းချီကားတစ်ချပ်သဖွယ်ဖြစ်နေတယ်။ ဖြူလွှလွှတိမ်တွေကြားက ကနေဒီတောင်ခြေမြင်ကွင်းက မျက်နှာတစ်ချက် လွှဲရက်စရာမရှိဘူး။ တိမ်တွေကအောက်မှာ ရောက်နေကြပြီ။ ကြည့်ပါဦး။ သမီးတို့ နတ်ပြည်ရောက်နေတာများလားဆိုပြီး သမီးလေးကြေးမုံခင်၊ ဒေါက်တာထူးဟန်နီမြင့်၊ မျိုးမျိုး၊ ဉာဏ်ငိုက်ဒွန်း၊ အေးသန္တာသောင်းတို့က အော်ကြပြန်ရော။ သူတို့လေးတွေ ပျော်နေကြတယ်။ ဟုတ်တာပေါ့ကွယ်။ သမီးတို့က နတ်သမီးလေးတွေပါပဲလို့ ပြန်ပြောရင်း . . .

"တောင်ပတ်လည်ဝိုင်း၊ တောင်လှိုင်းသဖွယ်၊ တောင်ပင်လယ်သို့၊ တောင်စွယ် ချွန်းဆင့်၊ မိုးထိမြင့်မား၊ တိမ်တွန့်များဝယ်၊ နတ်ပြည်အလားကွယ်၊ ချင်းတို့နယ်ဆိုတဲ့ ယုဝတီခင်စိန်လှိုင်ရဲ့ ဝတ္ထုတစ်ပုဒ်ထဲက စာသားလေးတွေကို ရွတ်ပြနေမိတယ်။ ဒီလိုနဲ့ ကြည်နူးဆွတ်ပျံ့ဖွယ်မြင်ကွင်းတွေကိုကြည့်ရင်းနဲ့ တောင်သွယ်အကွေ့မှာမြူဖွေးဖွေး အောက်က တီးတိန်မြို့ ရှည်လျားလျားကို မြင်လိုက်ရတယ်။ ကျွန်မတို့ တီးတိန်မြေကို ခြေချလိုက်ပါပြီ။ ည ၈ နာရီခွဲမှာတော့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းရဲ့ 'ထွမ်းဝုမ်းရိပ်သာ'ကို ရောက်ရှိပြီး အိပ်စက်အနားယူခဲ့ကြတယ်။ အဲဒီညကတော့ဖြင့် မိုးတိမ်ကင်းစင်ပြီး အေးစိမ့်အောင် ချမ်းအေးတဲ့ညလေးတစ်ညပါပဲ။

**တလက်လက်တောက်ပနေသော ရေပြည့်အိုင်**

၂၄ ရက်နေ့ မနက်မှာတော့ လူနာတွေ စောင့်ဆိုင်းနေကြတဲ့ တီးတိန်ဆေးရုံကိုသွားခဲ့ကြတယ်။ ဆေးရုံက တောင်ကုန်းမြင့်မြင့်မှာရှိနေပြီး ပတ်လမ်းအကွေ့နှစ်ရစ်၊ သုံးရစ်နဲ့ ဆေးရုံအတက်တောင်ပတ်လမ်းက ကဗျာဆန်လှတယ်။ ဆေးရုံအပေါ်ကနေပြီး တစ်မြို့လုံးကိုစီးပြီး မြင်နေရတယ်။ တောင်စဉ်၊တောင်တံတိုင်းတွေကာရံထားတဲ့ မြို့လေးကို ဖြန့်ကြက်ငေးမောရင်း မြို့သမိုင်းကြောင်းကို စဉ်းစားနေမိတယ်။ တီးတိန်မြို့က ချင်းပြည်နယ်မြောက်ဘက်အစွန်း ဖလမ်းခရိုင်မှာရှိတယ်။ ရှေးယခင်က မြို့မရပ်ကွက် ဗန်ဆန်အရပ်မှာ ရေကန်ကြီးတည်ရှိခဲ့ပြီး အဝေးကကြည့်ရင် နေ့အခါ နေရောင်ခြည်ရောင်စုံအလင်းနဲ့ ညအခါ ပိုးစုန်းကြူးအလင်းရောင်တွေကြောင့် နေ့ရောညပါ တဖိတ်ဖိတ် တလက်လက် တောက်ပနေပြီး ရောင်ပြန်ဟပ်နေပုံကို မြင်ရတာ အစွဲပြုပြီး တလက်လက်တောက်ပနေသော ရေပြည့်အိုင် (တဲဒိမ်းဒိမ်း)လို့ ခေါ်ဝေါ်ခဲ့ရာက တဲဒိမ်းမှ တီးတိန် (TEDIM) လို့ အမည်တွင်ခဲ့တယ်လို့ဆိုပါတယ်။

မြို့လေးရဲ့ နံနက်ခင်းအလှကို ကြာကြာစိတ်ကူးမယဉ်လိုက်ရပါဘူး။ တီးတိန်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကျော်နိုင်ရောက်လာပြီး "အစ်မရေ လူနာတွေက ၂၇၀၀ စာရင်းရှိနေပြီ။ ဒီနေ့တော့ တီးတိန်၊ဖလမ်း၊ တွန်းဇံမြို့နယ်တွေထဲက ရွာပေါင်း ၃၁ ရွာက လူနာတွေရောက်နေပြီး၊ စကြတော့မလား"လို့ ဆိုလာတော့ လူအုပ်ကြားထဲ တိုးဝင်ပြီး လုပ်ငန်းစလိုက်ကြတယ်။ အဲဒီကနေ လူနာ ၇၀၀၊ဒုတိယနေ့မှာ ရွာ ၃၄ ရွာက လူနာ ၉၅၀၊ တတိယနေ့မှာ တီးတိန်ရပ်ကွက်တွေက လူနာ ၉၅၃ ဦး၊ နေ့အလိုက် ကြည့်ရှုပေးလိုက်တာ စုစုပေါင်း ၂၆၀၃ ဦးကို ကုသပေးနိုင်ခဲ့တယ်။ ခွဲစိတ်မှုပြုလုပ်တဲ့ လူနာ ၁၀၉ ဦး အနက်မှာ အတွင်းတိမ်က ၉၆ ဦး၊ ကျန်တာက မျက်သားတက်၊ မျက်စိခွဲ၊ မျက်တောင်မွေးစိုက် လူနာတွေဖြစ်တယ်။

ကျွန်မတို့သွားခဲ့တဲ့ အညာဒေသ၊ ရခိုင်ဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသတွေလောက် အတွင်းတိမ်မများဘူး။ ဒါပေမယ့် မျက်မှန်ပါဝါလိုတဲ့သူ၊ မျက်သားတက်၊ ထိခိုက်ဒဏ်ရာတွေက များနေတယ်။ လာပြတဲ့လူနာတိုင်းကို ဆေးဝါး၊ မျက်စဉ်း၊ အားဆေးတွေပေးတဲ့အပြင် အလှူရှင်ဦးဝင်းလွင်(ကျော်သာကုမ္ပဏီ)က လှူလိုက်တဲ့ သက်သာဆပ်ပြာထုပ်တစ်ထုပ်စီနဲ့ မသီတာရဲ့ ဝမ်ဝမ့်ပေါင်မုန့်တွေကိုပါ ဝေငှပေးတယ်။ ပင်မအလှူရှင်ဖြစ်တဲ့ ဦးအောင်မျိုးမင်းမိသားစုက ပြတဲ့လူနာ၊ လူနာစောင့်၊ လုပ်အားပေး၊ မီးသတ်၊ ကြက်ခြေနီ၊ ဆေးရုံဝန်ထမ်း၊ ဆေးရုံတက်နေတဲ့လူနာ အားလုံးကိုပါမကျန် ထမင်းကျွေးတာမို့ ထမင်းဘူးတွေပါဝေတဲ့အပြင် ချင်းရိုးရာသီးစုံပဲဟင်း၊ ဆားငရုတ်သီးထောင်းပါ ချက်ကျွေးတော့ မျက်စိလေးပြလိုက်၊ ထမင်းလေးစားလိုက်၊ လက်ဆောင်လေးတွေယူလိုက်နဲ့ အဲဒီသုံးရက်စလုံး တီးတိန်တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ကြက်ပျံမကျ စည်ကားလှုပ်ရှားလို့နေတယ်။

**ဘန်ကျင်နားနဲ့ နမူနား**

ဒီနေရာမှာ အရေးကြီးတဲ့အချက်ကို တင်ပြချင်ပါတယ်။ တီးတိန်မှာလာပြတဲ့ လူနာတွေထဲမှာ ကလေး၊လူကြီးအရွယ်စုံ ကုသလို့မရတော့တဲ့ မျက်စိဝေဒနာရှင်တွေ များတာတွေ့ခဲ့ရတယ်။ မွေးကတည်းက မမြင်တဲ့ကလေးတွေ၊ သူတို့ရဲ့ မျက်စိအာရုံကြောတွေက ဖြူဖွေး၊ ပျက်စီးနေကြတယ်။ မျက်လုံးအိမ်ရဲ့ ဘေးတိုက်တုန်ခါမှုနဲ့အတူ ဦးနှောက်နဲ့မျက်စိရဲ့ဆက်သွယ်မှု အားနည်းကြတယ်။ ဘယ်လိုမှ ကုသမှုမပေးနိုင်တဲ့ အခြေအနေမျိုး။ ရောဂါဖြစ်ရခြင်းရဲ့အကြောင်းရင်းကို ဖြေရှင်းပေးဖို့ ဘယ်သူတွေမှာ တာဝန်ရှိပါသလဲ။ ဘယ်လိုကာကွယ်ဖြေရှင်းနိုင်မလဲ၊ ကျွန်မတို့ တိုင်ပင်ကြတယ်။ နောက်ဆုံး အဖြေထွက်လာတာက အာဟာရချို့တဲ့မှုကြောင့်ဖြစ်တဲ့ မျက်စိအာရုံကြော ယိုယွင်းပျက်စီးခြင်းလို့ပဲ စဉ်းစားလို့ရခဲ့တယ်။ အသားဓာတ်၊ ဗီတာမင်ဓာတ် အစာအုပ်စုသုံးစုလုံး မပြည့်စုံခြင်းကြောင်း ဖြစ်ရတယ်။ ဒီပြဿနာကို ကျွန်မတို့အားလုံး ဝိုင်းဝန်းဖြေရှင်း၊ ကျန်းမာရေးအသိပညာများများ ပေးကြရမယ်။ ရေရှားတာရယ်၊ ရာသီဥတုအေးတာရယ်ကြောင့် မျက်နှာသစ်တာ၊ ရေချိုးတာ၊ တစ်ကိုယ်ရေသန့်ရှင်းရေးတွေက တချို့သော ရွာသူရွာသားတွေအားနည်းလှတယ်။ လာပြတဲ့ လူနာမှန်သမျှကို 'ဘန်ကျင်နား' ဘာဖြစ်တာလဲကို မေးလိုက်ရင် 'မျက်စိယားတယ်။ မျက်ဝတ်ထွက်တယ်။ မျက်စိစပ်တယ်' လို့ လူတိုင်းတစ်ပုံစံတည်း ပြန်ဖြေတယ်။ ကျွန်မတို့လည်း ပါလာသမျှ ဆေးဝါးပစ္စည်းတွေအားလုံး ကုန်သည်အထိ ကုသပေးကြတယ်။ ခွဲစိတ်ပြီးတဲ့လူတွေကို ရှောင်ရန်၊ ဆောင်ရန်တွေပြောရင်း ကျန်းမာရေးအသိပညာပေးတာကိုပါ ချင်း၊ မြန်မာ နှစ်ဘာသာနဲ့ သုံးရက်စလုံး သေချာရှင်းပြခဲ့တယ်။

ကျွန်မတို့ခရီးစဉ်ဟာ ရာနှုန်းပြည့်အောင်မြင် ပြီးမြောက်ခဲ့တယ်။ သူတို့က ပြောကြတယ်။ နတ်ဘုရားတွေကများ စေလွှတ်လိုက်တာလား။ အစာလည်းကျွေး၊ ဆေးလည်းပေး၊ တစ်သက်မှာ တစ်ခါပဲ ကြုံဖူးတဲ့ပွဲပါလို့ဆိုကြတယ်။ ဘာသာစကားအခက်အခဲကို ဆေးရုံဝန်ထမ်းတွေ၊ မီးသတ်၊ ကြက်ခြေနီ၊ ပရဟိတလူငယ်တွေ၊ AGအသင်းတော်က လူငယ်အဖွဲ့တွေက ကူညီပေးကြတယ်။ သူတို့လေးတွေလည်း တက်ကြွပျော်ရွှင်နေကြတယ်။ ကျွန်မတို့အဖွဲ့သားတွေတောင် ဘန်ကျင်နား (ဘာဖြစ်တာလဲ)၊ နမူနား(မြင်လား)အပေါ်ကြည့်၊ အောက်ကြည့် အတိုအဲန်း၊ အမ်နွမ်းအဲန်းတွေ ပြောတတ်နေပြီ။ ညီမနန်းကြည်အောင်ကတောင် ကျွန်မကိုတွေ့တာနဲ့ အမရေ "နမူနား"တဲ့။

**လုံဒမ်မမ**

ဒီခရီးစဉ်ကြီး အဘက်ဘက်က အောင်မြင်ခဲ့ရတဲ့အတွက် ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးစကားဆိုချင်ပါတယ်။ ပင်မအလှူရှင်တွေဖြစ်တဲ့ ဦးအောင်မျိုးမင်းမိသားစု၊ ဦးအောင်လှိုင်ဦး၊ ဦးဝင်းလွင်၊ ဦးကိုကိုအောင်နဲ့ အခြားအလှူရှင်များ၊ ပါရမီဖြည့်ဘက် ညီအစ်မများ၊ တီးတိန်ဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းများ၊ ထွေအုပ်ကြီး ဦးဂိုစွင်းခိုင်နှင့် ထွမ်းဝုမ်းရိပ်သာဝန်ထမ်းများ၊ AG အသင်းတော်မှ လူငယ်များ၊ ထမင်းဟင်းချက်ပြုတ်ကူညီကျွေးမွေးပေးတဲ့ ရှလွန်မ် (Shalom) လူမှုရေးအဖွဲ့မှ လူငယ်များ၊ လုံဒမ်မမပါ။ ဒါ့အပြင် ဒေါက်တာလွှင်လွှင်ဦးလှိုင် (ဒုညွှန်မှူး/ကုသ) ဒေါက်တာဒေါ်စန်းလှ (ရန်ကုန်အနောက်ပိုင်းဆေးရုံအုပ်ကြီး)နဲ့ ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း လုံဒမ်မမပါလို့ ဒီနေရာကနေ ပြောပါရစေ။

**နှုတ်ဆက်ခဲ့သည် ချင်းဌာနီ**

၂၆ ရက်နေ့ ညနေမှာ အားလုံးပြီးစီးအောင်မြင်ခဲ့ပြီမို့ တီးတိန်မြို့မှာရှိတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းကို သွားပြီး ဆရာတော်ကို ဖူးမြော်ကြည်ညိုလှူဒါန်းခဲ့ကြတယ်။

စာမျက်နှာ ၇ သို့ ❑

# ယဉ်ကျေးမှုဌာနသို့ ရက် ၁၀၀ အကြံပြုလွှာ (၂)

**ပန်းချီလှတင်ထွန်း**

ယဉ်ကျေးမှုဌာနသို့ ရက် ၁၀၀ အကြံပြုလွှာ (၂)ကို ရေးနေစဉ် ဇွန် ၃ ရက်ထုတ်နေ့ ကြေးမုံသတင်းစာ၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ဇွန် ၂ ရက်နေ့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ဝန်ကြီးဌာနတစ်ခုတည်းဖြစ်ပြီဖြစ်သဖြင့် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဆောင်ရွက်ကြရန်၊ ဌာနတစ်ခု၏ လိုအပ်ချက်ကို အခြားဌာနတစ်ခုက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြရန်၊ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ်မှာကြားသွားသည်ဟု သိရပါသည်။ တက္ကသိုလ်သင်ကြားရေး ဌာနများရှိ လက်တွေ့သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုသည်ဟု သိရပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်(ရန်ကုန်)သို့ သွားရောက်ပြီး ရန်ကုန်ဌာနခွဲ အနုပညာဦးစီးဌာန(ထုတ်လုပ်)ဌာနခွဲ၊ (ဇာတ်ရုံ)ဌာနခွဲ၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)နှင့် သမိုင်းသုတေသန(ရန်ကုန်)တို့မှ အရာထမ်းအမှုထမ်းများအား တွေ့ဆုံကြောင်းသိရပါသည်။ ဝန်ကြီးတွေ့ဆုံခဲ့သောဌာနများအနက် ဦးစွာ အနုပညာအထက်တန်းကျောင်း (ရန်ကုန်)နှင့် အနုပညာအထက်တန်းကျောင်း(မန္တလေး)ကျောင်း လေးကျောင်းနှင့် ပတ်သက်၍ ပထမရက် ၁၀၀ အတွင်း ပြုပြင်ဆောင်ရွက်နိုင်မည့်ကိစ္စအချို့ကို အကြံပြုတင်ပြလိုပါသည်။ အနုပညာဦးစီးဌာန သု/လေ့ဌာနခွဲအောက်တွင် အနုပညာအထက်တန်းကျောင်း (ရန်ကုန်)တွင် နှစ်ကျောင်းရှိပါသည်။ အနုပညာအထက်တန်းကျောင်း (ပန်းချီပန်းပု)နှင့် အနုပညာအထက်တန်းကျောင်း(ပန်တျာ)ဖြစ်ပြီး မန္တလေးတွင်လည်း ပန်းချီပန်းပုနှင့် ပန်တျာ အနုပညာအထက်တန်းကျောင်းများရှိပါသည်။

လွန်ခဲ့သည့် ငါးနှစ်ခန့်ကမှ ယခုကဲ့သို့ အနုပညာအထက်တန်းကျောင်း အမည်သို့ပြောင်းထားခဲ့ခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနဖွင့်လှစ်ခဲ့ပြီးချိန်မှစ၍ ရန်ကုန်ရွှေတိဂုံဘုရားလမ်း ဂျူဗလီဟောဝင်း(ယခုတပ်မတော်မော်ကွန်းတိုက်နေရာ)တွင် ရန်ကုန်ပန်းချီပန်းပုကျောင်းဖွင့်လှစ်ခဲ့ပါသည်။ ဂျူဗလီဝင်းအတွင်း ယာယီတန်းလျားဆောင်များဆောက်ပြီး ဖွင့်လှစ်ခဲ့ရခြင်းဖြစ်ပါသည်။ ပန်တျာကျောင်းကိုလည်း အတူတူဖွင့်ခဲ့ပါသည်။ မန္တလေးပန်းချီပန်းပုနှင့် ပန်တျာကျောင်းများကိုကား ၁၉၅၃ ခုနှစ်မှ ဖွင့်လှစ်ခဲ့ပါသည်။ ရန်ကုန်၊ မန္တလေးပန်းချီပန်းပုနှင့် ပန်တျာကျောင်းများ၏ သက်တမ်းမှာ ယနေ့ယဉ်ကျေးမှုဝန်ကြီးဌာနသက်တမ်းနှင့် အတူတူဖြစ်ပါသည်။ နှစ်ပေါင်း ၆၀ကျော်ပါပြီ။

ရန်ကုန်၊ မန္တလေး ပန်းချီပန်းပုနှင့် ပန်တျာကျောင်းများ၏ ဘဝကို လေ့လာကြည့်လျှင် သနားစရာကောင်းကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနက ပစ်ပယ်အခံရဆုံးကျောင်းများဖြစ်ပါသည်။ ဥပမာ-ရန်ကုန်ပန်းချီပန်းပုနှင့် ပန်တျာကျောင်းများသည် ကံအဆိုးဆုံးဖြစ်ပါသည်။ မူလပန်းချီနှင့် ပန်တျာကျောင်းများ ၁၀နှစ်ခန့် ဂျူဗလီဝင်းထဲတွင်ဖြစ်သလို ဖွင့်ခဲ့ရပြီးနောက် ယဉ်ကျေးမှုဌာန၏ ဘတ်ဂျက်ဖြင့် တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းလျားလမ်းထောင့် ခြံဝင်းကျယ်ကြီးထဲတွင် ခံ့ညားသောတိုက်ကြီးများဆောက်ပြီး ပန်းချီနှင့် ပန်တျာကျောင်းများကို ၁၉၆၃ ခုနှစ်က ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ပန်းချီပန်းပုပညာသင်ကြားရေး အလင်း၊အမှောင် မှန်မှန်ကန်ကန်ရဖို့တွက်ချက်ပြီး ပန်းချီသင်တန်းအတွက် အထူးဆောက်ထားသော အဆောက်အအုံကြီးဖြစ်ပါသည်။ ကျောင်းသားများ ဘော်ဒါဆောင်ကြီးများလည်း ပါဝင်ပါသည်။ ပန်တျာကျောင်းအတွက် ကြိုက်သလောက်တီးနိုင်၊ မှုတ်နိုင်၊ ဆိုနိုင်ရန် အသံလုံ (Sound Proof) အဆောက်အအုံတိုက်ပုကလေးများကိုလည်း စနစ်တကျ ဆောက်ပေးခဲ့ပါသည်။ ကံဆိုးချင်တော့ ဂျူဗလီဝင်းထဲမှာ ကျန်နေခဲ့သော ပန်တျာကျောင်းမပြောင်းရွှေ့ရသေးမီ စတိုင်တကျပြောင်းရွှေ့ခွင့်ရခဲ့သော ရန်ကုန်ပန်းချီပန်းပုကျောင်းလည်း (ကန်တော့ပါရဲ့) ဖင်ပူအောင် မထိုင်ရသေးမီ ပြောင်းပြေးရပြန်ပါသည်။

အကြောင်းကဒီလိုပါ။ ဟိုခေတ်က ပန်းဆိုးတန်းထဲက ဘဏ်တိုက်တစ်ခုတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားဘာသာသင်သိပ္ပံကို တိုးချဲ့ဖွင့်လှစ်ရန် အစီအစဉ်ဖြင့် နေရာသစ်တစ်ခုရှာရာ ထိုစဉ်က ပညာရေးဝန်ကြီးဒေါက်တာလှဟန်(ထင်ပါသည်)က ယဉ်ကျေးမှုဌာနကဆောက်ပြီးစ ပန်းချီပန်းပုပန်တျာကျောင်းသစ်ကြီးကို မျက်စိကျသွားသည်။ ခူးပြီးခပ်ပြီးသား သူတစ်ပါးဌာနပိုင်အဆောက်အအုံသစ်ကြီးကို အပိုင်သိမ်းသွားခဲ့ပါသည်။ ယဉ်ကျေးမှုဌာနကြီး ဗိုလ်ကျခံရပြီး ပန်းချီပန်းပုကျောင်းကြီးပြေးစရာ မြေမရှိကိန်းနှင့် ပထမဆုံးကြုံခဲ့ရပါသည်။

သို့သော် မဆိုးသေးပါ။ ပြောင်းပြေးခဲ့ရသည့်နေရာမှာ ဗဟန်းရေခဲဆိုင်မှတ်တိုင်က ယခင်ဖဆပလဌာနချုပ် အဆောက်အအုံဖြစ်ပါသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်နုတို့ ရုံးထိုင်ခဲ့သည့် သမိုင်းဝင်အဆောက်အအုံကြီး ပန်းချီကျောင်းအုပ်ကြီးမှာလည်း စစ်သားလူထွက် လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဒေးဒရဲ Town ship Commender ကြီး ဗိုလ်ရန်ရှင်းခေါ် ပန်းချီဆရာကြီးဦးမြတ်ကျော်နှင့် နည်းပြဆရာများအတွက် သိပ်ပြီးကံမဆိုးသေးဟုဆိုနိုင်သည့် အဆောက်အအုံကြီးတွင် ပန်းချီပန်းပုကျောင်းဖွင့်ခွင့်ရခဲ့ပါသည်။

ကျောင်းအုပ်ကြီးဦးမြတ်ကျော်၊ ဦးအမ်တင်အေး၊ ပန်းချီဆရာကြီးဒေါက်တာလွန်းကွယ်၊ ပန်းချီဆရာကြီး ဦးသုခ၊ စာရေးသူ၊ ဂျာမနီပြန် ပန်းပုဆရာဦးစိုးတင့်စသည့်ပညာရှင်များ အနှစ် ၅၀ကျော်ကြာ အုပ်ချုပ်ဖွင့်လှစ်ခဲ့စဉ်အတွင်း ယနေ့မြန်မာပန်းချီလောကကို ဦးဆောင်နေသူ ပန်းချီပန်းပုပညာရှင် တစ်ရာကျော် မွေးထုတ်နိုင်ခဲ့ပါသည်။ ပန်းချီ၊ ပန်းပု၊ ပန်တျာပညာရှင်စာရင်းကို ချရေးပြရမည်ဆိုလျှင် စာမျက်နှာမြောက်မြားစွာ ကုန်ပါလိမ့်မည်။ ယနေ့ဖွင့်လှစ်ထားသော ရန်ကုန်၊ မန္တလေးအမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော အရာထမ်း၊ အမှုထမ်းပါမောက္ခ၊ ကထိက၊ ဆရာဆရာမများမှာလည်း ရန်ကုန်၊ မန္တလေး ပန်းချီပန်တျာကျောင်းဆင်းများဖြစ်ကြပါသည်။ အနုပညာဌာနမှူးပါမောက္ခတွေ အငြိမ်းစားတောင်ယူပြီးကြပါပြီ။

ရှေးက ရန်ကုန်၊ မန္တလေးပန်းချီပန်းပု၊ ပန်တျာကျောင်းများ ဖွင့်လှစ်ထားခြင်း မရှိပါက ယနေ့မြင်နေရသော ယဉ်ကျေးမှုတက္ကသိုလ်ကြီးများ ပေါ်ပေါက်လာစရာအကြောင်းလုံးဝမရှိပါ။

ရန်ကုန်ပန်းချီပန်းပုကျောင်းကြီး ပြေးစရာမြေမရှိသည့်အကြောင်း ပြန်ကောက်ရပါဦးမည်။ ဝန်ကြီးဌာနများ နေပြည်တော်သို့ ပြောင်းရွှေ့ခဲ့ရသည့်အချိန်က ယဉ်ကျေးမှုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အနုပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်တို့ရုံးထိုင်သော ချင်းချောင်းနန်းတော် ကမ္ဘောဇရိပ်သာသို့ ဖဆပလဌာနချုပ်တွင် အထိုင်ကျပြီးသား၊ အနှစ် ၅၀ ကျော် အသားကျပြီးသား ပန်းချီကျောင်းကြီးကို ချင်းချောင်းနန်းတော်ပေါ်သို့ ပြောင်းရွှေ့ခဲ့ရပါသည်။ ဗဟန်းရေခဲဆိုင်မှတ်တိုင်က သမိုင်းဝင်ဖဆပလဌာနချုပ်ကြီးကို နိုင်ငံတကာအဆင့်မီပြတိုက် ပြခန်းကြီးပဲ လုပ်တော့ မလိုလို (ထိုစဉ်က ညွှန်ချုပ်တစ်ဦးက ဖဆပလဌာနချုပ်က ပြန်တောင်းရင်ပဲ ပြန်ပေးရတော့မလိုလိုနှင့် ယခုတော့အပြောကြီးသော ထိုပုဂ္ဂိုလ်များက သမိုင်းဝင်အဆောက်အအုံကြီးကို ဂျာမန်ဂိုတေးအင်စတီကျူသို့ငှားစားလိုက်သည်ကို တွေ့ရပါသည်။) ပန်းချီပန်းပုကျောင်းပြေးစရာမြေမရှိသည့် အဖြစ်ဆိုးကြီးနှင့်သာကြုံခဲ့ရပြန်ပါသည်။

သည်လိုနှင့်မပြီးသေး ယခင်အစိုးရယဉ်ကျေးမှုဝန်ကြီးက ချင်းချောင်းနန်းတော်ကြီးပေါ် အသားကျနေသော ပန်းချီကျောင်းကြီးကို နန်းတော်နောက်ဖေးချောင်ထဲက စတိုတစ်ခုသို့ပြောင်းရွှေ့မိန့်ချလာပြန်သည်။ ချင်းချောင်းနန်းတော်ကို ပုံတူပြတိုက်လုပ်တော့မလိုလို၊ ပြခန်းကြီးပဲလုပ်မလိုလိုနှင့် ယခင်အစိုးရဝန်ကြီး လက်ထက်က အမျိုးမျိုးသတင်းထုတ်ပြီး ဘာမှဖြစ်လာသည်ကိုမတွေ့ခဲ့ရ။

ယခင်အစိုးရယဉ်ကျေးမှုဝန်ကြီးက ပန်းချီကျောင်း(ရန်ကုန်)ကိုသာ ဟိုပြောင်းသည်ရွှေ့လုပ်နေသော်လည်း ရှမ်းပြည်ညောင်ရွှေတောကြီးမျက်မည်းထဲမှာ ယဉ်ကျေးမှုတက္ကသိုလ်က ဘတ်ဂျက်နှင့် အနုပညာကောလိပ်သွားဆောက်သည်။ ယခုတော့ တခြားဌာနကိုပေးခဲ့ရသည်ဟု သိရပါသည်။ သည်ထက် ဆိုးရွားသောကိစ္စကြီးတစ်ခုမှာ မူလပန်းချီပန်းပုပန်တျာကျောင်းများကို ဘယ်ပညာရှင်နှင့်မှ တိုင်ပင်ပုံမရဘဲ အနုပညာအထက်တန်းကျောင်းများဟု နာမည်ပြောင်းခဲ့သောကိစ္စဖြစ်ပါသည်။ နာမည်ပြောင်းရုံမျှမက အဆိုးဆုံးသော ကိစ္စမှာ စာမသင်ချင်၍ ပန်းချီပန်တျာ လာတက်သူကလေးတွေကို ဆယ်တန်းစာသင်စေခြင်းဖြစ်ပါသည်။ သည့်ထက်ဆိုးတာက ဖွဲ့စည်းပုံထဲ မပါဝင်ဘဲစာသင်ရန်ဆရာများခန့်ထားနိုင်ခြင်းမရှိပါဘဲ၊ ယခင် နန်းယန်အထက်တန်းကျောင်းမှ ဆရာဆရာမများကို ငှားသင်စေသည့်ကိစ္စဖြစ်ပါသည်။ အငှားခံရသော ဆရာများကလည်း လာမသင်ချင်၊ အသင်ခံအနုပညာကျောင်းသားတွေကလည်း စာမသင်ချင်ဖြစ်နေသည်မှာ ငါးနှစ်ကျော်ပါပြီ။ ပန်တျာကျောင်းမှ ကလေးတစ်ဦးသာ အပြင်ကျူရှင်ယူပြီး ဆယ်တန်းအောင်ဖူးပါသည်။

ဤစနစ်ကြီးကို ပြန်လည်သုံးသပ်၍ ဖွဲ့စည်းပုံထဲမပါသော သင်ကြားရေးကိစ္စကို ပြောင်းသင့်ပြီဟု အကြံပြုရပါသည်။ ဤကိစ္စကိုပြုပြင်စေလိုသော စေတနာဖြင့် ကျွန်တော်နှင့် ဒါရိုက်တာအကယ်ဒမီ အလင်္ကာကျော်စွာပန်းချီစိုးမိုးတို့ Sky Net ရုပ်သံလိုင်းမှ ဆွေးနွေးခန်းရိုက်ကူးထုတ်လွှင့်ဖူးပါသည်။ ကျွန်တော်နှင့် ကိုစိုးမိုးတို့ ဆယ်တန်းအောင်စဉ်က ဆရာဝန်လိုင်း၊ အင်ဂျင်နီယာလိုင်းများကို ကြိုက်တာယူခွင့်ရှိသော်လည်း စာမသင်ချင်တော့၍ ပန်းချီကျောင်းကိုသာ တက်ခဲ့ကြောင်းဆွေးနွေးခဲ့ပါသည်။

စာမသင်ချင်ဘဲ ဇွတ်အတင်းသင်ခိုင်းနေသော ဖွဲ့စည်းပုံလည်းမရှိပါဘဲ။ အထကကျောင်းများမှ ဆရာများကိုငှားသင်နေရသော ကိစ္စရပ်များကို ပြန်လည်သုတေသနလုပ်ပြီး ပြန်လည်စီစဉ်သင့်ပါကြောင်း အကြံပြုရပါသည်။ ကျွန်တော်တို့ ပန်းချီပန်တျာမြတ်နိုးသော ပညာရှင်အသီးသီးကလည်း အနုပညာအထက်တန်းကျောင်းဟူသော နာမည်အစား မူလအတိုင်း ပန်းချီပန်းပုကျောင်း၊ ပန်တျာကျောင်း အမည်များအတိုင်းထားရန်ကိုသာ ဆန္ဒရှိနေကြပါကြောင်း တင်ပြအကြံပြုပါသည်။ နောက်ဖေးချောင်ထဲ အပို့ခံထားရသော ရန်ကုန်ပန်းချီပန်းပုကျောင်းကြီးကိုလည်း ဂုဏ်သိက္ခာရှိသော နေရာတစ်ခုခုသို့ ပို့ပေးရန်ကိုလည်း မေတ္တာရပ်ခံအကြံပြုရပါသည်။

ယခုဆိုလျှင် ယဉ်ကျေးမှုဌာန ပြည်ထောင်စုဝန်ကြီး မပြောနှင့် အနုပညာမြတ်နိုးသူ ပြင်ပအနုပညာရှင်ကြီးများ၊ အနုပညာမြတ်နိုးသူ ပြင်ပဧည့်သည်တော်များ၊ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်နှင့် ရောက်လာတတ်သည့် နိုင်ငံခြားသားပညာရှင်များနှင့် ယဉ်ကျေးမှုကိုယ်စားလှယ်တော်များ၊ နိုင်ငံခြား ပန်းချီပန်းပုပညာရှင်ကြီးများ ဝင်ရောက်လည်ပတ်ရန် မျက်နှာပန်းမလှသည့် ဌာနမျိုးဖြစ်နေပါသည်။ ဂုဏ်သိက္ခာမရှိသော နေရာများဖြစ်ပါသည်။ ဇွန် ၂ ရက်နေ့က ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရန်ကုန်အမျိုးသားပြတိုက်တွင် ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပန်းချီပန်းပုပန်တျာဆရာဆရာမများကို ကျောင်းတွေအတွက် အရေးအကြီးဆုံး ဘာလိုနေသလဲဟု မေးခဲ့မည်ဆိုပါက ဖွဲ့စည်းပုံထဲ ဆရာမရှိဘဲ ဆယ်တန်းစာသင်နေသည့် ကိစ္စ၊ ဂုဏ်သိက္ခာရှိရှိ ကျောင်းအဆောက်အအုံများမရှိသည့်ကိစ္စများကို တင်ပြအစီရင်ခံကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်အပြော မလွန်လွန်းပါ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ပထမရက် ၁၀၀ အတွင်း ကိုယ်တိုင်ကိုယ်ကျ ရန်ကုန်-မန္တလေးက ပန်းချီပန်းပုပန်တျာကျောင်းများသို့ မရောက်ရောက်အောင် သွားရောက်လည်ပတ်၍ အားပေးကြည့်ရှုစစ်ဆေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။

**ရန်ကုန်၊ မန္တလေး ပန်းချီပန်းပုနှင့် ပန်တျာကျောင်းများ၏ ဘဝကို လေ့လာကြည့်လျှင် သနားစရာကောင်းကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ဝန်ကြီးဌာနက ပစ်ပယ်အခံရဆုံးကျောင်းများ ဖြစ်ပါသည်။ ဥပမာ-ရန်ကုန်ပန်းချီ ပန်းပုနှင့် ပန်တျာကျောင်းများသည် ကံအဆိုးဆုံးဖြစ်ပါသည်။ မူလပန်းချီနှင့် ပန်တျာကျောင်းများ ၁၀နှစ်ခန့် ဂျူဗလီဝင်းထဲတွင်ဖြစ်သလို ဖွင့်ခဲ့ရပြီးနောက်. . .**

---

**စာမျက်နှာ ၆ မှ**

ပြီးတာနဲ့ ရှောင်စောန်းစံပြကျေးရွာလေးဆီကို သွားရောက်လေ့လာခဲ့ပါတယ်။ မျက်လုံးမျက်စိပုံသဏ္ဌာန်နဲ့ တည်ဆောက်ထားတဲ့ ရှောင်စောန်းကျေးရွာလေးက သီးခြားကမ္ဘာလေးတစ်ခုလို ချစ်စရာကောင်းလှတယ်။ ချင်းရိုးရာအကအလှတွေနဲ့ ကြိုဆိုပြီး ဧည့်ခံကျွေးမွေးလက်ဆောင်ပစ္စည်းတွေလည်းပေးပြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြတယ်။

ညရောက်တော့ “ထွမ်ဝုမ်းရိပ်သာ”မှာ အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲကို ကျင်းပပေးခဲ့တယ်။ အလှူရှင် ဦးအောင်မျိုးမင်းက ကျေးဇူးတင်စကား၊ ကျွန်မက မျက်စိခွဲစိတ်မှု ပြင်ဆင်စီစဉ်ခဲ့မှု အခြေအနေတွေ ပြောကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပါတယ်။ အဲဒီနောက်မှာ ရှောင်စောန်း ချင်းရိုးရာအကအဖွဲ့၊ ဒိမ်တွေးအကအဖွဲ့တွေက ရိုးရာအကနဲ့ ဖျော်ဖြေကြတယ်။ ဗုံသံ၊ နှဲသံ၊ မောင်းသံတွေ မြိုင်မြိုင်ကြားမှာ ကျွန်မတို့အားလုံး လက်ချင်းချိတ်လိုက်ကြတယ်။ မီးပုံကြီးကို ဝိုင်းပတ်ပြီး ခြေမြှောက် လက်မြှောက်ကာ ယိုင်ချက်ညီညီနဲ့ အကြိမ်ပေါင်းများစွာ ကကြတယ်။ ‘ဆုန်သင်းပါရ်’ရဲ့ချင်းတောင်တန်းမှ ကြိုဆိုပါ၏သီချင်းကို ကိုစောက ဆိုတော့ ကျွန်မက ကွဲချိုကို ခေါက်ပြီးကခဲ့တယ်။ အဲဒီ ကရင်ဆရာဝန်ကလည်း ရှမ်းသီချင်းသာမက ချင်းသီချင်းကိုလည်းပိုင်ပိုင်ဆိုတတ်လှချည်ရဲ့လို့ ချီးကျူးမိပေမယ့် သီချင်းကမပြီးတော့ဘဲ ထပ်ကာထပ်ကာကျော့နေတော့ ခေါင်ရေများမူးနေပြီလားထင်မိတယ်။ တေးရေးဆရာ “ဆလိုင်းသောန”ရဲ့ သီချင်းကလည်း ဆိုလို့၊ ကလို့၊ နားထောင်လို့ မဝနိုင်စရာ။ နားထောင်ကြည့်ပါဦး။

-ရခိုင်ရိုးမတောင်တန်းနဲ့ ဆက်နေတဲ့ ချင်းတောင်တန်း
ကုလားတန်မြစ် မဏိပူရမြစ် စီးဆင်းနေ---
-သူငယ်ချင်းလိုက်ခဲ့စမ်းပါ××× အလည်တစ်ခေါက် လိုက်ခဲ့စမ်းပါ×××
တို့များချင်းဓလေ့ထုံးစံ××× မြင်စေချင်စမ်းတယ်×××
တောင်ပေါ်ခေါင်ရည် ချိုမြမြ တစ်ကြိုက်လောက်သောက်ရင် အမောပြေ
ဒါဟာလည်း ချင်းပြည်ရဲ့ ဓလေ့တစ်ခုပါ။

မီးပုံပွဲရဲ့ အလယ်မှာ ခေါင်ရည်တကောင်းရှိနေတယ်။ အားလုံး ကလို့ မောတာနဲ့ တောင်ပေါ်ခေါင်ရည်ချိုမြမြကို တစ်ကြိုက်စီသောက်ကြပြီး အမောဖြေကြတယ်။ ဒါဟာလည်း ချင်းပြည်ရဲ့ ဓလေ့တစ်ခုဆိုတာ ကိုယ်တွေ့မြင်လိုက်ရတယ်။ စည်းလုံးခြင်း၊ ချစ်ကြည်ရင်းနှီးခြင်းရဲ့ အားတွေက ကျွန်မတို့အားလုံးရင်တွင် စီးဆင်းသွားကြတယ်။ တကယ်တော့လည်း ဘာသာစကားတွေ၊ ရေမြေသဘာဝတွေ မတူညီကြပေမယ့် ကျွန်မတို့အားလုံးဟာ ကမ္ဘာတည်စအချိန်က တစ်အူထုံ့ဆင်း ညီနောင်ရင်းတွေဖြစ်ခဲ့ကြတယ် မဟုတ်လား။

စာဖတ်သူ မိတ်ဆွေများရေ ရောင်စုံပန်းတွေပွင့်ဖူးတဲ့ ထင်းရှူး၊ ချယ်ရီ၊ တောင်ဇလပ်တွေပွင့်ရာ တိမ်တွေနေတဲ့အရပ်ဆီကို အလည်တစ်ခေါက် အရောက်သွားလိုက်စမ်းပါလို့သာ အားပါးတရ တိုက်တွန်းလိုက်ချင်ပါရဲ့။ ချင်းတောင်တန်းကြီးကတော့ ထာဝရအပြုံးနဲ့ ဆီးကြိုကမ်းလင့်နေပါလိမ့်မယ်။



# ၁၃ ခုမြောက် ရန်ကုန်မြို့ပြအမွေအနှစ် ကမ္ပည်းပြား မတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်း၌ တပ်ဆင်

**ရန်ကုန် ဇွန် ၅**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နှင့် Royal Phillps Corporation တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၁၃ ခုမြောက် အပြာရောင်ကမ္ပည်းပြားတပ်ဆင်သည့် အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ (၂၆) လမ်းရှိ မတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်း၌ ကျင်းပသည်။

ဘုရားကျောင်းဂေါပက Sammy Samules က အဆိုပါကမ္ပည်းပြားတပ်ဆင်ခြင်းနှင့် စပ်လျဉ်း၍ "ဒီလိုအထိမ်းအမှတ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်မှုက ကျွန်တော်တို့တင်မဟုတ်ပါဘူး။ အခြားဘာသာတွေအတွက်ရော ရန်ကုန်မြို့အတွက်ပါ ဂုဏ်ယူစရာပါ။ ဘုရားကျောင်းကို ဥရောပကတင်မဟုတ်ဘဲ အိန္ဒိယ၊ ဂျပန်စတဲ့ နိုင်ငံတွေက လာရောက်လေ့လာကြပါတယ်။ အလွန်ကို ဂုဏ်ယူမိပါတယ်။ အခု ဂျူးလူမျိုးက အယောက် ၂၀ လောက်ပဲ ရှိပါတယ်။ အရင်ကတော့ လူဦးရေ ၂၀၀၀ ကျော်လောက် ရန်ကုန်မှာရှိခဲ့ဖူးတယ်။ လက်ရှိ ဒီဘုရားကျောင်းမတိုင်မီ ၁၈၅၂ ခုနှစ်က သစ်သားကျောင်းဆောင်ရှိခဲ့တယ်။ ၁၈၅၄ ခုနှစ်မှာ မီးလောင်ပျက်စီးခဲ့တယ်။ ဒီနောက်ပိုင်းမှာ လက်ရှိဘုရားကျောင်းကို ၁၈၉၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၉၆ ခုနှစ်မှာ ပြီးစီးခဲ့တယ်။ ဒါကြောင့် ဘုရားကျောင်းရဲ့ သက်တမ်းက နှစ် (၁၀၀) ကျော်ခဲ့ပြီဖြစ်ပါတယ်"ဟု ပြောသည်။

အပြာရောင်ကမ္ပည်းပြားများ တပ်ဆင်ခြင်းသည် ရန်ကုန်မြို့၏သမိုင်းကို အထိရောက်ဆုံးနှင့် ထင်သာမြင်သာအရှိဆုံး ဖော်ပြနိုင်မည့်နည်းလမ်းများအနက်မှ တစ်ခုဖြစ်ကြောင်း၊ အများပြည်သူက တိုက်ရိုက်ထိတွေ့နိုင်မည်ဖြစ်သည့် အဆိုပါကမ္ပည်းပြားများမှတစ်ဆင့် ရန်ကုန်မြို့၏သမိုင်းကြောင်းကို အသက်အရွယ်မရွေး နယ်ပယ်စုံမှ ပြည်သူများလေ့လာနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါအပြာရောင်ကမ္ပည်းပြားတပ်ဆင်သည့် အခမ်းအနားတွင်



ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ သမိုင်းသုတေသီနှင့် စီမံကိန်းမန်နေဂျာ ဦးသူရိန်အောင်က ပြောသည်။

"အခု ဂျူးဘုရားကျောင်းက ရန်ကုန်မြို့မှာ ရှေးကျတဲ့ ဘုရားကျောင်းတစ်ခုထဲမှာ ပါပါတယ်။ ယဉ်ကျေးမှုအရရော ဗိသုကာအပိုင်းကပါ ထူးခြားတဲ့ ဘုရားကျောင်းတစ်ခုဖြစ်တဲ့အတွက် ကမ္ပည်းပြားတပ်ဆင်ခြင်းဖြစ်ပါတယ်"ဟု ဦးသူရိန်အောင်က ပြောသည်။

အပြာရောင်ကမ္ပည်းပြားတပ်ဆင်မှုတွင် ဘာသာရေးနှင့်ပတ်သက်သော အဆောက်အအုံအနေဖြင့် ယခု မတ်စ်မီးယားရေရှုအာ ဂျူးဘုရားကျောင်းသည် ဒုတိယမြောက်ဖြစ်ကြောင်း၊ ပထမ ဘာသာရေးအဆောက်အအုံမှာ အာမေးနီးယမ်း ခရစ်ယာန်ဘုရားကျောင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျူးဘုရားကျောင်းသည် ကမ္ဘာပေါ်တွင် တိုရာကျမ်းပေါင်း ၁၂၆ စုံအထိ ရှိခဲ့ဖူးသည့် တစ်ခုတည်းသော ဘုရားကျောင်းဖြစ်ခဲ့သော်လည်း ဒုတိယကမ္ဘာစစ်အတွင်း ဂျူးမိသားစုများ မြန်မာနိုင်ငံမှ စွန့်ခွာရာတွင် အဆိုပါကျမ်းများကိုပါ ယူဆောင်သွားကြရာ လက်ရှိတွင် တိုရာကျမ်း နှစ်စုံသာ ကျန်ရှိကြောင်း၊ ထိုကျမ်းများသည် မူလက ဘဂ္ဂဒက်မြို့မှ ဖြစ်ပြီး နှစ်(၁၀၀)ကျော် သက်တမ်းရှိပြီဖြစ်ကြောင်း သိရသည်။

"ရန်ကုန်မြို့မှာ သမိုင်းဝင်အဆောက်အအုံတွေကတော့ ထောင်နဲ့ချီရှိပါတယ်။ အထင်ကရ အဆောက်အအုံတွေကို ဦးစားပေးပြီးတပ်ဆင်နေပါတယ်။ ဒါပေမယ့် အခုလောလောဆယ် ဦးစားပေးတပ်ဆင်ခဲ့တဲ့ ဘုရားကျောင်းတွေက ရန်ကုန်မြို့မှာ လူနည်းစုသာ ကိုးကွယ်ပြီး ထိန်းသိမ်းထားဖို့ အခက်အခဲရှိနေတဲ့ ဘုရားကျောင်းတွေဖြစ်ပါတယ်။ နောက်ပိုင်းတော့ တစ်လကို အနည်းဆုံး ကမ္ပည်းပြား နှစ်ပြားကနေ သုံးပြားအထိ တပ်ဆင်သွားပါမယ်။ ကျွန်တော်တို့အဖွဲ့က စုစုပေါင်းကမ္ပည်း ၁၀၀ ကျော်လောက်အထိ တပ်ဆင်ဖို့လျာထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

၎င်းဘုရားကျောင်းတွင် ဘာသာပေါင်းစုံ ဆုတောင်းပွဲများ ကျင်းပခဲ့သည့်အပြင် နှစ်စဉ်ပွဲတော်ဖြစ်သည့် မီးထွန်းပွဲတော်တွင် ဘာသာပေါင်းစုံမှ အကြီးအကဲများ တက်ရောက်ကြောင်း၊ ဂျူးလူမျိုးများသည် မြန်မာနိုင်ငံတွင် ၁၉ ရာစု အစောပိုင်းကတည်းက ရွှေ့ပြောင်းနေထိုင်ခဲ့ကြပြီး အများစုမှာ ကိုချင်၊ ကာလကတ္တား၊ အီရတ်နှင့် အီရန်ဒေသများမှ လာရောက်အခြေချသူများဖြစ်ကြောင်း၊ လွန်ခဲ့သည့် ၃၅ နှစ်အတွင်း ဆမ်မြူရယ်မိသားစုက ယခု ဂျူးဘုရားကျောင်း၊ ဂျူးသင်္ချိုင်းနှင့် ကျန်ရှိနေသေးသည့် ဂျူးလူမျိုးအသိုက်အမြုံကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း သိရသည်။

၂၀၁၂ ခုနှစ်တွင် ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(YHT)ကို စတင်တည်ထောင်ခဲ့ကာ ခေတ်ကာလအဆက်ဆက်က တည်ရှိခဲ့သော ရန်ကုန်မြို့၏ သူမတူထူးခြားသော မြို့ပြယဉ်ကျေးမှုအမွေအနှစ်ကို နည်းလမ်းမှန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

အဆိုပါ အပြာရောင်ကမ္ပည်းပြား တပ်ဆင်သည့် အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန့်မြင့်ဦး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးတို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**သတင်း-မြတ်စန္ဒီသင်းဇော်**
**ဓာတ်ပုံ - ရဲထွဋ်**

✪ နှစ်ပေါင်း ၆၀ မှ

မြို့တော်ဝန်နှင့် ကော်မတီဝင်လေးဦးကို အစိုးရက ခန့်အပ်ခြင်းဖြစ်သည်။ အဖွဲ့ဝင် လေးဦးကိုသာ အများပြည်သူက မဲပေးရွေးချယ်ရခြင်းဖြစ်ပြီး မြို့နယ်အဆင့်တွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ငါးဦးတွင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦးကို ဆန္ဒမဲပေး ရွေးချယ်ရသည်။ ခရိုင်အဆင့်တွင်လည်း ထို့အတူ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် ငါးဦးတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နှစ်ဦးကို မဲပေးရွေးချယ်ရသည်။

လက်ရှိတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အဖွဲ့ဝင်ဟောင်းများ လုပ်ငန်းတာဝန်များ ပြီးစီးသွားပြီဖြစ်ပြီး အစိုးရက ခန့်အပ်ရမည့် ကော်မတီဝင် လေးဦးကို ပြီးခဲ့သည့် ရက်ပိုင်းက ခန့်အပ်ခဲ့သည်။ ဆက်လက်၍ ဆန္ဒမဲပေးရွေးချယ်မည့် ကော်မတီဝင်အဆင့်ဆင့်ရွေးကောက်ပွဲများကို ကျင်းပရန် လိုအပ်မည်ဟု သိရသည်။

New Myanmar Foundation က ပြန်လည်သုံးသပ်ဖြည့်စွက်ကာ ဖော်ပြခဲ့သည့် အစီရင်ခံစာတွင် လေ့လာတွေ့ရှိချက်များကို အသေးစိတ်ဖော်ပြထားပြီး အကျဉ်းချုပ်အနေဖြင့် စည်ပင်သာယာရွေးကောက်ပွဲသည် မဲဆန္ဒရှင်များ ပူးပေါင်းပါဝင်လာစေရန်၊ အပြည့်အဝအောင်မြင်သည့် ရွေးကောက်ပွဲတစ်ခုဖြစ်စေရန် စည်ပင်ရွေးကောက်ပွဲကော်မရှင်၏ ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ ပြည်သူလူထုကို လုံလောက်သောအသိပညာပေးမှု နည်းပါးခြင်း၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် အသိပညာပေးစည်းရုံးလှုံ့ဆော်ရန် အချိန်မရရှိခြင်း စသည်တို့ကြောင့် အများပြည်သူအနေဖြင့် စိတ်ဝင်စားမှု အလွန်နည်းပါးခဲ့သည်ဟု ဖော်ပြထားသည်။ ယင်းအပြင် ရွေးကောက်ပွဲအတွက် ကြိုတင်အချိန်ယူပြင်ဆင်မှု အားနည်းခြင်း၊ အရပ်ဖက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဒေသန္တရရွေးကောက်ပွဲတစ်ခုအတွက် လုံလောက်သည့်ကျွမ်းကျင်မှုများ အားနည်းခြင်း၊ အများပြည်သူ၏ ပူးပေါင်းဆောင်ရွက်ခွင့် မရရှိခြင်းတို့ကြောင့် စနစ်ကျမှုအားနည်းသော ရွေးကောက်ပွဲတစ်ခုဟု သုံးသပ်ထားပြီး ပွင့်လင်းမြင်သာမှုရှိမှုအပေါ် မေးခွန်းထုတ်စရာများရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

"စည်ပင်ရွေးကောက်ပွဲကတော့ သေချာမသိလိုက်ဘူး။ မြို့နယ်၊ ခရိုင်မှာ မဲပေးရွေးတယ်ဆိုတာကလည်း ဒီမြို့နယ်၊ ဒီခရိုင်ကို ဘယ်လောက်အထိ ကိုယ်စားလှယ်တွေက တာဝန်ခံပြီး ဆောင်ရွက်ပေးမလဲပေ့ါ။ အဓိကကတော့ ပြည်သူ့ကိုယ်စားပြုဖို့လိုတာပါပဲ" ဟု သဃ်န်းကျွန်းမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

မြို့တော်စည်ပင်သည် အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့မှုအရှိဆုံး ဌာနဖြစ်သလို အများပြည်သူယုံကြည်လေးစားမှုနည်းပါးမှုရှိနေပြီး ပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူလူထုအခြေပြုဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေသည်ဟု မြို့ပြရေးရာပညာရှင်များက သုံးသပ်ထားသည်။

ယင်းကြောင့် အများပြည်သူအရေးကိစ္စကို အဂတိလိုက်စားမှု ကင်းရှင်းကာ အထူးအလေးပေးဆောင်ရွက်မည့် ကိုယ်စားလှယ်များ၊ ကော်မတီဝင်များ လိုအပ်မည်ဖြစ်ပြီး အများပြည်သူက တိုက်ရိုက်ရွေးချယ်နိုင်သည့် မဲပေးစနစ်မျိုးဖြစ်ရန်လိုအပ်သည်ဟုလည်း ဝေဖန်မှုများရှိသည်။

New Myanmar Foundation ကလည်း စည်ပင်ရွေးကောက်ပွဲများနှင့်ပတ်သက်၍ အကြံပြုချက်အကျဉ်းချုပ်ကိုလည်း ဖော်ပြထားရာတွင် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအား အများပြည်သူ ကျေလည်စွာ လက်ခံနိုင်သည့် ဥပဒေများဖြစ်လာစေရန် ပြန်လည်ပြင်ဆင်သင့်ကြောင်း၊ လုံလောက်သော ပြင်ဆင်ချိန်ပေးနိုင်ရန် ရွေးကောက်ပွဲအား ကြိုတင်ကြေညာသင့်ကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအား တရားဝင်ခွင့်ပြုပေးသင့်ကြောင်းများအပါအဝင် မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများအား အသိပညာပေးမှုများ၊ သတင်းအချက်အလက်ဖြန့်ဝေမှုများ ဆောင်ရွက်ပေးရန်နှင့် ကဏ္ဍအစုံမှအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မသမာမှုများ၊ အရည်အချင်းပျက်ယွင်းမှုများနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကော်မရှင်က ခုံရုံးများဖြင့် ပြင်ဆင်ထားရှိရန် အသေးစိတ်အကြံပြုတင်ပြထားသည်။

စည်ပင်သာယာရွေးကောက်ပွဲများ နှစ်ပေါင်း(၆၀)အကြာတွင် ပြန်လည်ကျင်းပခြင်းမှာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် (၆)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအသစ်ဖြင့် ပြဋ္ဌာန်းသတ်မှတ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ကျင်းပမည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်ပွဲသည် ယင်းဥပဒေပါအတိုင်း ကျင်းပဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါရွေးကောက်ပွဲအား ရန်ကုန် ခရိုင်လေးခုရှိ စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်ရှိ အိမ်ထောင်ဦးစီး မဲဆန္ဒရှင်ပေါင်း ၄၀၉၈၈၉ ဦး၊ မဲရုံပေါင်း ၁၀၈၆ ရုံဖွင့်လှစ်၍ ဆောင်ရွက်ခဲ့ကြောင်း အဆိုပါအစီရင်ခံစာအရ သိရသည်။

အဆိုပါ New Myanmar Foundation အနေဖြင့် ပြီးခဲ့သည့် ၂၀၁၄ ရွေးကောက်ပွဲတွင် မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ ခရိုင်သုံးခုတွင် စေတနာ့ဝန်ထမ်း လေ့လာစောင့်ကြည့်သူဦးရေ စုစုပေါင်း ၂၀၈ ဦးဖြင့် ရွေးကောက်ပွဲအား လေ့လာစောင့်ကြည့်ခဲ့ကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

## ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ဆောင်ရွက်

**မုံရွာ ဇွန် ၅**
မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်က အမှတ် (၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(မုံရွာ)မှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မြင့်ကျော် ဦးစီး၍ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာ အထကတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"ပြည်သူ့အကျိုးပြုလုပ်ငန်းတွေအဖြစ် ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း/အပြင် သန့်ရှင်းသာယာရေးနဲ့ ကျောင်းသား ကျောင်းသူလေးတွေ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ရောဂါဘယတွေမဖြစ်ပွားအောင်ရည်ရွယ်ပြီး ခြုံနွယ်၊ သစ်ပင်များ ရှင်းလင်းခြင်းလုပ်ငန်း၊ ကျောင်းရှေ့ရေမြောင်းတူးခြင်းလုပ်ငန်းတွေကို တပ်ဖွဲ့ဝင်တွေ စုပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ကျောင်းမုခ်ဦးအဝင် အုတ်စီကွန်ကရစ်ခင်းတံတားတည်ဆောက်ခြင်းအတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။ ရှေ့ဆက်လက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကို ကျရာအခန်းကဏ္ဍကနေ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(မုံရွာ)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ ထန်းတောကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် အမှတ်(၂၈)လုံခြုံရေးရဲတပ်ဖွဲ့ခွဲ(မုံရွာ)မှ တပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး မြင့်ကျော် ဦးစီး၍ ဌာနချုပ်တပ်ခွဲမှ ရဲမှူးလှိုင်မင်းစိုးနှင့် တပ်ခွဲမှူးများပါ အရာရှိ ၁၅ ဦးနှင့် အခြားအဆင့် ၁၃၅ ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၁၅၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



# လသာမြို့နယ် (၁၈)လမ်းရေမြောင်းအတွင်းအမှိုက်ပစ်လျှင် လမ်းအတွင်း ဈေးရောင်းချခွင့်ပိတ်မည်ဟု အသိပေးကြေညာ

**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့ လသာမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အထူးစီမံချက်ဖြင့် ရေမြောင်းများ ဆယ်ယူရှင်းလင်းနေခြင်းကို ဇွန် ၃ ရက်မှ ၂၁ ရက်ထိ ပြုလုပ်မည်ဖြစ်သည်။

လမ်းအပြည့်ဈေးရောင်းချမှုများသော (၁၈)လမ်းအတွင်းရှိ ရေမြောင်းများဖွင့်ရာတွင် မြောင်းအပြည့်ရေဆိုးရေညစ်များ၊ စွန့်ပစ်ပစ္စည်းမျိုးစုံများ ပြည့်နေသည်ကို တွေ့ရသည်။ မီးသတ်ရေပိုက်ဖြင့် ဆယ်ယူရှင်းလင်းပြီးသော ရေမြောင်းများကို သန့်ရှင်းရေးလုပ်ဆောင်ပေးပြီးဖြစ်သည်။

မြောင်းအတွင်းသို့အမှိုက်များ မစွန့်ပစ်ရန်နှင့် စွန့်ပစ်သည်ကိုတွေ့ရှိပါက လမ်းအတွင်းဈေးရောင်းခွင့်ပိတ်မည်ဟု အသိပေးကြေညာနေသည်ကို ဇွန် ၅ ရက် နံနက် ၈ နာရီတွင်ကြားသိရသည်ဟု ယင်းလမ်းအတွင်းဈေးဝယ်လာသူ မရည်ရည်ဝင်းနှင့် ယင်းလမ်းအတွင်း ဈေးရောင်းသည့် လုပ်ငန်းတာဝန်ခံ ဦးကော်တို့ကဆိုသည်။

ယင်းကြေညာချက်ကို ဈေးသည်များထံ စာဖြင့်ပေးဝေအသိပေးမည်ဟု (၂)ရပ်ကွက်နေသူတစ်ဦးထံမှ သိရသည်။ ယင်းအသိပေးမှုနှင့်အညီ စောင့်ကြည့်အရေးယူနိုင်လျှင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုနည်းသွားနိုင်သည်ဟု လမ်းအတွင်းနေသူတစ်ဦးက ဆိုသည်။



လမ်းအတွင်းဈေးရောင်းမှုများသည်(၁၇)လမ်း၊ (၁၈)လမ်း အထက်လမ်းတို့တွင် ယာဉ်ဝင်/ယာဉ်ထွက်ခက်ခဲသဖြင့် ယခုနှစ်ကျောင်းဖွင့်သည့်ကာလတွင် ကျောင်းကားများ လမ်းအတွင်းမဝင်ဘဲ ကားလမ်းမကြီးများတွင် ရပ်စောင့်နေသည်ကို တွေ့ရသည်။ လမ်းအတွင်းနေသည့် ကျောင်းသား ကျောင်းသူများ နေပူ၊ မိုးရွာသည့်ရက်များတွင် လမ်းထိပ်ထွက်၍ ကျောင်းကားသွားစီးနေရသည်မှာ အခက်အခဲများရှိသည်ဟု ယင်းလမ်းအတွင်းနေ ကျောင်းသားမိဘဖြစ်သူ ဒေါ်ခိုင်ကဆိုသည်။

၂၀၁၆ ဇန်နဝါရီလအတွင်း သက်ဆိုင်ရာမှ(၁၇)လမ်း၊ (၁၈)လမ်း အထက်လမ်းများအတွင်း စည်းကမ်းတကျ ဈေးရောင်းချရေးအတွက် စောင့်ကြည့်အရေးယူမှုများရှိခဲ့သဖြင့် ယာဉ်ဝင်/ယာဉ်ထွက်လွယ်ကူသည်အထိ ဈေးသည်များ တိုက်နံရံဘက်သို့ရွှေ့၍ ဈေးရောင်းချမှုများရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာတွင် သတင်းဖော်ပြမှုရှိခဲ့သည်။ သို့သော် စောင့်ကြည့်ကြီးကြပ်မှု အားနည်းလာသည့်အတွက် ယာဉ်ဝင်/ထွက်ခဲယဉ်းသည်အထိ၊ လမ်းလယ်တွင် လမ်းသွား လမ်းလာများ တိုးဝှေ့သွားလာရသည်အထိ ပြန်လည်ကြုံတွေ့နေရသည်ဟု ဆိုသည်။ စည်းကမ်းတကျရောင်းချမှုအားနည်းလာသည်သာမက ရေမြောင်းများတွင် ရေစီးရေလာကောင်းမွန်ရေးတွင်ပါ ထိခိုက်လာခြင်းများရှိလာ သည်။

လမ်းမတော်မြို့နယ် (၃)ရပ်ကွက် (၈)လမ်းအတွင်း စည်းကမ်းမဲ့ဈေးရောင်းမှုတွင် ညအိပ်ညနေထိုင်မှုပါရှိလာသဖြင့် လမ်းအတွင်းနေပြည်သူများ စုပေါင်းတိုင်ကြားမှုကြောင့် မေလအတွင်းသက်ဆိုင်ရာမှ လာရောက်ရှင်းလင်းပြီး လမ်းအတွင်း ဈေးရောင်းချခွင့်ဆုံးရှုံးခဲ့သည်။

သို့ဖြစ်ရာ (၁၇)လမ်း၊ (၁၈)လမ်းအတွင်း ဈေးရောင်းချသူများအနေဖြင့် လမ်းအတွင်းနေထိုင်သူများအတွက် အနှောင့်အယှက်ဖြစ်စေမည့် ကျန်းမာသန့်ရှင်းရေးအပါအဝင် လူမှုရေးများပါ မထိခိုက်သော လုပ်ရပ်များဖြင့် ဈေးရောင်းချသင့်သည်ဟု ယင်းလမ်းအတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

ပန်းဘဲတန်းမြို့နယ်အတွင်း (၂၇) လမ်းအလယ်လမ်းတွင် ယာဉ်အဝင်အထွက်ပိတ်၍ ရေမြောင်းသန့်ရှင်းရေးလုပ်ဆောင်ရာတွင် ဇွန် ၃ ရက်မှ ၅ ရက် မွန်းလွဲပိုင်းထိ လမ်းပိတ် ထားဆဲဖြစ်သည်။ ယာဉ်အဝင်/အထွက်မရှိသဖြင့် လမ်းအတွင်းဆိုင်အချို့ ဆိုင်ပိတ်ထားကြပြီး ဖွင့်သောဆိုင်များသည် အရောင်းအဝယ်များ ကျဆင်းသည်ဟု ယင်းလမ်းအတွင်းဈေးရောင်းချသူ ကိုမာမူက ဆိုသည်။

လမ်းအတွင်းရှိ ရေမြောင်းများမှထွက်ရှိသည့် အညစ်အကြေးများကို လမ်းဘေးနှစ်ဘက်တွင် စုပုံထားပြီး ဇွန် ၅ ရက်တွင် ယာဉ်ကြီးတစ်စီးဖြင့် သယ်ယူရာ နံနက် ၁၁ နာရီဝန်းကျင်တွင် လမ်းတစ်ဝက်သို့ရောက်ရှိနေသည်ကို တွေ့ရသည်။ ရှင်းလင်းပြီးသွားသော မဟာဗန္ဓုလလမ်းထိပ်ဘက်ခြမ်းတွင် ယာဉ်ဝင်နိုင်သော်လည်း ပြောင်းပြန်ပြန်ထွက်နေရသည်ကို တွေ့ရသည်။ ရေမြောင်းများကို ကန်ထရိုက်စနစ်ဖြင့် လုပ်ဆောင်သည့်အခါ လမ်းသွယ်အတွင်း ယာဉ်ဝင်/ထွက်ပိတ်၍ သယ်ယူရှင်းလင်းရာတွင် လမ်းအတွင်း အရောင်းအဝယ်လုပ်ကိုင်သူများ အရောင်းအဝယ်ကျဆင်းမှုနှင့် ကြုံတွေ့နေရသည်ဟု ပြောဆိုမှုရှိလာသည်။

**(မောင်စေအောင်)**

# ဧရာဝတီလင်းပိုင်များကို မန္တလေးတိုင်းအောက်ဘက်တွင် စတင်တွေ့ရှိ၊ မျိုးမသုဉ်းစေရန် ငါးမဖမ်းရဇုန်များသတ်မှတ်သင့်

**သတင်း - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - Grow Back**

**ရန်ကုန် ဇွန် ၅**

ဧရာဝတီလင်းပိုင်ကို ယခင်က မန္တလေးအထက်ပိုင်းနှင့် ဗန်းမော်တို့တွင် တွေ့ရှိရသော်လည်း ယခုအခါ မန္တလေးအောက်ဘက်နှင့် ပြည်မြို့အကြားတွင်ပါ ရှာဖွေတွေ့ရှိရကြောင်း မန္တလေးနှင့်ပြည်မြို့အကြားတွင် ဧရာဝတီလင်းပိုင်နှင့်ပတ်သက်၍ စစ်တမ်း(survey) ကောက်ယူခဲ့သူများထံမှ သိရသည်။

ပြည်နှင့် မန္တလေးအကြားမှာ ဧရာဝတီလင်းပိုင်ရှာဖွေတွေ့ရှိမှုခရီးစဉ် စာနယ်ဇင်းရှင်းလင်းပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ တော်ဝင်နှင်းဆီခန်းမ၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မကွေးတိုင်းဒေသကြီး စလေမြို့အနီးတွင် ဧရာဝတီလင်းပိုင်ကို စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အဆိုပါခရီးစဉ်တွင် ဦးဆောင်သူအဖြစ်ပါဝင်ခဲ့သူ ဦးအောင်မျိုးချစ်ထံမှ သိရသည်။

မန္တလေးအောက်ဘက်တွင် မတွေ့ခဲ့ရသည့် ဧရာဝတီလင်းပိုင် စတင်တွေ့ရှိမှုနှင့်ပတ်သက်၍ ဦးအောင်မျိုးချစ်က " ဒီနေ့အထိ ကျွန်တော်ကွင်းဆင်းစစ်ဆေးထားတာကတော့ ဧရာဝတီလင်းပိုင်က အရင်က ဗန်းမော်နဲ့ မန္တလေးကြားမှာသာရှိပေမယ့် အခုချိန်မှာကျွန်တော်ပြောနိုင်တာက ပြည်နဲ့ မန္တလေးကြားမှာလည်း ရှိတယ်ဆိုတာပါ။ တွေ့လည်းတွေ့ခဲ့ပါတယ်။ စတွေ့တာက စလေရဲ့အထက်နားမှာ စတွေ့တယ်။ အဲဒီနေရာက ပုဒ်မ ၁၄၄ ထုတ်ထားတယ်။ ပိုက်လည်းမရှိဘူး။ အနှောင့်အယှက်ကင်းတယ်။ ၂၀၁၄ လောက်က ဧရာဝတီလင်းပိုင်အုပ်စုလိုက် တွေ့ခဲ့တဲ့သူတွေလည်းရှိပါတယ်။ ရေလုပ်သား ၂၀၀ လောက်ရှိတဲ့ ရေတော်ရွာဆို ဧရာဝတီလင်းပိုင်ရှိတာ အကုန်လုံးသိတယ်" ဟု ပြောသည်။

မန္တလေးနှင့် ပြည်မြို့အကြား ဧရာဝတီလင်းပိုင်များ ရှိ/မရှိ စစ်တမ်း(survey) ကောက်ယူခဲ့ကြရာတွင် မော်လမြိုင်တက္ကသိုလ်နှင့် ပုသိမ်တက္ကသိုလ်တို့မှ အဏ္ဏဝါဗေဒကျောင်းသားများ၊ လူငယ်များစုစည်းဖွဲ့ထားသည့် Grow Back အဖွဲ့၊ ဧရာဝတီလင်းပိုင်များနှင့်အတူ ကွန်ပစ်ငါးဖမ်းခဲ့ကြသူ ရေလုပ်သားကြီးများနှင့် သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးသူများပါဝင်ခဲ့သည်။

ဧရာဝတီလင်းပိုင်များနှင့်အတူကွန်ပစ်ငါးဖမ်းခဲ့ဖူးသူ စဉ့်ကူးမြို့နယ် ဆီသည်ကျေးရွာတွင်နေထိုင်သူ အသက်(၆၅)နှစ်အရွယ်ရှိ ဦးမြင့်အောင်က "တံငါလုပ်တာက နှစ် ၅၀ လောက်ရှိပြီ။ ဧရာဝတီလင်းပိုင်းကို ၁၂ နှစ်၊ ၁၃ နှစ်အရွယ်လောက်ကတည်းက မြင်ဖူးတာပါ။ ဧရာဝတီလင်းပိုင်က လူယဉ်တယ်။ သူကပေါ်လာရင် ခေါက်သံပေးတယ်။ နောက်ကတက်သမားက တက်သံပေးတယ်။ ဧရာဝတီလင်းပိုင်က ငါးအုပ်ကို ဝင်ရိုက်ပြီး ခြောက်ပေးတယ်။ ကိုယ်က ကွန်ကိုင်လို့မပြီးသေးရင်တော့ နောက်ကနေတက်သံပေးပြီး "ဝရှူး၊ ဝရှူး" ဆိုပြီး သူနားလည်အောင် လုပ်ပြရတာပေါ့။ ဒါဆို သူက မရိုက်တော့ဘူး" ဟု ပြောသည်။

ဧရာဝတီလင်းပိုင်များသည် ယခင်က လူနှင့်အနေနီး၍ အုပ်စုလိုက်ရှိခဲ့သော်လည်း ရှော့ခ်တိုက်၍ ငါးဖမ်းခြင်း၊ တရားမဝင်ခွင့်ပြုထားခြင်းမရှိသည့် ငါးဖမ်းခြင်းများဖြင့် ငါးသားပေါက်များပါမကျန် ဖမ်းဆီးခြင်း၊ မြစ်ကျောက်များစုပ်ယူခြင်း၊ ရွှေကျင်ခြင်း၊ လင်းပိုင်အဆီထုတ်ယူခြင်းတို့သည် ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းပျောက်ကွယ်စေရန် ဆွဲဆောင်နေသည့် အဓိကအချက်များဖြစ်သည်ဟု ဦးအောင်မျိုးချစ်ထံမှ သိရသည်။

"နောက် ဧရာဝတီမြစ်ထဲမှာ တီလားပီးယားငါးမျိုးစိတ်တွေ တအားများလာတယ်။ နှစ်ပေါင်း လေးဆယ်လောက်အတွင်းမှာ တီလားပီးယားမျိုးက တအားပွားလာပြီး မြစ်ထဲမှာဖမ်းလို့ရရင် ၅၀ ရာခိုင်နှုန်းက တီလားပီးယားငါးတွေ ဖြစ်နေတယ်။ ဆူးတောင်တွေကြောင့် တီလားပီးယားကို လင်းပိုင်ကမစားဘူး။ ဧရာဝတီလင်းပိုင်တွေရဲ့ သဘာဝကို လေ့လာတဲ့အခါမှာ စားတဲ့အချိန်၊ နားတဲ့အချိန်က နည်းလာပြီး ခရီးသွားနေရတာ ပိုများနေတယ်။ ငါးသယံဇာတ လျော့လာမယ်ဆို ဧရာဝတီလင်းပိုင်တွေ ပျောက်ကုန်မယ်"ဟု ၎င်းကဆိုသည်။

ယခုအခါတွင် ဧရာဝတီလင်းပိုင်များသည် မြန်မာနိုင်ငံတွင် ကောင်ရေ ၁၀၀ ခန့်သာ ကျန်ရှိ၍ ၂၀၀၁ ခုနှစ်မှ ယနေ့အချိန်အထိ ၁၆ နှစ်အတွင်း ဧရာဝတီလင်းပိုင်သေဆုံးသည့် အရေအတွက်မှာ ၃၄ ကောင်အထိရှိကြောင်း အဆိုပါပွဲမှ သိရသည်။



ဦးအောင်မျိုးချစ်က "ငါးမဖမ်းရ ဇုန်သတ်မှတ်ဖို့နဲ့ ဥပဒေအတိုင်းတိတိကျကျ အရေးယူဖို့လိုပါပြီ။ ဇုန်သတ်မှတ်ပေးဖို့ပါ။ အပိုင်းအခြားနဲ့ ဇုန်သတ်မှတ်လို့ အန္တရာယ်မရှိရင် ငါးက ရောက်လာမယ်။ အစာရှိမယ်။ မျိုးပွားမယ်။ နောက်ကြီးလာရင် သူတို့က နောက်တစ်နေရာကို ဆက်သွားမယ်။ အဲဒီအခါကျရင် ငါးအကောင်ကြီးဖမ်းလို့ရမယ်။ မြစ်ကြီးတစ်ခုလုံးကို ငါးမဖမ်းရလို့ ပြောတာမဟုတ်ဘူး။ ငါးကို ငါးမှုန်၊ ငါးမွှားကအစ ဆန်ခါချဖမ်းတာတွေ ရပ်သင့်ပါပြီ"ဟု လင်းပိုင်များ ပြန်လည်များပြားလာစေရန်နှင့် ငါးသယံဇာတများ သုံးနှစ်မှငါးနှစ်အတွင်း မူလအခြေအနေ ပြန်ရောက်လာစေရန်အတွက် အကြံပြုသည်။

မြန်မာပြည်မှာ အဓိကမြစ်ကြီး လေးသွယ်ရှိသည့်အနက် ဧရာဝတီလင်းပိုင်များသည် ဧရာဝတီမြစ်တစ်ခုတည်းတွင်သာရှိသည်။ ဧရာဝတီလင်းပိုင်ကို ကမ်းရိုးတန်းဒေသများတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း စစ်တွေပတ်ဝန်းကျင်ဒေသ၊ ရေချိုရေငန်စပ်ဒေသများဖြစ်သည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ မြိတ်-ကော့သောင်း ကမ်းရိုးတန်းတို့တွင် တွေ့နိုင်သည်။

ဧရာဝတီလင်းပိုင်းကို ၁၈၇၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်တွေ့ရှိခဲ့ပြီး ယင်းအချိန်မှစ၍ ဧရာဝတီလင်းပိုင်ဟုသာ ခေါ်ဆိုခဲ့ကြသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ အင်ဒိုနီရှားနိုင်ငံနှင့် မဲခေါင်မြစ်တို့တွင်တွေ့နိုင်ပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးနားကျွန်းဆွယ်နှင့် ဩစတြေးလျမြောက်ပိုင်းတို့တွင်လည်း တွေ့ရှိရကြောင်း ဧရာဝတီလင်းပိုင်ရှာဖွေတွေ့ရှိမှုခရီးစဉ် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

**❖ သုံးနိုင်ငံချစ်ကြည်ရေးမှ**

သွားရောက်လည်ပတ်ခဲ့ပြီး ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါချစ်ကြည်ရေးကားမောင်းပြိုင်ပွဲခရီးစဉ် အဖွဲ့သည် ပုဂံဒေသသို့ မွန်းလွဲ ၃ နာရီခွဲတွင် ရောက်ရှိခဲ့ရာ တန်ခိုးကြီးဘုရားများသို့ သွားရောက်လည်ပတ်ခဲ့ကြပြီး ညနေဆည်းဆာ နေဝင်အလှကို ရွှေဆံတော်ဘုရားပေါ်မှ ကြည့်ရှုခဲ့ကြသည်။

ထိုအဖွဲ့သည် ပုဂံမြို့သစ်ရှိ အာသောကဟိုတယ်တွင် ညအိပ်ရပ်နားမည်ဖြစ်ပြီး ဇွန် ၆ ရက်နံနက် ၆ နာရီခွဲတွင် ညောင်ဦး-မြင်းခြံ-မြို့သာ-တံတားဦးလမ်းအတိုင်း မန္တလေးမြို့သို့သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း၊ မန္တလေးမြို့မှတစ်ဆင့် မုံရွာမြို့သို့ဖြတ်ကာ တမူးမြို့သို့ ဆက်လက်ထွက်ခွာပြီး တမူးမြို့မှ အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းလေးခုအတွက် ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၆ သန်းထောက်ပံ့

**နေပြည်တော် ဇွန် ၅**
မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းလေးခုအတွက် အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၆ သန်း(ဂျပန်ယန်း ၃ ဒသမ ၀၆၉ ဘီလီယံ)ကို ဂျပန်နိုင်ငံက အထောက်အပံ့ပေးသည့် စာချွန်လွှာလဲလှယ်ပွဲ အခမ်းအနားကို ဇွန် ၂ ရက်က နေပြည်တော်၌ ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံက အထောက်အပံ့ပြုမည့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစီမံကိန်းလေးခုမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ပညာသင်ဆုများအတွက် စီမံကိန်း၊ ခွာနာ လျှာနာရောဂါ ထိန်းချုပ်မှုတိုးတက်ရေးစီမံကိန်း၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် စီမံကိန်း၊ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့ဖြစ်သည်။

ယင်းစီမံကိန်းများ တစ်ခုချင်းစီအတွက် ဂျပန်နိုင်ငံက ထောက်ပံ့သည့် ပမာဏမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပညာသင်ဆုများအတွက်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၅ သန်း(ဂျပန်ယန်း ၅၉၄ သန်း)၊ ခွာနာလျှာနာရောဂါထိန်းချုပ်မှုတိုးတက်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၃ သန်း(ဂျပန်ယန်း ၁ ဒသမ ၄၁၇ သန်း)၊ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၇ သန်း(ဂျပန်ယန်း ၉၄၅ သန်း)၊ မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှု ဖွံ့ဖြိုးတိုးတတ်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄ သန်း(ဂျပန်ယန်း ၁၁၃ သန်း) တို့ဖြစ်သည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာသင်ဆုများအတွက်စီမံကိန်းသည် မြန်မာနိုင်ငံရှိ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများမှ လူငယ်ခေါင်းဆောင်များ ဂျပန်နိုင်ငံတွင် မဟာဘွဲ့(သို့)ပါရဂူဘွဲ့များရရှိရေးအတွက် အထောက်အပံ့ ပေးမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် နှစ်နိုင်ငံပြည်သူများအကြား ဆက်ဆံရေး တိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်ဖြစ်သည်။

ခွာနာလျှာနာရောဂါထိန်းချုပ်မှု တိုးတက်ရေးစီမံကိန်းသည် မြန်မာနိုင်ငံတွင် ကျွဲ၊ နွားနှင့် ဝက်တို့တွင် ဖြစ်ပွားတတ်သော ခွာနာလျှာနာရောဂါရှာဖွေရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးအတွက် လိုအပ်သောပစ္စည်းများနှင့်စက်များကို ရန်ကုန်မြို့ရှိ အမျိုးသားခွာနာလျှာနာရောဂါ သုတေသနဌာနသို့ ပေးအပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ကောင်းမွန်ရန်ဖြစ်သည်။

စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ စီမံကိန်းသည် အခြေခံအဆောက်အအုံအတွက် စက်များထောက်ပံ့ပြီး သဘာဝဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် မြန်မာနိုင်ငံအစိုးရ၏ စွမ်းဆောင်ရည်တိုးတက်စေရန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသည် တရားဥပဒေစိုးမိုးရေးစင်တာများတွင် ရှေ့နေများ၊ လူထုကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများအား သင်တန်းများပို့ချပေးရန်ဖြစ်ပြီး တရားဥပဒေစိုးမိုးမှုအောက်တွင် အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို ပိုမိုနားလည်လာကြစေရန်ဖြစ်သည်။

စီမံကိန်းလေးခုအနက် မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးမှုဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Tateshi Higuchi နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ကိုယ်စားလှယ် Mr. Toily Kurbanov တို့က စာချွန်လွှာလဲလှယ်ခဲ့ကြပြီး ကျန်စီမံကိန်းသုံးခုကို မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်တို့က သဘာတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**



# အနာဂတ်မန္တလေးသစ်ဆီသို့ ကာတွန်းပြပွဲကျင်းပမည်

**မန္တလေး ဇွန် ၅**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်သန့်ရှင်းသာယာလှပရမည်၊ မြို့တော်စိမ်းလန်းစိုပြည်ရမည်၊ မြို့လူထုစိတ်ချမ်းသာစေရမည်ဟူသောရည်မှန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရက် ၁၀၀ ကာလ မန္တလေးမြို့သန့်ရှင်းရေးလုပ်ငန်းများနေ့ဆိုင်း၊ ညဆိုင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြို့တော်သန့်ရှင်းရေးလုပ်ငန်းများ မြို့လူထုပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ကွမ်းစားသုံးမှုလျော့နည်းစေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော မြို့တော်ဖြစ်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှကြီးမှူး၍ "အနာဂတ်မန္တလေးသစ်ဆီသို့" ခေါင်းစဉ်ဖြင့် ကာတွန်းပြပွဲကို ဇွန် ၇ ရက်မှ ၁၁ ရက်အထိ အောင်မြေသာစံမြို့နယ် ၂၆ လမ်း ကျုံးပတ်လည်တွင်ခင်းကျင်းပြသမည်ဖြစ်သည်။ မန္တလေးမြို့မှကာတွန်းဆရာများ၏ မြို့တော်သန့်ရှင်းရေး၊ ကွမ်းစားသုံးမှုလျော့နည်းရေး၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုပပျောက်ရေးပညာပေး ကာတွန်းလက်ရာများကိုပြသမည်ဖြစ်ရာပြည်သူများလာရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရ သည်။

**သီဟကိုကို(မန္တလေး)**



# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး မြို့နယ်အသီးသီးတွင် ဆောင်ရွက်

**ရန်ကုန် ဇွန် ၅**
ရန်ကုန်မြို့တွင် နှစ်စဉ်မိုးရာသီရောက်တိုင်း ကားလမ်းအချို့ ရေနစ်မြုပ်မှုကြုံတွေ့နေရသဖြင့် ပထမရက် ၁၀၀ အတွင်း ယင်းဖြစ်ရပ်များ ပပျောက်ရေးအတွက် မြို့နယ်အသီးသီး၌ မြို့နယ်ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီမှ ဦးဆောင်၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ဇွန် ၄ ရက်က ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် အရိယာမဂ္ဂင်လမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ နုန်းချေးများအား ဆယ်ယူရှင်းလင်းနေသည့်လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးဦးမြတ်ကျော်က ပြောသည်။

"အမြင့်ပိုင်းဖြစ်တဲ့ ကျောက်ကုန်းပေါ်က စီးလာတဲ့ရေတွေက အရိယာမဂ္ဂင်လမ်းအတိုင်း အရှိန်နဲ့ဒလဟော စီးဆင်းလာပြီး ရန်ကင်းကားလမ်းမကြီးကို ရေကျော်မှုဖြစ်စဉ်တွေ ရှိပါတယ်။ ဒါကြောင့် အရိယာမဂ္ဂင်လမ်းတစ်လျှောက် ရေနုတ်မြောင်းထဲမှာ ပိတ်ဆို့နေတဲ့ အမှိုက်၊ နုန်းတွေကို ဆယ်ယူရှင်းလင်းနေတာပါ"ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ လုပ်ငန်းကို မြို့နယ်ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့က ဦးဆောင်၍ မြို့နယ်စည်ပင်သာယာမှ မြောင်းရှင်းလုပ်သားများ၊ ရပ်ကွက်ပြည်သူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အရိယာမဂ္ဂင်လမ်းတစ်လျှောက် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့အမှိုက်၊ နုန်းချေးများကို ဆယ်ယူရှင်းလင်းကြရာ ပေ ၄၀၀ ကျော် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(မောင်သူည)**


# ညောင်ဦးမြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၂၂၀၀၀ ထုတ်ချေးပေးသွားမည်

**ညောင်ဦး ဇွန် ၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသည့်တောင်သူများ မိုးဦးကျလာပြီဖြစ်၍ ယခုနှစ် သီးနှံများစိုက်ပျိုးရာတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မေ ၁၇ ရက်မှစတင်၍ မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ လက်ဝယ်အရောက်ထုတ်ချေးပေးနေပြီဖြစ်ကြောင်းနှင့် ညောင်ဦးမြို့နယ်အတွင်း မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်းပေါင်း ၂၂၀၀၀ အထိ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရန် တောင်သူဦးရေ ၁၃၀၀၀ ခန့် လျာထားသတ်မှတ် ထားရှိပြီး လတ်တလောချေးငွေထုတ်ချေးပြီးစီးသည့် ကျေးရွာအုပ်စု ၂၃ အုပ်စုမှ တောင်သူဦးရေ ၂၂၆၀ အား ချေးငွေကျပ်သိန်းပေါင်း ၃၅၀၀ အထိ ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် မိုးသီးနှံစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရာတွင် ယခင်နှစ်က စပါး တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခန့်သာရရှိပြီး ယခုနှစ် စပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲအထိ တိုးမြှင့် ထုတ်ချေးပေးကြောင်း၊ အခြားသီးနှံစိုက်ပျိုးသည့် တောင်သူများကို ယခင်နှစ်က အတိုင်း တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းခန့်သာ ထုတ်ချေးပေးနေခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို ညောင်ဦးမြို့နယ်အတွင်း မေလမှ စတင်ထုတ်ချေးပေးခဲ့ပြီး ဇူလိုင်လတွင် အပြီးသတ်ထုတ်ချေးပေးနိုင်ရန်အတွက် ကျန်ရှိသည့်ကျေးရွာများအား ရုံးဖွင့်ရက်များတွင် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ညောင်ဦးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဦးငွေထွန်းက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ သွင်းကုန်လိုင်စင်လျှောက်စရာမလိုဘဲတင်သွင်းခွင့်ပြုမည်

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံအတွင်းသို့တင်သွင်းလာသော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို သွင်းကုန်လိုင်စင်လျှောက်စရာ မလိုဘဲတင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာတာဝန်ရှိသူများ နှင့်သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အတွင်းရေးမှူး ဦးမျိုးမြင့်ထွန်းက ပြောသည်။

ဇွန် ၂ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ဦးဆောင်၍ကုန်သွယ်ရေး၊ အကောက်ခွန် နှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ သွင်းကုန်လိုင်စင် လျှောက်ထားမှုနှင့်ပတ်သက်ပြီး ဆွေးနွေးရာတွင်ယခုကဲ့ သို့သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယခင် က ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို လိုင်စင်မလိုဘဲ တင်သွင်းခွင့်ပြုခဲ့ရာမှ ၂၀၁၃ ခုနှစ် နှစ်ကုန်တွင် လိုင်စင် လျှောက်ပြီးမှသာ တင်သွင်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

"လိုင်စင်လျှောက်ရတယ် ဆိုတာကလည်း ကွန်ပျူတာအလုံးလိုက်ဆိုရင် လိုင်စင်မလိုဘဲ အစိတ် အပိုင်းတွေ တင်သွင်းမယ်ဆိုရင် လိုအပ်တာမျိုးစတဲ့ တလွဲတွေဖြစ်နေတယ်။ ဒါကအခု ပြန်ပယ်ဖျက်ပေးခဲ့တာပါ။ ဒီလအတွင်းမှာပဲသွင်းကုန်လိုင်စင် လျှောက်စရာမလိုဘဲ တင်သွင်းလို့ရနိုင်မှာပါ"ဟု ၎င်းကပြောသည်။

ယခုကဲ့သို့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ အတွက် သွင်းကုန်လိုင်စင်လျှောက်စရာမလိုပဲတင်သွင်းခွင့် ပေးခဲ့သော်လည်းမိုဘိုင်းဖုန်းနှင့်ကွန်ရက်ဆိုင်ရာ ပစ္စည်း များ တင်သွင်းပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်ယူပြီးမှသာ လိုင်စင်လျှောက်ထားဆောင် ရွက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

"ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းတွေအတွက် သွင်းကုန်လိုင်စင် လျှောက်စရာမလိုဘူးဆိုရင် လုပ်ငန်းရှင် တွေအတွက်တော့အဆင်ပြေသွားမယ်။ နေပြည်တော် မသွားရတဲ့အတွက်အချိန်ကုန်သက်သာမယ်။ အရင်က လိုင်စင်ကြေးအတွက် အထွေထွေစရိတ်အပါအဝင်ကျပ် နှစ်သိန်းလောက်ကုန်တယ်။ ဒါတွေသက်သာသွားမယ်။ ပစ္စည်းဈေးနှုန်းတွေပိုင်းမှာတော့ သိသိသာသာကြီးမပြောင်း လဲနိုင်ဘူး။ CustomDuty ကြေးအဖြစ်ကောက်နေတဲ့ ၁ ဒသမ ၅ ရာခိုင်နှုန်းကိုလျှော့မယ်ဆိုရင်တော့ ပြောင်းလဲ လာနိုင်တယ်"ဟု ကွန်ပျူတာလုပ်ငန်းရှင် တစ်ဦးကပြော သည်။

**(ရဲဝင်း)**

## ပန်းချီ၊ ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီပြိုင်ပွဲ မန္တလေး၌ ကျင်းပ

**မန္တလေး ဇွန် ၅**

၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(၁၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲများကို ဇွန် ၄ ရက်နှင့် ၅ ရက်တွင် မန္တလေးမြို့ ချမ်းအေး သာစံမြို့နယ်အမှတ်(၁၆) အခြေခံ ပညာအထက်တန်းကျောင်းတွင် ကျင်းပသော မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်အားပေး သည်။

အဆိုပါပြိုင်ပွဲများကို မူးယစ် ဆေးဝါးအန္တရာယ် ကာကွယ်တားဆီး ရေးအဖွဲ့(မန္တလေးတိုင်းဒေသကြီး)မှ ကြီးမှူး၍ ပြိုင်ပွဲဝင်ဆောင်ပုဒ်များ အဖြစ် မူးယစ်ကင်းစင် ဒို့ဘဝ အသွင်အစဉ်ဖွံ့ဖြိုးကြီးပမ်းစို့၊ စီးပွား ကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ၊ တိုင်းပြည်တိုးတက် သာယာဖို့မူးယစ်ဆေးကို ရှောင်ရှားစို့၊ လူတိုင်း ကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာမူးယစ်ကင်း၊ ရေရှည် တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကို ရှောင်ပါမနေ့းဖြစ်ပြီး ပြိုင်ပွဲဝင်များက ဆောင်ပုဒ်များနှင့်ကိုက်ညီမှုရှိအောင် ရေးဆွဲယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲသို့မန္တလေးတိုင်းဒေသကြီး (၂၈)မြို့နယ်မှ အခြေခံပညာ ကျောင်းသား ကျောင်းသူများပါဝင် ယှဉ်ပြိုင်ကြပြီး ပန်းချီပြိုင်ပွဲတွင် မူလ တန်း၊ အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ ၇၁ ဦး၊ ကာတွန်းပြိုင်ပွဲတွင် ၃၀၊ ပိုစတာ ပြိုင်ပွဲတွင် ၄၅ ဦး၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲတွင် အလယ်တန်းနှင့်အထက် တန်းဆင့်ကျောင်းသား ကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မန္တလေးတောင် အားကစားကွင်းတွင် ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်မည် ဖြစ်ကြောင်း သိရသည်။ **(သီဟကိုကို)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ပြင်/စက်မောင်းသင်တန်းဖွင့်

**လှိုင်ကော် ဇွန် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စက်ပြင်/စက်မောင်းသင်တန်း (၂/၂၀၁၆)ဖွင့်ပွဲအား လှိုင်ကော်မြို့ ဒေါကလိုးခူကျေးရွာရှိ လူငယ်ရိပ်သာ၌ ဇွန် ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးတင်မြင့်က "ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ကျေးရွာအရောက် အသက်မွေးဝမ်း ကျောင်းပညာကို ရွာသူရွာသားများကို သင်ကြားပေးတဲ့ အတွက် ငွေကြေးကုန်ကျမှု သက်သာပြီး စက်မှုအထက် တန်းကျောင်းမှ နည်းပြဆရာ သင်ကြားမှုကြောင့် ပိုပြီးစနစ် ကျတဲ့ နည်းပညာတွေကို ရရှိမှာဖြစ်တယ်။ သင်တန်း သားများအနေဖြင့်လည်း ကြိုးကြိုးစားစားသင်ယူကြပါ" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းက အမှာစကား ပြောကြားပြီး လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အိအိခင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များကို ရှင်းလင်း ပြောကြားပြီး လှိုင်ကော်မြို့နယ် အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးအေးလှိုင်က အမှာစကား ဆက်လက်ပြောကြားခဲ့သည်။

လှိုင်ကော်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အနေဖြင့် သင်တန်း(၁၅)ကြိမ်အတွက် ကုန်ကျငွေကျပ် ၁၈ ဒသမ ၅၇၃ သန်းဖြင့် လျာထားပြီး ယခု ဖွင့်လှစ်သည့် သင်တန်း အတွက် ကုန်ကျငွေကျပ် ၁၁၇၉၀၀ ဖြစ်၍ ချီးကယ်ကျေးရွာ အတွင်းရှိ ကျေးရွာပေါင်းစုံမှ သင်တန်းသားဦးရေ ၃၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ဇွန် ၅ ရက်မှ ၁၉ ရက်အထိဖြစ်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌက သင်တန်းသို့ တက်ရောက်လာသော သင်တန်း သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရ သည်။

**ကိုစိုင်း (လှိုင်ကော်)**

## အမြို့မြို့ အနယ်နယ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကျင်းပ

**မုံရွာမြို့**

၂၀၁၆-ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင် စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မုံရွာမြို့ မဟာဗောဓိတစ်ထောင် သာသနာ့နယ်မြေတွင် ကျင်းပသည်။

သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီ (ရက် ၁၀၀)အတွင်း စိမ်းလန်း စိုပြည်ရေးအသွင်ဖြင့် ဒေသစိမ်းလန်း စိုပြည်ရေးအတွက် သုံးနှစ်သားလောက် ရှိသည့် အရိပ်ရ လေကာပင်တွေကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ သဘာဝ ပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်းနှင့်အတူ ရာသီဥတုဖောက်ပြန် လာခြင်းများကြောင့် မိုးခေါင်ခြင်း၊ မြေပြိုခြင်း၊ မြေဆီလွှာပြုန်းတီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ တောမီးလောင်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ မုန်တိုင်းများမကြာခဏကျရောက်ခြင်း၊ ပင်လယ် ရေမျက်နှာပြင် မြင့်တက်ခြင်း၊ အိုဇုန်းလွှာထိခိုက်ပျက်စီးခြင်း၊ ရေထု၊ မြေထု၊ လေထုညစ်ညမ်းခြင်း၊ ရေရှားပါးမှု အခက်အခဲများစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ထိန်းသိမ်းကာကွယ်ကြရန် ရည်ရွယ်၍ စိုက်ပျိုးပေး သွားမည်ဖြစ်ကြောင်း ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းက ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက မဟာဗောဓိ တစ်ထောင် သာသနာ့နယ်မြေအတွင်း ပိတောက်ပင် ၁၀၀၊ တမာပင် ၁၅၀၊ ခရေပင် ၇၀၊ မန်ကျီးပင် ၅၀၊ ကုက္ကိုပင် ၅၀၊ မယ်ဇယ်ပင် ၃၀၊ စုစုပေါင်း အရိပ်ရပင် ၅၀၀ တို့အား တပျော်တပါး စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**




**ပုသိမ်မြို့**

ပုသိမ်မြို့တွင် "တို့ကမ္ဘာမြေဂေဟစနစ်ထိန်းသိမ်းဖို့ တောရိုင်းတိရိစ္ဆာန်နှင့် သဘာဝအပင်များ၊ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်စို့" ဆောင်ပုဒ်နှင့်အညီ ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့တော်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းက အဖွင့်အမှာ စကားပြောကြားသည်။ ဆက်လက်၍တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတိုင်းဦးစီးမှူး ဦးသိန်းဌေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးသဝဏ်လွှာ ကို ဖတ်ကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဗီဒီယိုကို ပြသ သည်။

ယင်းနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်း အဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကို ဝန်ကြီးများနှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့အထိမ်းအမှတ်ပြခန်းများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို အဖိုးတန်ဇီဝမျိုးခွဲများအား တစ်စထက်တစ်စ ဆုတ်ယုတ်လျော့ပါးလာစေပြီး ဆင်များ၊ ကြံများ ၊ ကျားများကဲ့သို့ ရှားပါး မျိုးစိတ်များနှင့် အခြားမျိုးစိတ်များအား ခြိမ်းခြောက်လျက်ရှိသည့် တောရိုင်း တိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုကို ဆန့်ကျင်တိုက်ဖျက်ရန်၊ ဇီဝမျိုးစုံမျိုးကွဲ များသည် လက်ရှိလူသားများနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် တန်ဖိုး မဖြတ်နိုင်သော သယံဇာတများဖြစ်သည့်အတွက် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက် စေရန်အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များ နှင့်ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်း၍ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန်ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်သည်။

**မောင်မောင်မြင့်(ခရိုင်ပြန်/ဆက်)**



**သာစည်မြို့**

၂၀၁၆ခုနှစ် ယနေ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့ မင်းလှကန်အနီး သာစည်-မိတ္ထီလာကားလမ်းမကြီးဘေး မိုင်တိုင်အမှတ် (၁၁/၆)မှ (၁၁/၈)အကြားတွင် ယနေ့နံနက် ၈ နာရီက ကျင်းပခဲ့ ကြောင်း သိရသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်သို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးညွန့်ငွေ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဇေယျသုခရေလှူအသင်းမှ လူငယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပါတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်၍ ပျော်ရွှင်စွာသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပိတောက် နှစ်ပင်၊ ခရေ တစ်ပင်၊ ယူကလစ် ပင် ၁၄၇ ပင်၊ ကုက္ကိုပင် ၅၀၊ မယ်ဇလီပင် ၅၀၊ စိန်ပန်းပင် ၅၀၊ တမာပင် ၅၀၊ စုစုပေါင်း အပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြောင်းသိရသည်။ **မျိုးမင်း(သာစည်)**

**ကျောက်တံခါး**

၂၀၁၆ ခုနှစ် ဇွန် ၅ ရက်တွင်ကျရောက်သောကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်း ဒေသကြီး ကျောက်တံခါးမြို့ ဒဂုံရွှေမန်းလမ်းနှင့် သရဖီလမ်းဒေါင့်တွင် စုပေါင်းစိုက်ထူခဲ့ကြောင်း သိရသည်။

မြေစိုက်ပိုစတာစိုက်ထူရာသို့ ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေမောင်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစန်းယုနှင့်သစ်တောဝန်ထမ်း များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကျောက်တံခါးမြို့မစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်၊ ကလေးစောင့်ရှောက် ရေးအဖွဲ့များ၊ မြို့ပေါ် ၅ ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

**ခင်ကို(ကျောက်တံခါး)**




# မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မယ်ကမ္ဘာမြန်မာအလှမယ် (၂၀၁၆)ရွေးချယ်ပြီးစီး

(၆၆) ကြိမ်မြောက် နိုင်ငံတကာ မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုဝင်ရောက် ယှဉ်ပြိုင်နိုင်စေရန်အတွက် အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် အမျိုးသမီးတစ်ဦးရွေးချယ်ပေးမည့် Miss Myanmar World 2016 ပြိုင်ပွဲအခမ်းအနားကို ဇွန် ၄ ရက်က ရန်ကုန်မြို့ Gandamar Grand Ballroom တွင် ကျင်းပခဲ့သည်။

မြန်မာအမျိုးသမီးငယ်တို့၏ လှပတင့်တယ်မှု၊ ပင်ကိုစွမ်းရည်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုတို့ကို စိစစ်ရွေးချယ်ပေးခဲ့ပြီး ဝင်ရောက်ယှဉ်ပြိုင်သည့် အလှမယ် ၂၀ ထဲမှ သုံးဦးကို ရွေးချယ်ပေးခဲ့ရာ မယ်ကမ္ဘာ မြန်မာဆုကို မြတ်သီရိလွင်(ခေါ်) Bella က လည်းကောင်း၊ 1st Runner up ဆုကို M ဂျာဆိုင်းနှင့် 2nd Runner up ဆုကို လရိပ်ပြာတို့ကလည်းကောင်း အသီးသီးရရှိခဲ့သည်။

၂၀၁၆ ခုနှစ် Miss Myanmar World အလှမယ်အတွက် သရဖူကို ဒေါင်း၏လှပသည့် အမွေးကို ကိုယ်စားပြုထားပြီး မြန်မာ့အမွေအနှစ်ဖြစ်သည့် စပါးနှံစေ့လေးများဖြင့် ဖော်ကျူးထားသည်။ Andaman ပင်လယ်ထဲမှ ရရှိသည့် ပုလဲကို ဒေါင်းမွေးပုံသဏ္ဌာန်ယူထားသည့် သရဖူတွင် တပ်ဆင်ခြယ်သထားပြီး တန်ဖိုးရှိသည့် ကျောက်မျက်အရိုင်းတုံးများကို စပါးနှံပုံစံဖန်တီးပေးထားသည့် ယင်းသရဖူကို Phuket Pearl မှ Amorn က ဖန်တီးပေးထားခြင်းဖြစ်သည်။

အလှမယ်သည် သိန်း ၃၅၀ နီးပါး တန်ဖိုးရှိသည့် ယင်းသရဖူနဲ့အတူ Miss Myanmar World Organization မှ ပေးအပ်ချီးမြှင့်သည့် ငွေကျပ်သိန်း ၁၀၀ ကို ရရှိပိုင်ဆိုင်ခဲ့သည်။

ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံတစ်ဝန်းမှ လျှောက်ထားသူ ၉၀ ရှိခဲ့ပြီး ဧပြီ ၂၉ ရက်မှ မတ်လ ၃ ရက်ထိ Myanmar Event Park တွင် လူတွေ့စစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဆေးပညာဆိုင်ရာစစ်ဆေးမှုများ ပြုလုပ်ကာပြိုင်ပွဲဝင် အလှမယ် ၅၀ ကို စိစစ်ရွေးချယ်ခဲ့သည်။ ယင်းအလှမယ် ၅၀ ထဲမှ မေလ ၆ ရက်တွင် ဆန်ခါတင် အလှမယ် ၂၀ ကို စိစစ်ရွေးချယ်ခဲ့ရာ မေ ၂၆ ရက်တွင် အလှမယ်တစ်ဦးချင်းစီ၏ ပင်ကိုစွမ်းရည်ထက်မြက်မှုပြိုင်ပွဲတို့ကို ပြုလုပ်ခဲ့သည်။

ယနေ့ကျင်းပသည့် နောက်ဆုံးပြိုင်ပွဲတွင် မယ်ကမ္ဘာဆုရရှိခဲ့သူသည် ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အိမ်ရှင်အဖြစ်ကျင်းပမည့် နိုင်ငံတကာ မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။ **(ခင်ဇာလီ)**




## မယ်ကမ္ဘာ မြန်မာအလှမယ် ( ၂၀၁၆ ) သရဖူ ဆွတ်ခူးပိုင်ဆိုင်ခဲ့သည့် မြတ်သီရိလွင်

မယ်ကမ္ဘာ မြန်မာအလှမယ်ရွေးချယ်ပွဲကြီးကို ဇွန် ၄ ရက်က ကျင်းပခဲ့ရာ မယ်ကမ္ဘာမြန်မာအဖြစ် ရွေးချယ်ခံရသူ မြတ်သီရိလွင်အနေဖြင့် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲကြီးသို့ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ်တစ်ဦးအဖြစ် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက်(၁၇)နှစ်အရွယ်ရှိ အလှမယ် မြတ်သီရိလွင်သည် စိတ်ပညာဘာသာကျောင်းသူတစ်ဦးဖြစ်ပြီး ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပမည့် မယ်ကမ္ဘာအလှမယ် ၂၀၁၆ ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။

အလှမယ် မြတ်သီရိလွင်သည် မယ်ကမ္ဘာမြန်မာ ၂၀၁၆ သရဖူအပြင် Best Personality ဆုနှင့် People’s Choice Award ဆုတို့ကိုလည်း ဆွတ်ခူးရရှိခဲ့သည်။

မယ်ကမ္ဘာမြန်မာ ၂၀၁၆ ပြိုင်ပွဲအတွက် ဧပြီလကုန်ပိုင်းက ပြိုင်ပွဲဝင်အလှမယ် ၅၀ ကို စိစစ်ရွေးချယ်ခဲ့ပြီး ယင်းအလှမယ်များထဲမှ ဆန်ခါတင်အလှမယ် ၂၀ ဦးကို ထပ်မံစိစစ် ရွေးချယ်ခဲ့ကာ ၎င်းတို့အနက်မှ မယ်ကမ္ဘာမြန်မာအလှမယ်၊ 1st Runnerup ဆုနှင့် 2nd Runnerup ဆုတို့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**(ဖြိုးစန္ဒာမြင့်)**

## Pitch Perfect ဇာတ်လမ်းတွဲများကို ကျောခိုင်းလိုက်ပြီဖြစ်သည့် မင်းသမီး အဲလိဇဘက်ဘန့်ခ်

ဟောလိဝုဒ်မှ ရုပ်ရှင်ထုတ်လုပ်သူနှင့် ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်သူ အဲလိဇဘက်ဘန့်ခ်က အသစ်ထွက်ရှိလာမည့် Pitch Perfect ဇာတ်လမ်းတွဲများတွင် ဆက်လက်ပါဝင်တော့မည်မဟုတ်ကြောင်း အတည်ပြုထုတ်ဖော် ပြောကြားခဲ့သည်။

ဒုတိယမြောက်ဇာတ်ကားအထိ ထွက်ရှိခဲ့ပြီးဖြစ်သည့် အဆိုပါဇာတ်ကားများတွင် ပင်တိုင်ပါဝင်သရုပ်ဆောင်ခဲ့သူ အဲလိဇဘက်က တတိယမြောက်ဇာတ်ကားတွင် ၎င်းအနေဖြင့် ဆက်လက်ပါဝင်လိုခြင်းမရှိတော့ကြောင်း၊ အကယ်၍ ပြန်လည်ပါဝင်ဖြစ်ပါကလည်း ထုတ်လုပ်သူတစ်ဦးအဖြစ်သာ တွေ့မြင်ရဖွယ်ရှိကြောင်း ဇွန် ၃ ရက်က ၎င်း၏တွစ်တာစာမျက်နှာတွင်ရေးသားထားခဲ့သည်။

မင်းသမီး အဲလိဇဘက်အနေဖြင့် Pitch Perfect 3 ဇာတ်ကားတွင် ဆက်လက်မပါဝင်လိုသည့် အဓိကအကြောင်းရင်းကို ထုတ်ဖော်ပြောကြားခြင်းမရှိဘဲ Pitch Perfect 3 ဇာတ်ကားသစ်ကို ၂၀၁၇ ခုနှစ် နှစ်ကုန် ပိုင်းတွင် ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(မျိုးစန္ဒာမောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၆- ၆ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | -အဖွင့် <br> -မိုးလေဝသအစီအစဉ် <br> -ပြည်သူ့နီတိ “အချက်မသိတော့” |
| ၆း၃၀ | ကာတွန်းအစီအစဉ် "Paprika" (အပိုင်း-၁) |
| ၇း၀၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ” (အပိုင်း-၁၂) |
| ၇း၄၀ | နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ “အချစ်စစ်ရဲ့ အလှတရား” (အပိုင်း-၆၀) |
| ၈း၃၀ | MRTV Entertainment Music |
| ၈း၅၀ | ဗိုလ်ကလေးတင့်အောင် (အပိုင်း-၂) |
| ၉း၂၀ | နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၄၀ | မြန်မာဗီဒီယိုဇာတ်လမ်း “ဇာတ်လမ်းဟောင်းတွေရှိခဲ့ရင်” |
| ၁၂း၀၀ | -အစီအစဉ်ပြီး၏ |

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဌာန်းပါဠိတော်+ ရတနသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | “ဝိဒူရပညာရှိအကြောင်း” တရားတော်(အပိုင်း-၅) (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ) |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၈၄) |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် (မြန်မာအလှကုန်အသင်း Trends in Cosmetic Preservaton& Regulatory Update ဟောပြောပွဲအခမ်းအနား) |
| ၈း၀၀ | “မင်္ဂလာပါ” The Morning Show |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၁၁) |
| ၁၀း၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၁၅ | သွားမယ်စားမယ် (BULGOGI BROTHERS Korean Resturant) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)” (အပိုင်း-၉) |
| ၁၂း၃၅ | အနုပညာမိုးကောင်းကင် |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်” (အပိုင်း-၃၈) |
| ၃း၄၅ | ရန်ကုန်မြင်ကွင်းကျယ်(Food and Hotel Myanmar 2016 Goodhill Korea Center) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၈၅) |
| ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ “လူရည်ချွန်”(အပိုင်း-၃၉) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | Drive It |
| ၈း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အချစ်သစ္စာတည်စေသော်” (အပိုင်း-၁၂) |
| ၉း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)” (အပိုင်း-၁၀) |
| ၁၀း၁၀ | အနုပညာမိုးကောင်းကင် |
| ၁၁း၀၀ | World Of Knowledg (Monster Fish Himalayan Terror) |
| ၁၁း၄၅ | တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ရွှေယင်မျှော်စေတီတော်မြတ်ကြီး) |

### MWD

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၆ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၃၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရှေးဟောင်းသုတ |
| ၉း၁၀ | နှစ်(၇၀) ကျော်ကြားတေးများ |
| ၉း၂၀ | ကျန်းမာသုတ |
| ၉း၄၅ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၁၀း၀၀ | Casual Talk |
| ၁၀း၂၅ | မေးမြန်းစူးစမ်း |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | မြန်မာ့ရှုခင်း |
| ၁၁း၂၅ | ပျိုပျိုမေ |
| ၁၁း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၀၀ | အောင်မြင်ကျော်ကြားဓာတ်ပြားရတေးများ |
| ၁၂း၃၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၃း၀၀ | AYA Bank Cup 2016 ဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ) တိုက်ရိုက် (Live) ထုတ်လွှင့်မှုအစီအစဉ် |
| ၆း၀၀ | AYA Bank Cup 2016 ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) တိုက်ရိုက် (Live) ထုတ်လွှင့်မှုအစီအစဉ် |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း <br> နိုင်ငံတကာသတင်း <br> မိုးလေဝသသတင်း <br> ဘောလုံးကန်ကြမယ် <br> ကြယ်ကလေးတို့ရဲ့ ဂီတ <br> မိုးကောင်းကင် <br> ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် <br> ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဟိုတယ်ဘုရင် (အပိုင်း-၃၄) |

### mitv

| | |
|---|---|
| 07:26 | Gemstone Sculptor |
| 07:39 | Htan Taw Drums (Part-I) "Osi" |
| 07:52 | Colonial Buildings and a New Yangon |
| 08:26 | National Literary Icon & Guiding Light of Myanmar Literature: Sayar Zaw Gyi (Episode- 1) Childhood And Student Life |
| 08:47 | A Pilgrimage To Prominent Pagodas In Pakokku |
| 09:26 | Herbal Medicine By Thurein (Ta Bin Dine Mya Nan) (Vitis) |
| 10:26 | Those Who Never Give Up (Ep-5) Shwe Min Thar Foundation |
| 10:45 | Mahar Thakya Atula Man Aung - Nga Htat Kyee |

**Prime Time**

| | |
|---|---|
| 07:26 | Food Trip (Ep-9) (Part -1) |
| 07:52 | Great Minds of Myanmar (Anthropologist U Kyaw Win) |
| 08:26 | Taste Of Myanmar (Papaya Salad) |
| 08:45 | Young Lady Musician: Nge Nge Lay |

# လက်ရှိယူရို ၂၀၁၂ ချန်ပီယံစပိန်အသင်း အပါအဝင် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့် အသင်းငါးသင်း

**ပြင်သစ်မြေမှာ ဇွန် ၁၀ ရက်ကနေ ဇူလိုင် ၁၀ ရက်အထိ ကစားမယ့် ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် အသင်း ၂၄ သင်းအနက်မှ ယူရိုဖလားရရှိနိုင်ပြီး ပြိုင်ပွဲမှာလည်း ပရိသတ်ကို စိတ်ဝင်စားမှုတွေ အပြည့်ပေးနိုင်မယ့် အသင်းငါးသင်းကို ရွေးထုတ်လိုက်ပါပြီ။ အဲဒီအသင်းတွေကတော့ ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ စပိန်၊ အင်္ဂလန် တို့ပဲဖြစ်ပါတယ်။ ဝေလအသင်းကတော့ ယူရိုပြိုင်ပွဲရဲ့ ဖျက်မြင်းအသင်းအဖြစ် သတ်မှတ်ခံထားရပါတယ်။**




**ဂျာမနီ**
**နည်းပြ - ဂျိုအာချင်လိုး**
**အသင်းခေါင်းဆောင် - ရှဝိန်းစတိုင်ဂါ**
**အဓိကကစားသမား - သောမက်မူလာ**
**ကမ္ဘာ့အဆင့် - ၅**

၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီဟာ အခုယူရိုပြိုင်ပွဲမှာ ဖလားရရှိဖို့ရေပန်းစားနေတဲ့အသင်းတွေထဲက တစ်သင်းပါ။ နောက်ဆုံးခြောက်ပွဲမှာ လေးပွဲအထိရှုံးပွဲကြုံခဲ့တယ်ဆိုပေမယ့် အတွေ့အကြုံရင့်တဲ့ လူငယ်ကစားသမားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်လို့ နည်းပြဂျိုအာချင်လိုးရဲ့ ဂျာမနီအသင်းဟာ ပြင်သစ်နဲ့ စပိန်ပြီးရင် ကမ္ဘာ့ဖလားနဲ့ ယူရိုဖလားကို ရယူနိုင်စွမ်းရှိတဲ့ တတိယမြောက်အသင်းလည်း ဖြစ်ပါတယ်။ ဂျာမနီအသင်းခေါင်းဆောင် ဖိလစ်လမ်း အနားယူသွားခဲ့ပြီးနောက် အသင်းခေါင်းဆောင်အသစ်ဖြစ်တဲ့ ရှဝိန်းစတိုင်ဂါဟာ သူ့ရဲ့လက်ရွေးစင်အသင်းနဲ့အတူ ပထမဆုံးအသင်းခေါင်းဆောင်တာဝန်ကို ထမ်းဆောင်ရတော့မှာပါ။ ဂျာမနီအသင်းမှာ ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဂွန်ဒိုဂန်နဲ့ မာကိုရုစ်တို့ ပါဝင်လာခြင်းမရှိပေမယ့် ချူအာ၊ မူလာ၊ အိုဇေးလ်၊ ဟမ်မဲလ်တို့လို ကစားသမားတွေ ရှိနေတာမို့ ပြင်သစ်မြေမှာ ယူရိုဖလားရယူနိုင်မယ့်အသင်းတွေထဲက တစ်သင်းအပါအဝင်အဖြစ် သတ်မှတ်ခံထားရတဲ့ အသင်းလည်းဖြစ်ပါတယ်။

**ပြင်သစ်**
**နည်းပြ - ဒီဒီယာဒက်ချန့်**
**အသင်းခေါင်းဆောင် - ဟူဂိုလိုးရစ်**
**အဓိကကစားသမား - ပေါ့ဘာ**
**ကမ္ဘာ့အဆင့် - ၂၁**

အိမ်ရှင်အသင်းဖြစ်တဲ့ ပြင်သစ်ဟာ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာမပါဝင်နိုင်တာကလွဲရင် ကစားသမားပိုင်းအရ ရလဒ်ပိုင်းပြောင်းလဲသွားစရာမရှိနိုင်တဲ့ အနေအထားပါ။ နည်းပြဒက်ချန့်ရဲ့ ပြင်သစ်အသင်းမှာ အက်သလက်တီကိုမက်ဒရစ်မှာ ခြေစွမ်းပြနေတဲ့ ဂရစ်ဇ်မန်း၊ ဂျူဗင်တပ်ရဲ့ အားထားရတဲ့ ပေါ့ဘာ၊ ဝက်စ်ဟမ်းကစားသမား ပါယက်၊ မန်ယူလူငယ်ကစားသမား မာရှယ်၊ အသင်းခေါင်းဆောင် ဟူဂိုလိုးရစ်တို့ရှိနေတာကြောင့် အိမ်ရှင်ဆိုတဲ့ အားသာချက်နဲ့အတူ ယူရိုဖလားရရှိနိုင်မယ့်အသင်းအဖြစ် ရေပန်းစားနေခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲသာရှုံးပွဲကြုံခဲ့တာကိုလည်း တွေ့ရမှာပါ။

**ဘယ်လ်ဂျီယံ**
**နည်းပြ - ဝီလ်မော့**
**အသင်းခေါင်းဆောင် - ဟာဇက်**
**အဓိကကစားသမား - ဒီဘရူနီ**
**ကမ္ဘာ့အဆင့် - ၂**

ဘယ်လ်ဂျီယံအသင်းမှာ ကွန်ပနီဒဏ်ရာကြောင့်မပါဝင်နိုင်ခဲ့လို့ တိုက်စစ်မှူး ဟာဇက်ဟာ အသင်းခေါင်းဆောင်အဖြစ်နဲ့တာဝန်ယူရမှာဖြစ်ပြီး ဘယ်လ်ဂျီယံရဲ့ တိုက်စစ်ပိုင်းမှာလည်း အငယ်ဆုံးကစားသမားလို့ဆိုရမှာပါ။ အခုနှစ်ရာသီမှာ ချယ်လ်ဆီးနဲ့အတူ အကောင်းဆုံးခြေစွမ်းမရရှိခဲ့ပေမယ့် မန်စီးတီးတိုက်စစ်မှူး ဒီဘရူနီ၊ အဲဗာတန်တိုက်စစ်မှူးလူကာကူတို့ ပါဝင်လာခြင်းကြောင့် ဘယ်လ်ဂျီယံရဲ့ တိုက်စစ်ပိုင်းဟာ တောင့်တင်းမှုအပြည့်ရှိနေပါတယ်။ ကမ္ဘာ့အဆင့်(၂)မှာ ရပ်တည်နေတဲ့အသင်းဖြစ်တဲ့ ဘယ်လ်ဂျီယံအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ တစ်ပွဲသာ ရှုံးပွဲကြုံခဲ့ပြီး ယူရိုခြေစစ်ပွဲစဉ်တွေမှာလည်း ရလဒ်ပိုင်းကောင်းမွန်ခဲ့တာကြောင့် အခုယူရိုပြိုင်ပွဲမှာ ဖလားရရှိမယ့် အသင်းအဖြစ် ရေပန်းစားနေတာဖြစ်ပါတယ်။

**စပိန်**
**နည်းပြ - ဒယ်ဘိုစကေး**
**အသင်းခေါင်းဆောင် - ကာစီးလက်**
**အဓိကကစားသမား - ဒေးဗစ်ဆေးလ်ဗား**
**ကမ္ဘာ့အဆင့် - ၆**

စပိန်အသင်းဟာ ယူရို ၂၀၁၂ ပြိုင်ပွဲမှာ ဆုဖလားသိမ်းပိုက်နိုင်ခဲ့တာကြောင့် လက်ရှိချန်ပီယံအဖြစ်နဲ့ အခုပြိုင်ပွဲကို ဝင်ရောက်လာတာဖြစ်ပါတယ်။ စပိန်အသင်းကို ဂျူဗင်တပ်တိုက်စစ်မှူး မိုရက်တာ၊ ရီးယဲလ်တိုက်စစ်မှူး လူးကပ်ဘတ်စကွက်၊ ဘီဘာအိုတိုက်စစ်မှူးအက်ဒူရစ်ဇ်တို့ ဦးဆောင်လာမှာဖြစ်သလို ကွင်းလယ်ပိုင်းမှာလည်း ကိုကီ၊ ဖာဘရီဂတ်စ်၊ ပက်ဒရို၊ ဒေးဗစ်ဆေးလ်ဗား၊ အယ်လ်ကန်တာရာတို့ရှိနေပါတယ်။ နောက်တန်းမှာဆိုရင်လည်း ရာမို့စ်၊ ပီကေး၊ အက်ပလီကူတာ၊ ဂျူအန်ဖရန်တို့လို ဝါရင့်ကစားသမားတွေရှိနေတယ်။ ၂၀၁၄ ကမ္ဘာ့ဖလားမှာတော့ ထင်တိုင်းမပေါက်ဖြစ်ခဲ့ပေမယ့် ယူရိုပြိုင်ပွဲနဲ့ ကံစပ်ခဲ့တဲ့ လက်ရှိချန်ပီယံစပိန်အသင်း ယူရိုပြိုင်ပွဲမှာ ထပ်မံဗိုလ်စွဲဖို့ ရေပန်းစားနေတာဖြစ်တယ်။

**အင်္ဂလန်**
**နည်းပြ - ရွိုင်းဟော့ဂ်ဆန်**
**အသင်းခေါင်းဆောင် - ရွန်းနီ**
**အဓိကကစားသမား - ဟယ်ရီကိန်း**
**ကမ္ဘာ့အဆင့် - ၁၀**

အင်္ဂလန်အသင်းဟာ နောက်ဆုံးငါးပွဲမှာ တစ်ပွဲပဲရှုံးနိမ့်ခဲ့သလို ယူရိုခြေစစ်ပွဲတွေမှာလည်း လူငယ်ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းကောင်းမွန်မှုကြောင့် ယူရို ၂၀၁၆ ဖလားကို ဆွတ်ခူးနိုင်မယ့်အသင်းအဖြစ် ရေပန်းစားနေပါတယ်။ အဲဒါအပြင် ယူရိုပွဲမတိုင်မီ ခြေစမ်းပွဲတွေမှာလည်း အကောင်းဆုံးရလဒ်ထွက်ပေါ်ထားခဲ့တယ်။ လက်ရှိအင်္ဂလန်ရဲ့ တိုက်စစ်ပိုင်းမှာဆိုရင် ဟယ်ရီကိန်း၊ ဗာဒီတို့နဲ့အတူ မန်ယူအသင်းရဲ့ လူငယ်ကစားသမား ရက်ရှ်ဖို့ဒ်ကိုပါ နည်းပြရွိုင်းဟော့ဂ်ဆန်အနေနဲ့ ထည့်သွင်းလာခဲ့ပြီး အဲဒီကစားသမားသုံးဦးစလုံးရဲ့ ကလပ်အသင်းတွေမှာ ကစားခဲ့တဲ့ခြေစွမ်းကလည်း အင်္ဂလန်လက်ရွေးစင်အသင်းအတွက် အားထားရမယ့်ခြေစွမ်းမျိုးဖြစ်ခဲ့ပါတယ်။ နောက်တန်းမှာဆိုရင် ဂွန်စတုန်း၊ ဝေါ်ကာ၊ ဒန်နီရို့စ်၊ စမောလင်းတို့လို ကစားသမားတွေရှိနေတဲ့အပြင် ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဒီလီအယ်လ်လီ၊ မီနာ၊ လယ်လာနာ၊ စတာလင်းတို့ကလည်း တိုက်စစ်အထိကစားနိုင်တဲ့အတွက် အင်္ဂလန်အသင်းရဲ့ ယူရိုပြိုင်ပွဲရလဒ်ဟာ ထင်ထားတဲ့အတိုင်းဖြစ်လာလိမ့်မယ်လို့ ကောက်ချက်ချထားကြပါတယ်။

အခုပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့်အသင်းငါးသင်းအပြင် ဖျက်မြင်းအသင်းအဖြစ် ဝေလအသင်းကို သတ်မှတ်ထားပြီး ဝေလအသင်းမှာဆို နည်းပြကိုးလ်မန်းက ယူရိုပြိုင်ပွဲအတွက် အသင်းခေါင်းဆောင် အက်ရှ်လေဝီလီယံ၊ ရမ်ဆေး၊ ဂျိုးအယ်လ်လန်း၊ ဂါရတ်ဘေးလ်တို့ကို ခေါ်ယူထားခဲ့တာကြောင့် ကစားသမားပိုင်းမှာ တောင့်တင်းတဲ့ အနေအထားတစ်ရပ်မှာရှိနေပါတယ်။ ဒါကြောင့် ဝေလအသင်းဟာလည်း ပြင်သစ်မြေမှာကစားမယ့် ယူရိုပြိုင်ပွဲမှာ စောင့်ကြည့်ရမယ့်အသင်းလည်းဖြစ်ပါတယ်။ **(နိုင်လင်းကြည်)**

# လက်စတာစီးတီးတိုက်စစ်မှူး ဗာဒီအားခေါ်ယူရန် အာဆင်နယ်စီစဉ်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်း၏ တိုက်စစ်မှူး ဗာဒီအား ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။ တိုက်စစ်မှူးဗာဒီသည် လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိရေးအတွက် လက်စတာစီးတီးအသင်းအတွက် သွင်းဂိုး ၂၄ ဂိုးအထိသွင်းယူပေးခဲ့ပြီး လက်ရှိတွင်လည်း နည်းပြရွိုင်းဟော့ဂ်ဆန်၏ အင်္ဂလန်အသင်းနှင့်အတူ ပြင်သစ်မြေတွင် ကစားမည့် ယူရို ၂၀၁၆ ပြိုင်ပွဲတွင်လည်း ပါဝင်ကစားရမည်ဖြစ်သည်။




တိုက်စစ်မှူး ဗာဒီသည် ၂၀၁၂ ခုနှစ်အတွင်းက ဖလိဝုဒ်အသင်းမှ လက်စတာစီးတီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် တစ်သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

ဗာဒီသည် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် အက်ဖ်ဒဗလျူအေ၏ တစ်နှစ်တာအကောင်းဆုံးဆုကို ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး အင်္ဂလန်အသင်းအတွက် ပွဲစဉ် ရှစ်ပွဲတွင် သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ခဲ့သူဖြစ်သည်။ **(ငွေကြယ်)**

## ဘောလုံးလောကသတင်းတိုများ

- ❒ မန်ယူအသင်းသည် ဂျာမန်ဘွန်ဒက်လီဂါကလပ်ဒေါ့မွန်အသင်းမှ ဂါဘွန်ကြယ်ပွင့် အော့ဘာမေယန်အား ခေါ်ယူရန် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- ❒ ပရီမီယာလိဂ်လက်ရှိချန်ပီယံ လက်စတာစီးတီးအသင်းသည် ဆောက်သမ်တန်အသင်းမှ ကင်ညာကွင်းလယ်ကစားသမား ဝန်ယာမာအား ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- ❒ ပီအက်စ်ဂျီအသင်းမှ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်သည် လက်ရှိကလပ် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာကာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန်ဆန္ဒရှိနေကြောင်းသိရသည်။ အီဘရာဟီမိုဗစ်ချ်သည် စပါးအသင်း၏ကမ်းလှမ်းမှုကို ငြင်းဆိုထားပြီး ယူရို ၂၀၁၆ ပြိုင်ပွဲပြီးပါက မန်ယူအသင်းသို့ ပြောင်းရွှေ့ရန် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီထားကြောင်းသိရသည်။
- ❒ အီတလီစီးရီးအေကလပ် ရိုးမားအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား နိုင်ဂိုလန်အား ချယ်လ်ဆီးအသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။
- ❒ ခရစ္စတယ်ပဲလေ့အသင်းသည် နယူးကာဆယ်အသင်းမှ အင်္ဂလန်တောင်ပံကစားသမား တောင်ဆန်အား ပြောင်းရွှေ့ကြေးပေါင်ရှစ်သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။

# ချယ်လ်ဆီးအသင်းက ကန်တီအားခေါ်ယူရန်စီစဉ်လျက်ရှိ




ပရီမီယာလိဂ်ကလပ်ချယ်လ်ဆီးအသင်းသည် လက်စတာစီးတီး ကွင်းလယ်ကစားသမား ကန်တီအားခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းသည် နိုင်ဂိုလန်အား ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့သောကြောင့် ကွင်းလယ်ကစားသမား ကန်တီအားခေါ်ယူရန်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ ကန်တီသည်လည်း လက်ရှိကလပ် လက်စတာစီးတီးအသင်းမှ အပြောင်းအရွှေ့ကာလအတွင်း အသင်းမှထွက်ခွာရန်စီစဉ်ထားခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။ **(ငွေကြယ်)**

# ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၌ ခရီးဆောင်အိတ်အမျိုးမျိုးရောင်းသည့်ဆိုင်၌ မီးလောင်မှုဖြစ်ပွား၍ အဆောက်အအုံအပေါ်ထပ်နေထိုင်သူများကို သက်ဆိုင်ရာက ကယ်ဆယ်မှုများပြုလုပ်ခဲ့ရ



**ရန်ကုန် ဇွန် ၅**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ ခရီးဆောင်အိတ်အမျိုးမျိုးရောင်းသည့်ဆိုင်တွင် လျှပ်စစ်ဝါယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် အဆောက်အအုံအပေါ်ထပ်တွင် နေထိုင်သူများကို ကယ်ဆယ်မှုများ ပြုလုပ်ခဲ့ရသည်။

"မီးတောက် သိပ်မတွေ့ရဘူး။ ငါးထပ်တိုက်ရဲ့လှေကားခွင် ထပ်ခိုးထဲမှာ လောင်နေတာဆိုတော့ မီးခိုးတွေပဲများနေတယ်။ အပေါ်ထပ်တွေမှာနေတဲ့သူတွေ မီးခိုးမွန်နေလို့ ပထမတော့ လှေကားနဲ့ကယ်ဆယ်မှုတွေလုပ်နေတယ်။ နောက်ပိုင်းမှာတော့ အပေါ်ဆုံးထပ်မှာ လူတွေစုခိုင်းပြီး မီးသတ်က ကရိန်းတွေနဲ့ ကယ်နေတာကို တွေ့ရပါတယ်။ အပေါ်ထပ်တွေမှာ အသက်ကြီးပိုင်းတွေရှိတဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေက စွမ်းစွမ်းတမံကယ်တင်မှုတွေလုပ်နေတာကိုတွေ့ရတယ်"ဟု အဆိုပါဖြစ်ပွားမှုအနီးနေထိုင်သူ ကိုမြင့်သိန်းက ပြောသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က အဆိုပါမြို့နယ် အမှတ် (၈)ရပ်ကွက် ရွှေဘုံသာလမ်း (အထက်ဘလောက်)ရှိ တိုက်အမှတ် (၄၀၀)၏ လှေကားခွင်၌ ဖွင့်လှစ်ထားသော မြင့်ဦးနှင့်သားများ ခရီးဆောင်အိတ်အမျိုးမျိုးအရောင်းဆိုင်မှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် ၁၅၀ ခန့်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင် ၉၁ ဦး၊ ခရိုင်ရဲတပ်ဖွဲ့ဝင်တို့က မီးငြိမ်းသတ်ယာဉ် ၂၀ စီး၊ တိုင်းကြက်ခြေနီမှ လူနာတင်ယာဉ်များအပါအဝင် အထောက်အကူပြုယာဉ် ၁၂ စီး၊ ကွပ်ကဲမှုယာဉ် သုံးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားပြီး မီးလောင်နေစဉ်အတွင်း အဆိုပါအဆောက်အအုံအပေါ်ထပ် နေထိုင်သူများကို အထပ်မြင့်ကရိန်းဖြင့် ကယ်ဆယ်မှုများ ပြုလုပ်ခဲ့သည်။

"ခရီးဆောင်အိတ်တွေ၊ မြွေရေခွံအိတ်တွေရောင်းတဲ့ဆိုင်က စတင်ပြီးလောင်တာပါ။ ပိတ်ထားတဲ့ ဆိုင်ထဲမှာလောင်နေတာဆိုတော့ ပတ်ဝန်းကျင်က ချက်ချင်းမသိကြပါဘူး။ မီးခိုးတွေအပြင်ထွက်လာမှ သိကြတဲ့အနေအထားပါ။ စလစ်လောင်းထားတဲ့ထပ်ခိုးထဲမှာ အကန့်လေးတွေနဲ့ ပစ္စည်းတွေထားထားတာဆိုတော့ ငြိမ်းသတ်တဲ့အခါမှာ ရေက တိုက်ရိုက်မရောက်တော့ အချိန်ကြာသွားတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ဆေးမှုတွေအရတော့ ခရီးဆောင်အိတ်တွေတင်ပါများတော့ ခတ်လှေကားအပေါင်းထဲမှာရှိတဲ့ ဖြူးစ်က နဲ့ပြီး မထိတထိဖြစ်ရာကနေ မီးလောင်မှုစဖြစ်ခဲ့တာပါ။ မီးသတ်ယာဉ်စေလွှတ်မှု အပိုင်းကတော့ Level-2 အဆင့်နဲ့ ငြိမ်းသတ်ခဲ့ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက ပြောသည်။

အဆိုပါမီးလောင်မှုကြောင့် ခရီးဆောင်အိတ်အမျိုးမျိုးအပါအဝင် ပီနံအိတ်များနှင့် ဦးထုပ်များ မီးလောင်သွားခဲ့သဖြင့် ငွေကျပ် နှစ်သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း ဦးသော်ဒါက ဆိုသည်။ ထို့အပြင် အဆိုပါအဆောက်အအုံ အပေါ်ထပ်တွင် နေထိုင်သူ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး လေးဦးမှာ မီးခိုးမွန်မှုကြောင့် ရန်ကုန်ဆေးရုံကြီးသို့ (မစိုးရိမ်ရ) လူနာများအဖြစ် ပို့အပ်ခဲ့ရသည့်အပြင် မီးငြိမ်းသတ်ရာတွင် ပါဝင်သူ မင်္ဂလာတောင်ညွန့်မြို့နယ်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး ခြေထောက်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် ဆေးကုသမှုခံယူခဲ့ရကြောင်း တိုင်းကြက်ခြေနီတပ်ဖွဲ့မှ သိရသည်။

ထိုဖြစ်ပွားမှုကြောင့် ဆိုင်ရှင်အား ပန်းဘဲတန်းမြို့နယ် ရဲစခန်းက ဥပဒေအရ အမှုဖွင့်လှစ်၍ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

နိုင်ငံတကာသတင်းဂျာနယ်



- အမေရိကန်-ဆော်ဒီ ညောင်ညိုပင်လမ်းခွဲ ရေနံနိုင်ငံရေးနှင့် မဟာဗျူဟာအလားအလာ
- အိန္ဒိယမှ ဒေါ်လာသိန်းချီချမ်းသာသည့် သူတောင်းစား
- ပိုလန်တပ်မတော်၏ ဝက်ဝံစစ်သည်
- ပါကစ္စတန်သည် တရုတ်တို့၏ ကိုလိုနီတပ်စခန်းဖြစ်နေပြီလား
- ကေဂျီဘီအတွက် သူလျှိုလုပ်ခဲ့သူ ကမ္ဘာကျော်စာရေးဆရာကြီး
- အရှေ့အလယ်ပိုင်းအရှုပ်အထွေးမှ အိုဘားမားရုန်းထွက်နိုင်မလား
- ဖေ့စ်ဘွတ်မှ လိင်ကျေးကျွန်လုပ်ငန်းလုပ်ဆောင်နေသောအိုင်အက်စ်များ
- ကမ္ဘာတစ်ဝန်းရောဂါများပြန့်ပွားရသည့် အဓိကအကြောင်းရင်း လေးခု
- ဂေါ်ရီလာမျောက်ဝံ ဟာရမ်ဘီ သေဆုံးခဲ့ရသည့်အကြောင်း

စသည့် သတင်းဆောင်းပါးများနှင့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ အမှုထမ်းများ၊ အင်္ဂလိပ်ဘာသာလိုက်စားသူများအတွက် အင်္ဂလိပ်ဘာသာသင်ခန်းစာနှင့် လေ့ကျင့်ခန်းများ ထည့်သွင်းဖော်ပြထားပါသည်။

နယ်စာဖတ်ပရိသတ်များ ကြိုတင်မှာယူပါက ကိုယ်စားလှယ်ကြီးများထံမှ တစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀ ဖြင့် အရောက်ပေးပို့ပါမည်။

ကြော်ငြာထည့်သွင်းလိုပါက ရန်ကုန်မြို့ - အမှတ်-၇၇၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော် - ရုံးအမှတ်(၇)နှင့် ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ ကြေးမုံသတင်းစာတိုက်တို့တွင် ဈေးနှုန်းချိုသာစွာဖြင့် ထည့်သွင်းနိုင်ပါသည်။

ဖုန်း - ၀၁ - ၈၆၁၀၆၈၅၊ ၀၁ - ၂၉၂၈၃၀၊ ၀၆၇ - ၃၆၁၂၄

# မြန်မာ ယူ-၁၄ အမျိုးသမီးအသင်း တတိယနေရာလုပွဲ၌ ရှုံးနိမ့်

**လာအို ဇွန် ၅**

လာအိုနိုင်ငံတွင် ကျင်းပလျက်ရှိသည့် ၂၀၁၆ အာရှ ယူ-၁၄ (အာဆီယံဇုန်) အမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းက ကျင်းပရာ မြန်မာယူ -၁၄ အသင်းမှာ စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာအသင်းမှာ တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် ကစားခဲ့ရပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အုပ်စုတွင်း တွေ့ဆုံစဉ်က ဗီယက်နမ်အသင်းကို သရေကစားနိုင်ခဲ့သော်လည်း ယခုပြန်လည်တွေ့ဆုံရာတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲတွင် ထိုင်းအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**(ဖိုးသော်ဇင်)**

## ရွှေကံကူဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင် တြိဖလ စေတီတော် ထီးတော်တင်ခြင်း၊ ဘုရားအနေကဇာတင် ပူဇော်ခြင်းနှင့် ကံထပ်မင်္ဂလာဖိတ်ကြားလွှာ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ ရန်အောင်မြင်ရပ်ကွက်တွင်း ပွင့်ထူးပေါ်ပေါက်တော်မူသော ရွှေကံကူ လေပျံသစ်တော် ရုပ်ရှင်တော်မြတ်မှ ရွှေကံကူသာသနာပြု မိသားစုနှင့် ပဋ္ဌာန်းဆက် ဆွေတော်မျိုးတော်အပေါင်းတို့ တည်ထားကိုးကွယ်သော ရွှေကံကူဆံတော်ရှင် စွယ်တော်ရှင် ပြဒါးရှင် တြိဖလစေတီတော်ကြီးကို ထီးတော်တင်မင်္ဂလာ၊ ဘုရားအနေကဇာတင်မင်္ဂလာတို့ ကျင်းပပူဇော်ပြီးလျှင်-

မန္တလေးမြို့ တောင်စလင်းတိုက်သစ်မှ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဝါးခင်းကုန်းဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ၊

- မန္တလေးမြို့၊ မစိုးရိမ်တိုက်ဟောင်းမှ မန္တလေးတိုင်းဒေသကြီးသံဃနာယက ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊
- ရွှေကြက်ယက်တောင်တော်ဓမ္မာရုံတိုက်သစ် ရှမ်းကျောင်းမှ တိုက်အုပ်ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂ
- ရွှေကြက်ယက်ရွာ မင်္ဂလာအုဋ်ကျောင်းဆရာတော် ဘဒ္ဒန္တရေဝတတို့အား ကံထပ်ပူဇော်ခြင်း မင်္ဂလာနှင့် ရွှေကြက်ယက်ရွာနေ ဦးမြင့်ဦး ကို ရဟန်းခံမင်္ဂလာ ကုသိုလ်ယူကြည်ညိုကြရန် ရွှေကံကူမိသားစုမှ အနယ်နယ်အရပ်ရပ်မှ သာဝကများအား ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

**အလှူတော်မင်္ဂလာအစီအစဉ်**

**ထီးတော်တင် မင်္ဂလာအစီအစဉ်**

နေ့ရက် - ၁၃၇၈ခုနှစ်၊ နယုန်လဆန်း(၃)ရက်၊ ၈-၆-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)
အချိန် - ထီးတော်တင်ချိန်နံနက် ၇နာရီမှ နံနက် ၁၀နာရီထိ
ဌာန - အမရပူရမြို့နယ်၊ ရွှေကြက်ယက်တောင်တော်။

**ဘုရားအနေကဇာတင်မင်္ဂလာနှင့် ကံထပ်မင်္ဂလာအစီအစဉ်**

နေ့ရက် - ၁၃၇၈ခုနှစ်၊ နယုန်လဆန်း(၄)ရက်၊ ၉-၆-၂၀၁၆ရက်(ကြာသပတေးနေ့)
အချိန် - ဘုရားအနေကဇာတင်ချိန် နံနက် ၇ နာရီမှ နံနက် ၈နာရီအထိ
- ကံထပ် ရဟန်းခံချိန် နံနက် ၉နာရီမှ နံနက် ၁၀နာရီ
ဌာန - ဓမ္မာရုံတိုက်သစ်၊ရှမ်းကျောင်း၊ ရွှေကြက်ယက်တောင်တော်။

## ပညာရေးဝန်ကြီးဌာန နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) အတွက် သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၁၆ ခုနှစ်၊ ဇွန်လ(၁) ရက်နေ့တွင် ပညာရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ပညာရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ သက်မွေးပညာရပ်ဆိုင်ရာ သင်တန်းများကို ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) မည်သည့်နှစ်တွင်မဆို အခြေခံပညာမူလတန်း(စတုတ္ထတန်း) အောင်မြင်သူဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်း ကျန်းမာသူဖြစ်ရမည်။

၃။ အပတ်စဉ်တစ်ခုလျှင် သင်တန်းသား(၂၀)ဦးစီ လက်ခံသင်ကြားပေးမည်ဖြစ်သည်။

၄။ လုပ်ငန်းခွင်ကျွမ်းကျင်သောသင်တန်းသားများ မွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းပြီးဆုံးကြောင်း အသိအမှတ်ပြုအောင်လက်မှတ် (Certificate) ရရှိမည်ဖြစ်ပါသည်။

၅။ ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)သို့ တက်ရောက်ခွင့်ရရှိသော သင်တန်းသားများအတွက် သင်တန်းတက်သည့်ကာလများအတွင်း သင်တန်းကြေးနှင့် စားစရိတ်မှာ အခမဲ့ဖြစ်ပြီး နေထိုင်ရန် အဆောင်စီစဉ်ပေးပါမည်။

**ဖွင့်လှစ်မည့် သင်တန်းများနှင့် သင်တန်းကာလ**

(က) လယ်ယာသီးနှံနှင့် ဥယျာဉ်ခြံသီးနှံများအား GAP နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းသင်တန်း
[သင်တန်းကာလ-(၁)လ]
(ခ) ငါးဖိန်းသားဖောက်သင်တန်းနှင့် ငါးဆေးထိုးသားဖောက်သင်တန်း
[သင်တန်းကာလ-(၂) ပတ်]
(ဂ) တစ်လုံးထိုးအင်ဂျင်ပြုပြင်ခြင်းသင်တန်း
[သင်တန်းကာလ-(၁)လ]
(ဃ) အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း
[သင်တန်းကာလ-(၁)လ]

**သင်တန်းဖွင့်လှစ်မည့်ရက်**

ဇွန်လ ၁၅ရက်၊ ၂၀၁၆ခုနှစ်

**သင်တန်းနေရာ**

ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) မိုင်းပေါက်လမ်း၊ မကျီးစင်ကျေးရွာအနီး၊ ညောင်ရွှေမြို့။

**ဆက်သွယ်စုံစမ်းရန်ဖုန်းနံပါတ်**

ငါးလုပ်ငန်းဦးစီးဌာန - ၀၉-၅၁၈၇၁၂၄
စိုက်ပျိုးရေးဦးစီးဌာန - ၀၉-၄၂၈၂၀၈၄၀၀
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန-၀၉-၄၃၀၂၆၃၄၃၊ ၀၆၇-၄၀၉၂၄၃
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန-၀၆၇-၄၀၄၅၀၅
ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI) ၀၉-၅၂၁၅၆၄၉
(လျှောက်လွှာများကို ၁၃-၆-၂၀၁၆ရက် နောက်ဆုံးထား၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရယူလျှောက်ထားနိုင်ပါသည်။)

**ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း(NVTI)**

## တိုက်ခန်းရောင်းမည်

လမ်းမတော်၊ ဗဟိုစည်အိမ်ရာ၊ (၂၇×၄၇)ပေ၊ ဟောင်ကောင် ၂လွှာ (၅လွှာ+၆လွှာ)+မြေညီတွင် ကားဂိုဒေါင်(၁)ခန်းပါသည်။ အသင့်နေနိုင်၊ အဆင့်မြင့်ပြင်ဆင်ပြီး ရေ၊ မီး၊ အဲကွန်း၊ ကြိုးဖုန်း၊ စကိုင်းနက်၊ ကျောင်း၊ ဈေးကားဂိတ်နီးသည်။

**ဖုန်း-၀၉၅၁၇၈၀၁၉၊ ၀၉၅၁၉၉၄၆၉**

## Junction မော်တင်စင်တာရှေ့ မြေညီ(၂)လွှာ ငှားမည်

လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အလွန်စည်ကားသည့် မော်တင်စင်တာရှေ့ တည့်တည့် မြေညီ(၂)လွှာ ငှားမည်။ အကျယ် (၁၂½×၅၀)ပေ ပြင်ဆင်ပြီး အိမ်သာရေချိုးခန်း(၂)စုံပါဝင်သည်။ Money Changer၊ ကုမ္ပဏီ Showroom၊ 24 Hour Mini Mart ဖွင့်ရန် အထူး သင့်လျော်သည်။ တစ်လ(၁၈)သိန်း၊ (ညှိနှိုင်း) ဂျပန်စားသောက်ဆိုင်ရသည်။

**ကိုအံ့ကူ၊ ဖုန်း ၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇**

## ကွန်ဒိုတိုက်ခန်းအသစ် ရောင်းမည်

စမ်းချောင်း-မင်းလမ်း၊ အကျယ် (၂၇×၅၂)ပေ၊ (1500 sqft)၊ 1M,1B၊ 5လွှာ၊ (Lift)တိုက်သစ် (စီးတီးမတ်အနီး)
လူမနေရသေး(ညှိနှိုင်း)
ဖုန်း-၀၉-၄၂၀၁၅၇၈၄၂

## သွေးသည် အသက်

## အမြန်ရောင်းရန်ရှိသည်

ဆောက်လုပ်ရေးသုံး သံချည်သံကွေးစက်
(၁) သံဖြတ်စက်
(၂) သံဖြောင့်စက်
(၃) သံကွေးစက်
ဆက်သွယ်ရန်-ဖုန်း-၀၉၄၂၀၀၆၈၇၇၁

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ဧရာဦးမြို့နယ်၊ ရွာဟုကြီးကျေးရွာ အထက(ခွဲ)ရွာဟုကြီး နဝမတန်းမှ မောင်အေးမင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင် (၅/ရညန(နိုင်)၀၀၀၁၃၇) ဖြစ်ပါသည်။

## အမြန်ငှားမည်

(၁) လှိုင်မြို့နယ်၊ ပြည်လမ်းနှင့်ရွှေဟင်္သာလမ်းထောင့် ရွှေဟင်္သာကွန်ဒို၊ တိုက်(A) ၅လွှာ၊ 2100 sqft, 1MB & 2SB, 5A/C, ကျွန်းပါကေးခင်း၊ ဖုန်း၊ အင်တာနက်လိုင်းပါ။ 24 hour ရေ၊ မီး၊ ပရိဘောဂအပြည့်အစုံ၊ အဆင့်မြင့်ပြင်ဆင်ပြီး အသင့်နေနိုင်။ (Condo Facility: 2Lifts, Basement Carparking, PABX, Swimming Pool & 24 hour Security)
(၂) အရှေ့ရွှေဂုံတိုင်လမ်းမပေါ်၊ အောင်ချမ်းသာအိမ်ရာ၊ ပထမထပ်၊ ၂၅ပေ×ပေ၅၀၊ 1MB & 2SB, 4A/C, ဝါး ပါကေးခင်း၊ Lift ပါ၊ Basement Carparking၊ ပြင်ဆင်ပြီး အသင့်နေနိုင်။ ဖုန်းပါ။
အကျိုးဆောင်များဆက်သွယ်နိုင်ပါသည်။

**ဆက်သွယ်ရန်-၀၉-၄၂၁၁၂၂၂၄၂၊ ၀၉-၅၀၇၃၂၉၁၊ ၀၉-၅၁၃၈၄၁၇**

၂၁ ရာစု ပင်လယ်ရေကြောင်း ပိုးလမ်းမဟု လူသိများပြီး နိုင်ငံပေါင်းစုံကျယ်ကျယ်ပြန့်ပြန့်ပါဝင်သော စီးပွားရေးလမ်းကြောင်းတစ်ခုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ရှီကျင့်ဖျင်က စတင်အဆိုပြုခဲ့ပြီး တောင်တရုတ်ပင်လယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာများနှင့် တစ်ဆက်တစ်စပ်တည်းရှိနေသည့် အရှေ့တောင်အာရှဒေသနိုင်ငံများ၊ ပင်လယ်သမုဒ္ဒရာကျွန်းနိုင်ငံများ၊ အရှေ့အာဖရိကနိုင်ငံများ၊ မြေထဲပင်လယ်မြောက်ပိုင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည့် အစီအစဉ်ဖြစ်ပါသည်။ အဆိုပါ ပိုးလမ်းမကြီးအကြောင်းကို စာရေးဆရာ တက္ကသိုလ်ဟန်စိုးဦးက ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအမည်ဖြင့် ရေးသားထားသည်များကို ကြေးမုံစာဖတ်ပရိသတ်များအတွက် အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြလိုက်ပါသည်။

(စာတည်း)



(တက္ကသိုလ်ဟန်စိုးဦး)

# ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု (၁၂)

အမေရိကန်ပြည်ထောင်စုဟာလည်း အာရှအလယ်ပိုင်းဒေသတွင်းမှာ အတိုင်းအတာတစ်ခုအထိအရေးပါတဲ့ နေရာကနေ ပါဝင်နေပါတယ်။ ၂၀၀၁ ခုနှစ်မှာ (၉/၁၁) ဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲကို အမေရိကန်ပြည်ထောင်စုက ဆင်နွှဲခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာမဟာဗျူဟာမှာ အာရှအလယ်ပိုင်းဒေသဟာ ရှေ့တန်းကနေ ပါဝင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဒေသတွင်းမှာ သံတမန်ရေးနဲ့လုံခြုံရေးအရ တိုးချဲ့ထိတွေ့ဆက်ဆံခဲ့ပါတယ်။ ဒါပေမယ့် အာဖဂန်နစ္စတန်နိုင်ငံကနေ အမေရိကန်တပ်ဖွဲ့တွေ ပြန်လည်ရုပ်သိမ်းခဲ့ပြီး ကာဂျစ်စတန်နိုင်ငံမှာရှိတဲ့ အမေရိကန်ပြည်ထောင်စုရဲ့စစ်စခန်းကို ၂၀၁၄ ခုနှစ်မှာ ပိတ်သိမ်းခဲ့ပြီးတဲ့နောက်မှာတော့ အာရှအလယ်ပိုင်းဒေသမှာ အမေရိကန်ပြည်ထောင်စုရဲ့ လွှမ်းမိုးမှုနဲ့အကျိုးစီးပွားဟာ လျော့နည်းလာခဲ့ပါတယ်။ သို့သော်လည်း ဒေသတွင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေများအရ အမေရိကန်ပြည်ထောင်စုဟာ လုံခြုံရေးအရ အတိုင်းအတာတစ်ခုအထိ ပါဝင်နေဆဲဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ဧပြီလမှာ ဥဇဘက်ကစ္စတန်နိုင်ငံရဲ့ နယ်ခြားလုံခြုံရေးအတွက် အမေရိကန်ပြည်ထောင်စုဟာ Raven အမျိုးအစား UAV အစင်း ၂၀ ထောက်ပံ့ဖို့ သဘောတူညီခဲ့သလို ၂၀၁၄ ခုနှစ် မေလမှာ နေတိုးအဖွဲ့ရဲ့ ဒေသဆိုင်ရာရုံးကို ဥဇဘက်ကစ္စတန်နိုင်ငံ တာ့ရှ်ကင့်မြို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အာဖဂန်နစ္စတန်နိုင်ငံကနေ စစ်ရေးအရ ပြန်လည်ဆုတ်ခွာခဲ့ပေမယ့် အာဖဂန်နစ္စတန်နိုင်ငံနဲ့ အာရှအလယ်ပိုင်းဒေသများအကြား စီးပွားရေးအရ ပေါင်းစည်းမှုတွေရရှိလာစေဖို့၊ စစ်ပွဲတွေကြောင့် ပျက်စီးသွားခဲ့ရတဲ့ နိုင်ငံရဲ့အခြေခံအဆောက်အအုံတွေ ပြန်လည်တည်ဆောက်နိုင်ဖို့ ၂၀၁၁ ခုနှစ်မှာ ပိုးလမ်းမအစီအစဉ်သစ် (New Silk Road Initiative) ကို အကောင်အထည်ဖော်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ပိုးလမ်းမအစီအစဉ်ဟာ တရုတ်နိုင်ငံက ၂၀၁၃ ခုနှစ်မှာ အဆိုပြုတဲ့ ပိုးလမ်းမစီမံကိန်းထက် စောနေတာ တွေ့မြင်နိုင်ပါတယ်။ အမေရိကန်ရဲ့ပိုးလမ်းမအစီအစဉ်အရ အာဖဂန်နစ္စတန်နိုင်ငံနဲ့ ပါကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံနဲ့ အာရှအလယ်ပိုင်းနိုင်ငံများ အကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ပြီး ဈေးကွက်တွေပေါင်းစည်းလာမယ်ဆိုရင် အာဖဂန်နစ္စတန်နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ဖို့ ရည်မှန်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီအစီအစဉ်အရ စီမံကိန်းအချို့ကို အကောင်အထည်ဖော်ခဲ့ရာမှာ အာရှအလယ်ပိုင်း-တောင်အာရှနိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားသွယ်တန်းရေးစီမံကိန်းကို ဒေါ်လာ ၁၅ သန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် တာ့ခ်မင်နစ္စတန်-အာဖဂန်နစ္စတန်-ပါကစ္စတန်-အိန္ဒိယသဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းရေး စီမံကိန်းကိုလည်း ကမ္ဘာ့ဘဏ်နဲ့အာရှဖွံ့ဖြိုးရေးဘဏ်တို့ရဲ့အကူအညီနဲ့ အကောင်အထည်ဖော်နိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။ အနှစ်ချုပ်ရရင် အမေရိကန်ပြည်ထောင်စုဟာ အာရှအလယ်ပိုင်းဒေသအတွင်း လွှမ်းမိုးမှု ကြီးမားခြင်းမရှိသော်လည်း ဒေသတွင်းအင်အားထိန်းညှိနိုင်ဖို့အရေးပါတဲ့ နေရာကနေပါဝင်နေဆဲဖြစ်တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။

တရုတ်နိုင်ငံရဲ့ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်ကနေ ပေါ်ထွက်လာမယ့် စီးပွားရေးဆိုင်ရာအခွင့်အလမ်းတွေကို အာရှအလယ်ပိုင်းနိုင်ငံများက များစွာစိတ်ဝင်စားမှုပြကြပေမယ့် တရုတ်နိုင်ငံရဲ့စီးပွားရေးအရ ကြီးမားလာနေတဲ့ လွှမ်းမိုးမှုကြောင့် ဒေသတွင်းရဲ့ ပထဝီနိုင်ငံရေးမှာ ရှုပ်ထွေးမှုတွေ ရှိလာနိုင်တာကိုလည်း ပူပင်မှုအချို့ရှိနေပါတယ်။ အထူးသဖြင့် ရုရှားနိုင်ငံဟာ သူကိုယ်တိုင်ဦးဆောင်ပြီး ဒေသတွင်းမှာနိုင်ငံရေးနဲ့ စီးပွားရေးအရ ပေါင်းစည်းမှုတွေရှိလာစေဖို့ အာရှဥရောပစီးပွားရေးသမဂ္ဂ (EEU) နဲ့ စုပေါင်းကာကွယ်ရေးစာချုပ်အဖွဲ့ (CSTO) အစီအစဉ်တွေကတစ်ဆင့် ကြိုးပမ်းနေတာကြောင့် တရုတ်နိုင်ငံနဲ့အာရှအလယ်ပိုင်းနိုင်ငံများအကြား စီးပွားရေးအရ ပေါင်းစည်းမှုတွေရရှိလာစေမယ့် ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်ကို ရုရှားနိုင်ငံက အားပေးထောက်ခံမှု အပြည့်အဝရှိ/မရှိဆိုတာ စဉ်းစားရမယ့် အချက်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ကတော့ သူအဆိုပြုထားတဲ့ ပိုးလမ်းမအစီအစဉ်ဟာ လက်တွေ့မှာ အောင်မြင်မှုရရှိနိုင်ဖို့ အလားအလာနည်းပါးတာကိုသိမြင်သလို တရုတ်နိုင်ငံရဲ့ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်ထက် အာရှအလယ်ပိုင်းဒေသရဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအပေါ်မှာသာ ပိုမိုစိတ်ဝင်စားမှုရှိပါတယ်။

ဒေသတွင်းမှာ အခုလိုဆင်းရဲနွမ်းပါးမှု၊ လူမှုရေးအရမတည်ငြိမ်မှု၊ နိုင်ငံအချင်းချင်း ပဋိပက္ခတွေ၊ အင်အားကြီးနိုင်ငံကြီးတွေရဲ့အားပြိုင်မှုတွေ ရှိနေတဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်ကို အကောင်အထည်ဖော်ရာမှာ အလောတကြီး ဆောင်ရွက်လို့မရနိုင်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် ဂရုပြုအကောင်အထည်ဖော်သွားဖို့လိုအပ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒါကြောင့် စီမံကိန်းတစ်ခုချင်းအလိုက် အသေးစားအဆင့်မှစတင်ဆောင်ရွက်ပြီး တဖြည်းဖြည်းအရှိန်ရရှိလာမှ သက်ဆိုင်ရာစီမံကိန်းကြီးတွေကို ပေါင်းစပ်အကောင်အထည်ဖော်နိုင်ဖို့ ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ အလားတူပဲ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်ဟာ နိုင်ငံစုံပါဝင်တဲ့ မဟာစီမံကိန်းကြီးတစ်ခုဖြစ်ပေမယ့် ဒေသတွင်းမှာဖြစ်ပေါ်နေတဲ့ အခြေအနေတွေအရ တရုတ်နိုင်ငံအနေနဲ့ အာရှအလယ်ပိုင်းဒေသနိုင်ငံများနဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုကိစ္စရပ်တွေကို နှစ်နိုင်ငံချင်းအလိုက်သာ ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခု အစီအစဉ်အောက်က မူဝါဒကိုက်ညီမှုရှိရေး ကြိုးပမ်းမှုတွေကို သက်ဆိုင်ရာနိုင်ငံများနဲ့ နှစ်နိုင်ငံချင်းအလိုက် ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အခက်အခဲတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ အာရှအလယ်ပိုင်းဒေသဟာ စားနပ်ရိက္ခာလုံလောက်မှုမရှိတဲ့ အခြေအနေမှာရှိတာကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခြင်းဟာ အလားအလာကောင်းတွေ အများအပြားရှိသလို ဒေသတွင်းရှိ အခြေခံပြည်သူတွေအတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်တဲ့အတွက် အလေးထားဖော်ဆောင်သွားသင့်တဲ့ ကဏ္ဍတစ်ခုလည်းဖြစ်ပါတယ်။




(တောင်တရုတ်ပင်လယ် နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှု အနေအထားပြမြေပုံ)

ပင်လယ်ရေကြောင်းပိုးလမ်းမကိုကြည့်ရင်လည်း တရုတ်နိုင်ငံ ကမ်းရိုးတန်းဒေသတွေကနေ တောင်တရုတ်ပင်လယ်၊ မလက္ကာရေလက်ကြားနဲ့ အိန္ဒိယသမုဒ္ဒရာစတဲ့ ရေပြင်တွေနဲ့ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ နိုင်ငံတွေပါဝင်နေပါတယ်။ ဒီနေရာမှာ တောင်တရုတ်ပင်လယ်ဟာ ဒေသတွင်းရှိနိုင်ငံအချို့အကြား နယ်မြေပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး အငြင်းပွားမှုတွေရှိနေတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ တောင်တရုတ်ပင်လယ်တွင်းရှိ ကျွန်းစုတွေကို ပိုင်ဆိုင်တယ်လို့ ကြေညာထားပြီး နယ်မြေအငြင်းပွားမှုတွေမှာ ပါဝင်ပတ်သက်နေတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နဲ့ တရုတ်(တိုင်ပေ)တို့ဖြစ်ကြပါတယ်။ တောင်တရုတ်ပင်လယ်ဟာ ကမ္ဘာ့ကုန်သွယ်ရေကြောင်းကဏ္ဍမှာ များစွာအရေးပါတဲ့ဒေသတစ်ခုဖြစ်သလို ဒီပင်လယ်ရေပြင်အောက်မှာ ရေနံနဲ့သဘာဝဓာတ်ငွေ့သိုက်ကြီးတွေ ရှိနေတယ်လို့လည်း ခန့်မှန်းတွက်ချက်ထားကြပါတယ်။ နိုင်ငံအချို့ရဲ့ ခန့်မှန်းတွက်ချက်မှုအရ တောင်တရုတ်ပင်လယ်ပြင်မှာ ရေနံစိမ်းတန်ချိန်ပေါင်း ၁၇ ဒသမ ၇ ဘီလီယံအထိရှိနိုင်ပြီး သဘာဝဓာတ်ငွေ့က ၁၉၀ ထရီလီယံကုဗပေကနေ ၅၀၀ ထရီလီယံကုဗပေအထိရှိနိုင်ကြောင်း ဖော်ပြထားကြပါတယ်။ ဒါကြောင့် တောင်တရုတ်ပင်လယ်ကို ဒုတိယပါရှန်ပင်လယ် (Second Persian Sea) လို့လည်း တင်စားခေါ်ဝေါ်မှုတွေရှိနေပါတယ်။ ဒါ့အပြင် တောင်တရုတ်ပင်လယ်ဟာ ကမ္ဘာ့သဘာဝဓာတ်ငွေ့ရည်သယ်ဆောင်မှု စုစုပေါင်းရဲ့ ၃ ပုံ ၁ ပုံ၊ ကမ္ဘာ့ကုန်သွယ်ရေကြောင်းသင်္ဘော စုစုပေါင်းရဲ့ တစ်ဝက်ကျော် နှစ်စဉ်ဖြတ်သန်းသွားလာနေတဲ့ ကုန်သွယ်ရေကြောင်းကဏ္ဍအတွက် အရေးပါတဲ့ဒေသတစ်ခုလည်း ဖြစ်ပါတယ်။ ဒီပမာဏဟာ ဆူးအက်တူးမြောင်းကို ဖြတ်သန်းသွားလာနေတဲ့ ကုန်သွယ်ရေကြောင်းသင်္ဘော စုစုပေါင်းရဲ့ သုံးဆ၊ ပနားမားတူးမြောင်းကို ဖြတ်သန်းသွားလာနေတဲ့ ကုန်သွယ်ရေကြောင်း သင်္ဘော စုစုပေါင်းရဲ့ ငါးဆ ရှိပါတယ်။ နောက်အရေးပါတဲ့အချက်က တောင်တရုတ်ပင်လယ်ဟာ ပင်လယ်ငါးဖမ်းလုပ်ငန်းအတွက် အခြေအနေကောင်းတွေရှိနေတဲ့ ဒေသတစ်ခုဖြစ်ပြီး ကမ္ဘာ့ငါးဖမ်းဆီးရရှိမှုရဲ့ ၈ ရာခိုင်နှုန်းဟာ တောင်တရုတ်ပင်လယ်က ဖြစ်ပါတယ်။

အခုလိုစီးပွားရေးအရ အလားအလာကောင်းတွေရှိတဲ့ဒေသမှာ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားနေတဲ့ကိစ္စဟာ တစ်ခါတစ်ရံမှာ တည်ငြိမ်နေတတ်ပြီး တစ်ခါတစ်ရံမှာတော့ အငြင်းပွားမှုတွေ ပြင်းထန်လာတာကို တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အတွင်းမှာ သူ့ရဲ့နယ်မြေပိုင်ဆိုင်မှုကို အစက်အပြောက်မျဉ်း ကိုးခု (9-dash line) နဲ့ သတ်မှတ်ထားပါတယ်။ တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားမှုတွေဖြစ်နေတဲ့ ကျွန်းစုတွေအနက် ထိပ်တိုက်တွေ့ဆုံမှုတွေ မကြာခဏဖြစ်ပေါ်လေ့ရှိတဲ့ ကျွန်းစုတွေကတော့ စပရက်တလေကျွန်းစု (Spratley Islands)၊ ပါရာဆယ်ကျွန်းစု (Paracel Islands) နဲ့ စကားဘိုရို သဲသောင်ကျွန်း (Scaborough Shoal) တစ်ဝိုက်မှာဖြစ်ပါတယ်။ ဒီရေပြင်တွေတစ်ဝိုက်မှာ ပိုင်နက်အငြင်းပွားနေတဲ့နိုင်ငံတွေက ငါးဖမ်းသင်္ဘောနဲ့ စစ်သင်္ဘောတိုက်မှုတွေ၊ ပစ်ခတ်မှုတွေအပြင် ကာကွယ်ရေးတပ်ဖွဲ့တွေအကြား ထိပ်တိုက်ရင်ဆိုင်မှုတွေ ဖြစ်ပွားလုနီးပါးအထိ ဖြစ်စဉ်တွေ ဖြစ်ပွားခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေအပြင် အမေရိကန်ပြည်ထောင်စုရဲ့ ဒေသတွင်းမှာ အာရုံစိုက်ပါဝင်လာမှုကလည်း အခြေအနေတွေကို ပိုမိုရှုပ်ထွေးလာစေခဲ့ပါတယ်။ တောင်တရုတ်ပင်လယ်အတွင်းမှာ လွတ်လပ်စွာရေကြောင်း သွားလာခွင့်ရှိရေးဟာ အမေရိကန်ပြည်ထောင်စုရဲ့အကျိုးစီးပွားဖြစ်ကြောင်း၊ ဒေသတွင်းရှိ သက်ဆိုင်တဲ့နိုင်ငံများအနေနဲ့ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုတွေကို ဖြေရှင်းကြရာမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေများနဲ့အညီသာ ကိုင်တွယ်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာ တရုတ်နိုင်ငံနဲ့ တောင်တရုတ်ပင်လယ် ရေပိုင်နက်အငြင်းပွားမှုကို ဖြေရှင်းနိုင်ဖို့ ၂၀၁၃ ခုနှစ်အတွင်းမှာ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးဖြစ်တဲ့ Permanent Court of Arbitration ကို တင်သွင်းလျှောက်ထားခဲ့ပါတယ်။ တရားရုံးကလည်း ဒီနယ်မြေပိုင်ဆိုင်မှုအငြင်းပွားတဲ့ ကိစ္စကို စီရင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ တရုတ်နိုင်ငံကတော့ ဖိလစ်ပိုင်နိုင်ငံရဲ့ တင်သွင်းမှုကို အသိအမှတ်မပြုသလို တရားရုံးရဲ့လုပ်ငန်းစဉ်တွေမှာလည်း ပါဝင်ဆောင်ရွက်သွားမှာမဟုတ်ကြောင်း၊ နယ်မြေအငြင်းပွားမှုဟာ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ ပတ်သက်နေတဲ့အတွက် တရားရုံးအနေနဲ့ စီရင်ဆုံးဖြတ်ပိုင်ခွင့်မရှိဘူးလို့ တုံ့ပြန်ပြောကြားထားပါတယ်။

တရုတ် နိုင်ငံအနေနဲ့ တောင်တရုတ်ပင်လယ်အတွင်းမှာ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုတွေကို သက်ဆိုင်တဲ့နိုင်ငံနဲ့ နှစ်နိုင်ငံချင်းအလိုက်ပဲ ဆွေးနွေးဖြေ ရှင်းသွားလိုတာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှု တွေကို မဖြေရှင်းနိုင်သေးသော်လည်းဘဲ ဒီဒေသအတွင်းမှာ သဘာဝသယံဇာတ တွေကို ပူးတွဲဖော်ထုတ်မျှဝေခံစားသွားကြဖို့လည်း အဆိုပြုထားပါတယ်။ တောင်တရုတ်ပင်လယ်အတွင်းမှာ နယ်မြေအငြင်းပွားမှုတွေဟာ ရေရှည်ကိုင်တွယ်ဆောင်ရွက်သွားကြရမယ့် ကိစ္စဖြစ်သလိုအထိအခိုက်အတိမ်းအစောင်းမခံတဲ့ ကိစ္စလည်းဖြစ်ပါတယ်။ အငြင်းပွားမှုတွေကနေ ပဋိပက္ခတွေအထိ ကြီးမားလာခဲ့ရင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနဲ့ အပြည်ပြည်ဆိုင်ရာ ရေကြောင်းကူးသန်းရောင်းဝယ်မှုတွေကိုပါ ထိခိုက်လာနိုင်ပါတယ်။ ။

## လူထုဗဟိုပြုစီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ဒီးမော့ဆို ဇွန် ၅**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက အမှာစကားပြောကြားပြီး လူထုဗဟိုပြုစီမံကိန်း မြို့နယ်တာဝန်ခံ ဒေါ်ခင်နန်းမြင့်က စီမံကိန်းအကြောင်းရှင်းလင်း ပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးများက သိရှိလိုသည်များကို မေးမြန်းကြပြီး မြို့နယ်တာဝန်ခံနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၂၇ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဒီးမော့ဆိုမြို့နယ်တွင် ပထမနှစ်အဖြစ် ငွေကျပ် သိန်း ၇၄၀၀ ဖြင့် ကျေးရွာ ၉၄ ရွာမှ လုပ်ငန်းပေါင်း ၁၀၀ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် လူထုဗဟိုပြုစီမံကိန်းအား အဓိကကျသော အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြုချဉ်းကပ်နည်းဖြင့် ဆင်းရဲသောရပ်ရွာဒေသများက ရယူအသုံးပြုကာ အကျိုးကျေးဇူးများ ရရှိလာစေရန်၊ ဌာနဆိုင်ရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက လျှင်မြန်ထိရောက်စွာ တုံ့ပြန်ဖြေရှင်းနိုင်ရန်အတွက် အစိုးရ၏ အရည်အသွေးမြင့်မားလာစေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှည်းသွင်းကျေးရွာ၌ လူပေါင်း ၁၂၈ ဦး အစာအဆိပ်သင့်မှုဖြစ်ပွား

**ရေဦး ဇွန် ၅**
၂၀၁၆ ခုနှစ် ဇွန် ၂ ရက် နံနက်ပိုင်းက ရေဦးမြို့နယ် ရွာဗုကြီးကျေးရွာအုပ်စု လှည်းသွင်းကျေးရွာ၌ လူပေါင်း ၁၂၈ ဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မင်္ဂလာဆောင်တွင်ကျွေးမွေးသော တစ်ရက်ကြိုတင်ချက်ထားသည့် ငါးခြောက်၊ ငရုတ်သီးကြော်၊ သုံးရက်ကြိုတင်နှပ်ထားသော ငှက်ပျောဖူးချဉ်၊ ညဘက်နှပ်ထားသော ပဲနှပ်ချက်၊ ကြာဇံဟင်းများ စားသုံးပြီးနောက် အစာအဆိပ်သင့်ခဲ့ကြောင်း မြို့နယ်မှုခင်းစုံစမ်းစစ်ဆေးရေးအဖွဲ့ ဒုရဲအုပ်နေမျိုးအောင်ထံမှ သိရသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဌေး၊ ဒေါက်တာနိုင်လင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်း ၁၃ ဦးတို့က အခင်းဖြစ်ပွားသည့်ကျေးရွာသို့ အချိန်မီသွားရောက်ကာ ဆေးကုသမှုများပြုလုပ်ခဲ့သည်။

အစာအဆိပ်သင့်မှုတွင် အမျိုးသား ၂၂ ဦး၊ အမျိုးသမီး ၁၀၆ ဦး စုစုပေါင်း ၁၂၈ ဦးဖြစ်ခဲ့ပြီး အသက် ၆၀ အရွယ် အမျိုးသမီးတစ်ဦးမှာ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိပြီး သေဆုံးသူတစ်ဦးတစ်ယောက်မှ မရှိကြောင်း သိရသည်။ **သမ်းထိုက်(ရေဦး)**

## ဆေးဝါးအတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်း ရှိ-မရှိ ရှောင်တခင် ကွင်းဆင်းစစ်ဆေး



**ကျောက်ပန်းတောင်း ဇွန် ၅**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ဆေးဝါးတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများရောင်းချခြင်းရှိ-မရှိ စစ်ဆေးမှုလုပ်ငန်းကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့ (ကျောက်ပန်းတောင်းမြို့နယ်) ဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦး ခေါင်းဆောင်သောအဖွဲ့ဝင်များက မြို့ပေါ်ရှိ ဆေးဝါးရောင်းချသောဆိုင်များအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည် မြို့ပေါ်ရှိ ဆေးဝါးရောင်းချသောဆိုင်များအား လှည့်လည်စစ်ဆေး၍ ဆေးဝါးတုများနှင့် မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းမပြုရန်နှင့် ရောင်းဝယ်မှုများ တွေ့ရှိပါကလည်း ဆက်သွယ်သတင်းပေးခြင်းဖြင့် ကူညီကြရန် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မစခန်းမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ကြပြီး အဆိုပါဆေးဝါးများရောင်းချမှုရှိ-မရှိ ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

အဆိုပါဆေးဝါးတုများ တိုက်ဖျက်ရေးဆိုင်ရာ မြို့နယ်အဆင့် ကွင်းဆင်းဆောင်ရွက်ရေးအဖွဲ့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဦး၊ မြို့မစခန်းမှူး ဒုတိယရဲမှူးထွန်းတင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသိန်းထွန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အိအိသန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဦးမောင်မောင်တာနှင့် သူနာပြုအဆင့်-၁ ဒေါ်နီလာစိုးတို့ ပါဝင်ခဲ့ကြောင်းသိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## အစိုးရသစ်ကိုအထောက်အကူဖြစ်စေမည့် ကဏ္ဍပေါင်းစုံပါဝင်သည့် လူမှုရေးရာများ အသိပညာပေးဆွေးနွေး

**ဟားခါး ဇွန် ၅**
ချင်းပြည်နယ် လူမှုရေးရာအသိပညာပေးဆွေးနွေးပွဲကို ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး ပြည်နယ်လူမှုရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လင်းထင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ၊ အမျိုးသမီးအခွင့်အရေးများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအသိပညာနှင့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစန်းစန်းအေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုလျှော့ချခြင်း၊ အထွေထွေကြီးထွားမှုကို ပံ့ပိုးခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအနှီး တိုးတက်လာရေး ရင်းနှီးမြှုပ်နှံခြင်း၊ သဘာဝဘေးများအပါအဝင် မိသားစုများ၏ ခံနိုင်ရည်ကို အားကောင်းစေခြင်း၊ လူမှုစုစည်းညီညွတ်မှု အားကောင်းစေခြင်း၊ အများပါဝင်သော လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံအုတ်မြစ်အပေါ် ဆက်လက်တည်ဆောက်ခြင်း၊ အစိုးရသစ်၏ ပထမနှစ်အတွက် လက်တွေ့ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ စသည့် အကျိုးတရားများ ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## သူဌေးကုန်း-တောင်ခင်သွား ကားလမ်းဝဲယာတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်တံခါး ဇွန် ၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စု ပြည်သူများစုပေါင်းကာ မေ ၃၀ ရက် နံနက် ၈ နာရီက သူဌေးကုန်း-တောင်ခင်သွား ကားလမ်းဝဲယာတစ်လျှောက်နှင့် သူဌေးကုန်းကျေးရွာအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ပြည်သူတွေ အသိစိတ်ဓာတ်နဲ့စုပေါင်းပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖများ၊ သုခချမ်းသာပရဟိတအဖွဲ့သားများ၊ ပြည်သူများက ရေမြောင်းများတူးဖော်ဆယ်ယူခြင်း၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနဲ့ အမှိုက်များကောက်ခြင်း ဆောင်ရွက်ခဲ့ပါတယ်။

အခုမိုးတွင်းကာလမှာ ရေမြောင်းတွေပိတ်ဆို့နေတာရယ်၊ ချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်စွာပေါက်ရောက်နေတာကြောင့် ကျန်းမာရေးအရ စိုးရိမ်ရပြီး ကိုယ့်ရဲ့အိမ်ရှေ့၊ ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက် ကျေးရွာမှာသန့်ရှင်းရေးကို မိမိအသိစိတ်ဓာတ်ဖြင့် စုပေါင်းလုပ်ဆောင်ခြင်းကြောင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုများ ရှိလာမှာပါ" ဟု သူဌေးကုန်းရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။ **ခင်ကို(ကျောက်တံခါး)**



ရခိုင်ပြည်နယ် စစ်တွေခရိုင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းနောင် ဦးစီး၍ ခရိုင်နှင့် မြို့နယ်တပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ခရိုင်အသင့်တပ်ခွဲမှ တပ်ဖွဲ့ဝင်များ၊ မြို့မနှင့် နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၈၀ ခန့်ဖြင့် ဇွန် ၄ ရက် နံနက် ၇ နာရီတွင် ပြည်နယ်အထွေထွေရောဂါကုခုတင် ၅၀၀ ဆံ့ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ကျော်ဆန်းဝင်း(ပြန်/ဆက်)

## မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ လုံလောက်မှုမရှိဟုဆို

**ကျောက်ကြီး ဇွန် ၅**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့ ၂၀၁၆-၂၀၁၇ မိုးရာသီ စိုက်ပျိုးစရိတ်အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများ လုံလောက်မှုမရှိကြောင်း သိရသည်။

စိုက်ဘဏ်ထုတ်ချေးငွေသည် စိုက်ပျိုးစရိတ်သာဖြစ်ပြီး ရာသီကုန်ရိတ်သိမ်းချိန်ထိဆိုပါက လောက်ငမှုမရှိကြောင်း သိရသည်။

"လယ်တစ်ဧကကုန်ကျငွေ တကယ်တွက်ကြည့်ရင် မလောက်ငပါဘူး။ စပါးမျိုးဝယ်ရတယ်၊ မြေဩဇာဝယ်ရတယ်။ လက်ရှိထုတ်ချေးတဲ့ငွေက ကောက်စိုက်ခကြိုပေးထားမှ အချိန်တန်ရင် အဆင်ပြေရုံလောက်ရှိတယ်" ဟု ကျောက်ကြီးမြို့နယ် မဲပုတ်ကျေးရွာအုပ်စု ကြောင်ပြာကျေးရွာနေ ဦးလှဌေးက ပြောသည်။

ထွန်ယက်ခအဖြစ် တစ်ဧကနှုန်းတစ်ပြန်လျှင် ငွေကျပ် ၂၂၀၀၀ ငှားရမ်းရပြီး စိုက်ပြန်ဟုခေါ်သော နောက်တစ်ကြိမ်ထွန်ယက်ငှားရမ်းပါက တစ်ဧကအတွက် ငွေကျပ် ၁၅၀၀၀၊ စပါးစိုက်ကောက်စိုက်ခ တစ်ဧက ၁၂ ဦး တစ်ရက်တာ ငွေကျပ် ၄၈၀၀၀၊ မြေဩဇာတစ်ဧကပုလဲသုံးအိတ်နှုန်း ငွေကျပ် ၆၀၀၀၀ အပါအဝင် ရိတ်သိမ်းခများထည့်တွက်မည်ဆိုပါက လုံလောက်မှုမရှိကြောင်း ၎င်းကပြောသည်။

ရေကြီးခြင်း၊ မိုးခေါင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပိုမိုခက်ခဲမှုများရှိလာနိုင်မည်ဖြစ်ပြီး မြေဩဇာထုတ်ချေးမှုအပါအဝင် ရိတ်သိမ်းချိန်အမီ ငွေများထုတ်ချေးပေးစေလိုကြောင်း ထပ်မံပြောဆိုသည်။

ယခင်နှစ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေသည် အတိုးနှုန်း ၄၂ ပြား (၅ ရာခိုင်နှုန်း) ရှိရာမှ ယခုနှစ်ချေးငွေသည် ၇၅ ပြားထိရှိခဲ့ရာ တောင်သူများထုတ်ချေးငွေသည် မိုးရာသီတစ်ကြိမ်သာဖြစ်ပြီး ခြောက်လကြာမြင့်ကာ ပြန်လည်အကျေပေးဆပ်ရကြောင်း ကျောက်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာက ပြောသည်။ **ကိုကျောက်ကြီး**

# လမ်းလယ် ကပ်တိုးများအစား Flower Box များထားရန်စီစဉ်

**ရန်ကုန် ဇွန် ၅**

ရန်ကုန်မြို့အတွင်းရှိ အချို့သောလမ်းမကြီးများပေါ်တွင် လမ်းလယ်ကွန်ကရစ် ကပ်တိုးများအစား ပန်းအလှခုံများ (Flower Box)ကို ထားရှိရန် စီစဉ်နေကြောင်း အမှတ်-၂ ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

အဆိုပါ ပန်းအလှခုံများ (Flower Box) ထားရှိခြင်းကြောင့် မြို့ပြ၏ လှပမှုများကိုလည်း ဖော်ပြနိုင်စွမ်းရှိစေမည်ဖြစ်သည်။ "မြေနီကုန်းတံတားအဆင်းကနေ ဟိုးဘက်အေဒီလမ်းအထိ ရှိတယ်။ ပြည်လမ်းတစ်လျှောက်မှာရှိနေတဲ့ဟာကို မြေပြင်မှာ ကွင်းဆင်းစစ်ဆေးပြီး ကပ်တိုးတွေအစား Flower Box တွေ လမ်းလယ်ခေါင်မှာ လုပ်ဖို့နဲ့ လူကူးခုံးကျော်တံတားတွေအောက်မှာ ပြည်သူလူထုအမြင်တင့်တယ်မယ့် သံဆန်ခါတွေချဖို့ ရှိပါတယ်" ဟု ၎င်းက ပြောကြားသည်။

ယခုအခါ ရန်ကုန်မြို့ အလယ်တွင်ရှိသော အနော်ရထာလမ်းမပေါ်တွင်လည်း ကွန်ကရစ်ကပ်တိုးများကို ဖယ်ရှားနေပြီး လိုအပ်ချက်ရှိသည့်နေရာများ၌သာထားရှိရန်လည်း စီစဉ်ထားသလို ဗိုလ်အောင်ကျော်လမ်း မီးပွိုင့်အထိ နေရာတော်တော်များများ၌ ဘတ်စ်ကားလမ်းကြောင်း သတ်မှတ်ထားရာ ကွန်ကရစ်ဘလောက်တုံးများကို ဖယ်ရှားပြီးလည်း ဖြစ်သည်။

"ယာဉ်သွားလာမှုခက်ခဲတဲ့ နေရာတော်တော်များများမှာ ဘလောက်တုံးတွေဖယ်ရှားဖို့ အစီအစဉ်ရှိပါတယ်။ ရန်ကုန်မြို့က အကျယ်ကြီးဆိုတော့ တဖြည်းဖြည်းချင်းနဲ့ လုပ်ဆောင်နေရတာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ အနော်ရထာလမ်းကိုပဲ ဦးစားပေးလုပ်ဆောင်နိုင်ပါသေးတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခု လုပ်ဆောင်နေသော အနော်ရထာလမ်းတွင်ပြီးစီးပါက ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းတို့တွင် ဆက်လက်လုပ်ဆောင်သွားရန် စီစဉ်ထားလျက်ရှိသည်။ ကမ်းနားလမ်းပေါ်ရှိ ဆင်မလိုက် မီးပွိုင့်တစ်ဝိုက်နေရာများ၊ ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်း၊ နာနတ်တောလမ်းတို့ ဆုံရသည့်မီးပွိုင့်အနီးတွင်လည်း ယခင်ရှိထားသော လမ်းလယ်ဘလောက်တုံးအချို့ကို ဖယ်ရှားထားကာ အနည်းငယ်သာ ကျန်ရှိတော့ကြောင်း မျက်မြင်တွေ့ရှိသူများထံက သိရသည်။ **(စနိုး)**

# နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲပြုလုပ်

**အောင်လံ ဇွန် ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်နှင့် ဝန်ထမ်းများသည် ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီ က ပိတောက်ကုန်းအုပ်စု ပန်းမတကျေးရွာ 'ကျေးလက်ပျိုးခင်း' စာကြည့်တိုက်သို့ သွားရောက်ပြီး နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာအုပ်စာစောင်များတိုးပွားရေးတို့အတွက် ဆောင်ရွက်ရန် အချက်များနှင့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအကြောင်း၊ အယ်နီညို၊ လာနီညာရာသီဥတုများ၏ အကျိုးသက်ရောက်မှုများအကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်မှလည်း စာကြည့်တိုက်နှင့် ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်ရန် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့သည်။ ယင်းနောက် စာကြည့်တိုက်တွင် ချိတ်ဆွဲပြသထားသော နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများကို ဝန်ထမ်းများက ပြသရှင်းလင်းခဲ့သည်။

ထိုနည်းတူ မွန်းလွဲ ၃ နာရီတွင် ပိတောက်ကုန်းကျေးရွာ 'ဖူးပွင့်စံ'စာကြည့်တိုက်သို့ သွားရောက်ကာစာကြည့်တိုက်ကော်မတီဝင်များ ကျေးရွာပြည်သူများနှင့် တွေ့ဆုံဟောပြောပြီး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ တင်ဒါလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များရှင်းလင်း

**နေပြည်တော် ဇွန် ၅**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် တင်ဒါလုပ်ငန်းဆိုင်ရာ စည်းကမ်းချက်များ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တင်ဒါတင်သွင်းကြသည့် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်မှ အဖွင့်အမှာစကားပြောကြားပြီး တင်ဒါခေါ်ယူထားရှိမှု အခြေအနေများ၊ ကြမ်းခင်းဈေးသတ်မှတ်ဆောင်ရွက်မည့် အခြေအနေများ၊ တင်ဒါစည်းကမ်းချက်များ၊ လုပ်ငန်းအရည်အသွေး စီစစ်သတ်မှတ်ထားရှိမှုများနှင့် ပတ်သက်၍ တင်ဒါရွေးချယ်ရေးကော်မတီအတွင်းရေးမှူးဖြစ်သည့် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာ ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး ကုမ္ပဏီများမှ မရှင်းလင်းသည့် အချက်များအား မေးမြန်းပြီး အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးမှပြောသည်။

**သူရအောင်**

# သမဝါယမအသင်းစုလီမိတက်၏ ယခုဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

**အင်္ဂပူ ဇွန် ၅**

အင်္ဂပူမြို့နယ် သမဝါယမဦးစီးဌာနရုံးအစည်းဝေးခန်းမ၌ ဇွန် ၃ ရက် နံနက် ၉ နာရီက မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းဝေးပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာသဘာပတိဦးစိုးမြင့်ထည်က အဖွင့်အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ရီက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာအား အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲအောင်ကလည်းကောင်း၊ အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာအား ဦးတင်ဝင်းကလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက်Exim Bank ချေးငွေအားပြန်လည်ပေးဆပ်ရာတွင် အစောဆုံးတာဝန်ကျေ ပထမဆုရရှိခဲ့သော ထွန်းတောက်ဖြိုး စိုက်/ထွေအသင်း၊ ဒုတိယဆုရရှိခဲ့သော လှမေတ္တာ စိုက်/ထွေအသင်း၊ တတိယဆုရရှိသော ရွှေသစ္စာစိုက်/ထွေအသင်းနှင့် စာရင်းရေး၊ စာရင်းကိုင်၊စာရင်းစစ်သင်တန်းတွင် ဒုတိယရရှိသော မြို့နယ်အသင်းစုဝန်ထမ်း ဒေါ်ရွှေစင်လှိုင်တို့အား တာဝန်ရှိသူများကဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ရေဦးမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေး

**ရေဦး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများ၏ လယ်ယာလုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွက် ခွင့်ပြုရန်ပုံငွေသိန်းပေါင်း ၁၀၀၀၀ ကျော်ဖြင့် ယာမြေဧက ၇၀၀၀၀ ကျော်အား စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများအပေါ် ချေးငွေထုတ်ချေးပေးနေမှုနှင့်ပတ်သက်၍ လိုက်နာရမည့် ချေးငွေဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း၊ ချေးငွေအပြေအကျေပြန်လည်ပေးဆပ်ပြီး ကျေးရွာအုပ်စုများမှ တောင်သူများကို ဦးစားပေးချေးပေးနေကြောင်း၊ ချေးငွေထုတ်ချေးပေးရာတွင် ယခင်က အတိုးနှုန်း တစ်နှစ်တွက် ငါးရာခိုင်နှုန်း သတ်မှတ်ခဲ့သော်လည်း ယခုနှစ်တွင် ဘဏ်ချေးငွေအတိုးနှုန်းကို တစ်နှစ်တွက် ရှစ်ရာခိုင်နှုန်း တိုးမြှင့်သတ်မှတ်ထားကြောင်း၊ ချေးငွေများကို အကျိုးရှိစွာအသုံးချပြီး ချေးငွေပြန်ဆပ်ချိန်တွင် အတိုးနှင့်အတူ အချိန်မီပြန်လည်ပေးဆပ်နိုင်အောင် ကြိုးစားပေးစေလိုကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာက ပြောသည်။

ချေးငွေများကို ယခင်ကလယ်မြေတစ်ဧကလျှင် ငါးသောင်းမှ တစ်သိန်းနှုန်းထိ ထုတ်ချေးခဲ့ရာမှ ယခုနှစ်တွင် လယ်မြေတစ်ဧကလျှင် တစ်သိန်းခွဲနှုန်း တိုးမြှင့်ထုတ်ချေးပေးနေပြီး ယာမြေအတွက် တိုးမြှင့်ချေးပေးခြင်းမရှိဘဲ တစ်ဧကကို ငွေနှစ်သောင်းကျပ်နှုန်းသာ ချေးပေးနေကြောင်း သိရသည်။ **သမ်းထိုက်(ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့ သာယာလှပရေး အပတ်စဉ်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ငါးသိုင်းချောင်း ဇွန် ၅**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ်စနေနေ့နံနက်တိုင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၄ ရက်တွင် တတိယအကြိမ်တတိယရက်သတ္တပတ်သို့ ရောက်ရှိဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးကို ယခုရက်သတ္တပတ်တွင် ရှေ့ဆောင်ရပ်ကွက်ရှိ မြို့အဝင်ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲယာတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး မြို့ပေါ်ရှိ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့ဝင်စုစုပေါင်းအင်အား ၁၂၀ တို့က စုပေါင်းသန့်ရှင်းရေးပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**



# လူကုန်ကူးမှုအန္တရာယ် တားဆီးရေးအသိပညာပေး ဟောပြော

**ရန်ကုန် ဇွန် ၅**

တာမွေမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အုန်းတောခန်းမ၌ဇွန် ၃ ရက် မွန်းလွဲ ၁ နာရီက လူကုန်ကူးမှုအန္တရာယ်တားဆီးရေး အသိပညာပေး ဟောပြောပွဲကို ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စခန်းမှူး ဦးဝင်းအောင်နီကအမှာစကားပြောကြားခဲ့သည်။ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်လှလှမြင့်က 'လူနှင့်အသိတရား' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ အမှတ်(၆) လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့စုမှူးရဲအုပ်ကျော်စွာမြင့်က လူကုန်ကူးမှုအန္တရာယ်ပညာပေးအကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်ပြီး ကျောင်းစာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်များ လှူဒါန်းခဲ့ပြီး အဆိုပါ ပညာပေးအခမ်းအနားသို့ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှလှ**

# အမရပူရမြို့နယ်ရှိ နှမ်းစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်၍ နှမ်းအထွက်နှုန်းကောင်းမွန်နိုင်ဟု တောင်သူများခန့်မှန်း

**အမရပူရ ဇွန် ၅**

ယခုအခါအမရပူရမြို့နယ်၌ ဇွန်လဆန်းပိုင်းတွင် ရွာချသော မိုးကြောင့် နှမ်းများ မိုးရေအလျင်မီကာ ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ နှမ်းစိုက်ခင်းများ ဖြစ်ထွန်း အောင်မြင်သည့်အတွက် နှမ်းစိုက်တောင်သူများ ဝမ်းသာလျက်ရှိကြောင်းသိရသည်။

အမရပူရမြို့နယ်တွင်းရှိ နှမ်းစိုက်တောင်သူများသည် တပေါင်းနှမ်းမိကာ ထွက်နှုန်းကောင်းရန်အတွက် ရေစက်များဖြင့် ရေတင်ကာ စိုက်ပျိုးကြသည်။ နှမ်းစိုက်ပျိုးရာတွင် ရေတင်စရိတ်၊ ဆီစရိတ်၊ အလုပ်သမားစရိတ်တို့ ကြီးမြင့်လှသည်။ အချို့နှမ်းစိုက်ခင်းများမှာ ဆည်မြောင်းရေဖြင့် စိုက်ပျိုးကြသည်။ နှမ်းပင်ပေါက်ပြီး နောက်ပိုင်းတွင် မိုးအနည်းငယ်ရရှိသောကြောင့် နှမ်းများ ဖြစ်ထွန်းအောင်မြင်ခဲ့သည်။

နှမ်းမှာမိုးများခြင်းကို မကြိုက်ပေ။ စိုက်ပျိုးပြီး သုံးမိုးခန့်မိပါက နှမ်းစိုက်ပျိုးရာတွင် လုံလောက်သည်ဟု ဆိုသည်။ ယခုနှစ်ဇွန်လဆန်းပိုင်းတွင် အမရပူရနယ်တွင် ရွာသွန်းသောမိုးကြောင့် နှမ်းစိုက်ခင်းများမှာ မိုးရေ အလျင်မီပြီး ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ နောက်မိုးမဖျက်ပါက နှမ်းအထွက်နှုန်းကောင်းမည်ဟုလည်း တောင်သူများခန့်မှန်းထားသည်။ နှမ်းများကို တပေါင်းလတွင် စိုက်ပျိုး၍ နယုန်လကုန်နှင့် ဝါဆိုလဆန်းတွင် ရိတ်သိမ်းကြသည်။

သီးနှံများထဲတွင် ဝယ်လိုအားအကောင်းဆုံးသီးနှံဖြစ်သလို ရိတ်သိမ်းကာ နှမ်းအသန့်ရအောင်ပြုလုပ်ရမှုတွင် လက်ဝင်လှသည်။ နှမ်းအသန့်ရစေရန်အတွက် ထောင်နှမ်းအဖြစ်လည်းအမရပူရနယ်တွင် ပြုလုပ်ကြသည်။ နှမ်းကောင်းပါက တစ်ဧကလျှင် ၁၅ တင်းခန့်ထွက်လေ့ရှိသည်။

**တိမ်တမန်**

# နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်နည်းသင်တန်း သထုံမြို့တွင် ဖွင့်လှစ်



**သထုံ ဇွန် ၅**
မွန်ပြည်နယ် သထုံမြို့ ဘင်လိုင်ရပ်ကွက်ရှိ သုဝဏ္ဏအားကစားရုံ၌ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်မှ ဒေသတွင်းရှိ ပရဟိတလုပ်ငန်းများတွင် စိတ်ပါဝင်စားသည့် လူငယ်များအား ဇွန် ၃ ရက် နံနက်မှစတင်ကာ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်ရေးသင်တန်းကို လာရောက်ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံအနှံ့တွင်ဖြစ်ပွားသည့် သဘာဝဘေးနှင့် အခြားဘေးအမျိုးမျိုးတို့ကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်ကျသည့်နည်းလမ်းများကို အသုံးပြုနိုင်မှသာ အသက်အန္တရာယ်ထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်ရာ ပရဟိတနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် လူငယ်များအား ယခုကဲ့သို့ နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်ရေးသင်တန်းများကို အခမဲ့ လိုက်လံဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှထွန်းက ပြောသည်။

"ကယ်ဆယ်ရေးနည်းလမ်းတွေကို စနစ်တကျမသိဘဲ ကိုင်တွယ်မှုတွေ မှားယွင်းတဲ့အခါကျတော့ လူနာတွေက မသေသင့်ဘဲ သေခဲ့ကြရတယ်။ ဒီလိုဖြစ်စဉ်တွေကို လျှော့ချနိုင်ဖို့ နိုင်ငံအနှံ့ သင်တန်းတွေလိုက်ပြီး ပို့ချပေးတာ။ အရင်ကဆို ယာဉ်တိုက်မှုဖြစ်ရင် ရဲတပ်ဖွဲ့ရောက်မှ လူနာကိုကိုင်ခွင့်ရတယ်လို့ ယူဆခဲ့ကြတယ်။ ဒါကို အရင်အစိုးရလက်ထက်ထဲက လူ့အသက်အရင်ကယ်ခွင့်ရှိတယ်ဆိုတာ တရားဝင်ထုတ်ပြန်ပြီးပါပြီ" ဟု ၎င်းက ပြောသည်။

မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ကို ၂၀၁၄ ခုနှစ်မှစတင်ကာ ကရင်ပြည်နယ် မြဝတီမြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ နိုင်ငံအနှံ့ လူလေးသောင်းကျော်အထိ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသအသီးသီးမှတာဝန်ရှိသူများကလည်း ပူးပေါင်းကူညီကြသဖြင့် အဆင်ပြေကြောင်း ၎င်းကဆက်လက်ပြောသည်။

အဆိုပါသင်တန်းကို ဇွန် ၃ ရက်မှ ၈ ရက်ထိ ဖွင့်လှစ်ပေးပြီး ရန်ကုန်၊ မော်လမြိုင်၊ ဘားအံ၊ သထုံမြို့တို့မှ သင်တန်းသား သင်တန်းသူ ၁၆၂ ဦးတို့အား ပစ္စည်းမဲ့အသက်ကယ်ဆယ်ရေးနှင့် ပစ္စည်းပါအသက်ကယ်ဆယ်ရေးနည်း နှစ်မျိုးအား အလေးထားသင်ကြားပေးနေကြောင်း မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ချုပ်မှ သိရသည်။

**သက်ဦး(သထုံ)**

## ရက် ၁၀၀ စီမံချက်ဖြင့် မြို့သန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးညောင်လေးပင်၌ ဆောင်ရွက်

**ညောင်လေးပင် ဇွန် ၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရန်အတွက် ရက် ၁၀၀ စီမံချက်ဖြင့် ဇွန် ၃ ရက်က ညောင်လေးပင်မြို့ မြို့မ(၂) ရပ်ကွက် လမ်းသစ်လမ်းနှင့် စာတိုက်လမ်းတို့၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်ဦး၊ အင်ဂျင်နီယာမှူး ဦးတင်အောင်ဌေးနှင့် စည်ပင်ဝန်ထမ်းများ၊ မြို့မ(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇာနည်လင်းနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ရေမြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ မြောင်းများပြန်လည်တူးဖော်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် ချုံနွယ်မြက်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများအား အမှိုက်များကို စည်းကမ်းရှိစွာ သတ်မှတ်ထားသည့်နေရာများ၌သာ စွန့်ပစ်သင့်ကြောင်းတို့ကို ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ရွာသစ် ဇွန် ၅**
ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၃ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ဘောလခဲခရိုင် ရွာသစ်မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့ပြီး လွယ်ဝိုင်းကျေးရွာ၌ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် ဓာတ်အားလိုင်းများ ထပ်မံတိုးချဲ့မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရွာသစ်-စွပ်ပိုင် လမ်းပိုင်းအလိုက်ဆောင်ရွက်မည့် လုပ်ငန်းများအား လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး မြန်မာ့ဆက်သွယ်ရေး စာတိုက်နှင့်ကြေးနန်းရုံး၌ လုပ်ငန်းဆောင်ရွက်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြား၍ ရွာသစ်မြို့နယ်ရှိ အထက်တန်းကျောင်းသို့ သွားရောက်ကာ မကြာခင်က လေပြင်းတိုက်ခတ်၍ ပျက်စီးခဲ့သည့် ကျောင်းဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းဖွင့်ရာသီတွင် ယာယီပြောင်းရွှေ့သင်ကြားဖွင့်လှစ်နိုင်ရန် စီမံထားသည့် မြောက်ပိုင်းရပ်ကွက် ကျောင်းဆောင်ဟောင်းနေရာအား ကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့သည်။

**ကိုစိုင်း(လွိုင်ကော်)**

## ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မုံရွာ ဇွန် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၂ ရက် နံနက် ၈ နာရီက ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့နယ် ပြန်/ဆက်ရုံးဝန်ထမ်းများ သိရှိနားလည်လိုက်နာဆောင်ရွက်စေရန် ရည်ရွယ်ကာ ထပ်ဆင့်ရှင်းလင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းရာတွင် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က ပြန်ကြားရေးဌာနရှိခြင်း-မရှိခြင်းဆိုတာ ပြန်/ဆက်ဝန်ထမ်းများလုပ်ဆောင်ချက်အပေါ် များစွာမူတည်နေကြောင်း၊ ပြည်သူကိုမျက်နှာမူ၍ ပြည်သူ့အသံများကို ပြည်သူ့အစိုးရသိအောင် ဆောင်ရွက်ပေးပြီး အစိုးရမူဝါဒတွေကိုလည်း ပြည်သူသိအောင် ချပြရမည်ဖြစ်ကြောင်း၊ ပြန်/ဆက်ဌာနကို မူဝါဒကိုးချက်နှင့်အညီ ဖွဲ့စည်းထားသလိုအမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးတို့အတွက်အမျိုးသားနိုင်ငံရေးအသွင်ပါဝင်လုပ်ကိုင် ကြရမည်ဖြစ်ကြောင်း၊ဒေသခံပြည်သူတွေ စာကြည့်တိုက်၌စာဖတ်ချင်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် စာကြည့်တိုက်မှူးများ၊ဓာတ်ပုံကျွမ်းကျင်-၂ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များလာ၍ အလေးထားလိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးဘုန်းကြွယ်က ဖောင်ဒေးရှင်းဖွဲ့စည်းထားရှိပုံနှင့် စာကြည့်တိုက်မှူး နည်းပြသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်မည်ဖြစ်၍ ကျေးရွာတစ်ရွာလျှင် စာကြည့်တိုက်မှူးအနည်းဆုံး နှစ်ဦးရှိအောင် ဆင့်ပွားသင်တန်း ဆက်လက်ဖွင့်လှစ်ပေးရန်၊ စာကြည့်တိုက်ဆောက်လုပ်နိုင်ရေးအတွက် တစ်နှစ်လျှင် စာကြည့်တိုက်အဆောက်အအုံ နှစ်လုံးဆောက်လုပ်နိုင်ရေး ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်မည်ဆိုပါက ကျေးရွာပိုင်မြေ၌ သီးသန့်ဆောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ ဘကစာကြည့်တိုက်သည် ကျေးရွာပိုင်မဟုတ်သည့်အတွက် သီးခြားစာကြည့်တိုက်တစ်ခုဖြစ်အောင် ဆောက်လုပ်သင့်ကြောင်း၊ စာကြည့်တိုက်အဆောက်အအုံဆောက်လုပ်ပြီးပါက စာကြည့်တိုက်ပညာနည်းပြသင်တန်း ဖွင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရက် ၁၀၀ အတွင်း မြို့နယ်တိုင်းတတိယအကြိမ် စာကြည့်တိုက်ပညာသင်တန်း ဆက်လက်ဖွင့်ပေးစေလိုကြောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအောက်မှ စာကြည့်တိုက်များခွဲထွက်ခဲ့သော် အကောင်းဆုံးလွှဲပြောင်းပေးနိုင်အောင် ကြိုးစားလုပ်ကိုင်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ကသာခရိုင်ပြန်/ဆက်ဦးစီးမှူး ဒေါ်အေးမြတ်မွန်နှင့် ပင်လယ်ဘူးမြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးယဉ်မင်းအောင်တို့က စာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်မှုအတွက် မိမိတို့၏ နယ်မြေဒေသအလိုက် တွေ့ကြုံနေသည့် အခက်အခဲများကိုတင်ပြဆွေးနွေးခဲ့ရာ စာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌက ပြန်လည်ဖြေကြားပေးခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြိုင်က တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲသို့ ခရိုင်ဦးစီးမှူးများအပါအဝင် စုစုပေါင်းဝန်ထမ်း ၁၃၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သမ်းထိုက်(ရေဦး)**

## သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ဟားခါးမြို့၌ကျင်းပ

**ဟားခါး ဇွန် ၅**
သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ပြည်နယ်သမဝါယမအသင်းလီမိတက်ရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့ကပြုလုပ်သော အစည်းအဝေးတွင် ချင်းပြည်နယ်သမဝါယမအသင်းစုချုပ်လီမိတက်ဥက္ကဋ္ဌ ဦးခမ်ကြုံးက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဟားခါးမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတလန်အုပ်က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အထွေထွေကိစ္စရပ်များကို ဖတ်ကြားခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

သမဝါယမအသင်းလီမိတက်အနေဖြင့် ချင်းပြည်နယ်ရှိ ကိုးမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကုန်ထုတ်လုပ်ကိုင်လျက်ရှိသော သမဝါယမအသင်းသားများအား Exim Bank မှ ချေးငွေများကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်မှ စတင်ကာ ၂၀၁၆ ခုနှစ် မေ ၃၁ ရက်ထိ ချေးငွေကျပ်သန်းပေါင်း ၅၂၃၄ ဒသမ ဝ၆၈၃ ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဟားခါးခရိုင်(ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့်မွေးမြူရေး ပညာပေးသင်တန်းဖွင့်

**သရက်ချောင်း ဇွန် ၅**
ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သည့် ကင်းရွှေ့ကျေးရွာအုပ်စု ကင်းရွှေ့ကျေးရွာ စာကြည့်တိုက်တွင် ဇွန် ၃ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးနှင့်မွေးမြူရေး ပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ထားဝယ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုးတို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးပြောကြားရာတွင် အစိုးရသစ် ရက် ၁၀၀ ကာလအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးခဲ့သည့် သင်တန်းဖြစ်ကြောင်း၊ ဤသင်တန်းကို စိတ်ပါဝင်စားစွာဖြင့် တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် စိတ်ရှည်လက်ရှည်ဖြင့် သင်ယူကြရန်လိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၄၀ နှင့် အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ဌာနဆိုင်ရာမှ ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

သင်တန်းကို ရက်သတ္တပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း သင်တန်းသားတစ်ဦးလျှင် နေ့တွက်စရိတ် ငွေကျပ် ၁၅၀၀ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ဝင်း(ပြန်/ဆက်)**

# အနာဂတ်လူငယ်များ ပညာရည်မြင့်မားဖို့ဆိုလျှင်

**ā** မောင်သောင်းဝင်း(တမန်ဟောင်း)



ဇွန် ၁ ရက်တွင် နိုင်ငံတစ်ဝန်း၌ မြင်တွေ့ရသည့်မြင်ကွင်းများသည် အားလုံးအတွက် စိတ်ချမ်းမြေ့ဖွယ်ကောင်းလှပေသည်။ အစိမ်း၊ အဖြူဝတ်ဆင်ထားသော ကျောင်းသူ၊ ကျောင်းသားလေးများ၏ မျက်နှာသည် ရွှင်ပြုံးတက်ကြွလျက်ရှိကြသည်။ ကျောင်းစတက်သည့် ပထမဆုံးနေ့သည် ကျောင်းသားအားလုံးအတွက် စိတ်လှုပ်ရှားဖွယ်ရာပင်ဖြစ်သည်။ စာသင်ကျောင်းများဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုပြယုဂ်ပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လက်ရှိအချိန်ထိ စာသင်ကျောင်းများကို လုံခြုံရေးအပြည့်ချထားရသည့် နိုင်ငံများလည်း ရှိနေဆဲပင်ဖြစ်သည်။ ထိုကျောင်းများတွင် ပညာသင်ကြားနေသော ကလေးများသည် အသက်ကို ဖက်နှင့်ထုပ်ထားကြရသည်။ မိဘများသည် သား၊ သမီးများအတွက် ရင်တမမဖြစ်နေကြရသည်။ ပညာရေးဝန်ထမ်းများသည်လည်း အသက်အန္တရာယ်ကြောင့် ထိုကျောင်းမျိုးတွင် တာဝန်ထမ်းဆောင်လိုစိတ် မရှိကြချေ။ မြန်မာနိုင်ငံတွင်မူ ကလေးများသည် အသက်အန္တရာယ်ဘေးကင်းလုံခြုံစွာဖြင့် ပညာသင်ယူနိုင်ကြသည်။ မိဘများသည် မိမိ၏သား၊ သမီးများအတွက် ရင်အေးလျက်ရှိကြသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ အခြေခံပညာရေးတွင် အခမဲ့ပညာသင်ယူခွင့်စနစ်စတင်ကျင့်သုံးနေပြီဖြစ်သည်။ နိုင်ငံ၏အနာဂတ်အတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။ ဝေးလံခေါင်းပါးသောဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ပညာရေးဝန်ထမ်းများကိုလည်း လစာနှစ်ဆချီးမြှင့်ပေးထားလျက်ရှိသည်။

မည်သို့ပင် ဖြည့်ဆည်းပေးနေစေကာမူ လူတို့၏လောဘသည် အတောမသတ်နိုင်ကြချေ။ မျက်မှောက်ခေတ်ပညာရေးဝန်ထမ်းအချို့သည် လစာနှင့်ကျေနပ်ရောင့်ရဲနိုင်စွမ်းမရှိဘဲ အပိုဝင်ငွေရှာလာကြသည်။ ထိုသို့အပိုဝင်ငွေရှာကြရာတွင် ဆရာ၏ဂုဏ်သိက္ခာကို မငဲ့ကွက်ဘဲ ကျောင်းသားကို သူ့ထက်ငါ အပြိုင်အဆိုင် စည်းရုံးလာကြသည်။ ထိုအခြေအနေမျိုးတွင် အတန်းပိုင်များသည် ဘာသာပြဆရာ၊ ဆရာမများထက် အခွင့်အရေး ပိုမိုရရှိကြသည်။ ကျောင်းသားမိဘများသည် ပညာရေးဝန်ထမ်းများအကြားတွင် မျက်နှာပူစရာဖြစ်နေကြသည်။

ဇွန် ၁ ရက်နေ့ ကျောင်းဖွင့်ချိန်မြင်ကွင်းသည် ကျူရှင်နှင့်ဝိုင်းထားမည့် မိဘများကို မျက်နှာချိုသွေး အလေးပေးဆက်ဆံနေကြသည့် တချို့သော ဆရာ၊ ဆရာမများ၏ အပြုအမူကြောင့် အကျည်းတန်ခဲ့ရပါသည်။ စိတ်မချမ်းမြေ့ဖွယ်ရာ မြင်ကွင်းပင်ဖြစ်သည်။ ကျူရှင်နှင့်ဝိုင်းမတက်နိုင်သောကလေးများသည် ခွဲခြားဆက်ဆံခံနေကြရသည်။ ထိုကလေးများသည် သိမ်ငယ်စိတ်ဝင်နေကြမည်မှာ အမှန်ပင်ဖြစ်သည်။ တိုင်းပြည်၏ အနာဂတ်ရတနာများဖြစ်ကြသည့် ကလေးငယ်များကို စာသင်ခန်းအတွင်း၌ ခွဲခြားဆက်ဆံသည့်အပြုအမူမျိုးကို ရှောင်ရှားသင့်ပေသည်။

မူလတန်းအရွယ်ကလေးများကို စာသင်ခန်းအတွင်း၌ စေတနာအပြည့်ဖြင့် နားလည်အောင် သင်ကြားပေးမည်ဆိုလျှင် လုံလောက်ပါသည်။ ကျူရှင်နှင့်ဝိုင်းအများစုသည် သင်ခန်းစာအသစ်ကို သီးခြားသင်ကြားပေးခြင်းမရှိဘဲ ကျောင်းတွင်သင်ကြားထားသော သင်ခန်းစာအဟောင်းကိုသာ ပြန်လည်လေ့ကျင့်ခိုင်းလေ့ရှိကြသည်။ တချို့သောဆရာ၊ ဆရာမများသည် ကျောင်းတွင် ဝတ်ကျေတန်းကျေသာ သင်ပေးကြသော်လည်း ကိုယ်ပိုင်ကျူရှင်နှင့်ဝိုင်းများတွင်မူ စေတနာအပြည့်ဖြင့် သင်ကြားပေးကြသည်။ မြန်မာပြည် ပညာရေးစနစ်သည် စေတနာကို ငွေဖြင့်ချိန်ပြီး ဝယ်ယူမှသာ ရရှိနိုင်သည့် အခြေအနေမျိုးကို ရောက်ရှိနေပြီ ဖြစ်သည်။

ဒုတိယတန်းတွင်ပညာသင်ကြားနေသော သမီးငယ်သည် ညဘက်တွင်ညဥ့်နက်သည် အထိအိမ်စာလုပ်နေရသဖြင့် မေးကြည့်ရာ မြန်မာဖတ်စာမှ နိုင်ငံတော်အလံအကြောင်း စာတစ်ပုဒ်လုံးကို ပြန်ကူးနေသည်ကို သိရသဖြင့် လွန်စွာအံ့သြမိပါသည်။ ဆရာမဖြစ်သူသည် ကလေးငယ်များအား ပြဋ္ဌာန်းဖတ်စာအုပ်မှ စာတစ်ပုဒ်လုံးကို ပြန်ကူးခိုင်းခြင်းသည် ညှဥ်းပန်းနှိပ်စက်သလိုဖြစ်နေပါသည်။ အမှန်စင်စစ်မှာမူ ကလေးငယ်များအား နားလည်အောင်ရှင်းလင်းပြီး မေခွန်းတို၊ ကွက်လပ်ဖြည့်၊ မှန်၊ မှား စသည်တို့ကို အိမ်စာလုပ်ခိုင်းခြင်းသည် ကျိုးကြောင်းဆီလျော်မှုရှိမည်ဟု ထင်ပါသည်။ သို့မှသာလျှင်ကလေးငယ်များ အချိန်ကုန်ရကျိုး၊ ပင်ပန်းရကျိုးနပ်ပြီး ပြဋ္ဌာန်းသင်ခန်းစာကိုလည်း ဦးနှောက်ထဲ၌ စွဲမြဲစွာ မှတ်မိနေမည်ဖြစ်သည်။

> ဒုတိယတန်းတွင်ပညာသင်ကြားနေသောသမီးငယ်သည် ညဘက်တွင် ညဥ့်နက်သည်အထိ အိမ်စာလုပ်နေရသဖြင့် မေးကြည့်ရာ မြန်မာဖတ်စာမှ နိုင်ငံတော်အလံအကြောင်း စာတစ်ပုဒ်လုံးကို ပြန်ကူးနေသည်ကို သိရသဖြင့် လွန်စွာအံ့သြမိပါသည် . . .

ဆရာများသည် အနန္တောအနန္တငါးပါးတွင် ပါဝင်ကြသူများဖြစ်ပါသည်။ ထိုသူများ၏ အရိပ်သည် တပည့်များပေါ်တွင် လွှမ်းမိုးလေ့ရှိပါသည်။ မြတ်စွာဘုရားလက်ထက်တော်က ဆရာဒေဝဒတ်၏စကားကို နားထောင်မိသဖြင့် ကျေးဇူးရှင်မွေးဖေဖေကိုပင် သတ်ဖြတ်ခိုင်းသည်အထိ ပြစ်မှုကျူးလွန်ခဲ့သည့် အဇာတသတ်၏ ဝမ်းနည်းဖွယ်ဇာတ်လမ်းက ဗုဒ္ဓဘာသာဝင်အားလုံး သိထားပြီးဖြစ်သည်။ ယင်းကြောင့် ဆရာ၊ ဆရာမများသည် တပည့်များအတွက် ကောင်းမွန်သော စံပြပုဂ္ဂိုလ်များဖြစ်သင့်ပါသည်။

ယင်းသို့ဖြစ်နေရန်အတွက် ဆရာ၊ ဆရာမတစ်ဦးသည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသော နာသုံးနာကို ပိုင်ဆိုင်ထားရှိသင့်ပါသည်။ သို့မှသာလျှင် မိမိ၏တပည့်များအား လူတော်လူကောင်းများဖြစ်အောင် မြေတောင်မြှောက်ပေးနိုင်မည့်အရည်အချင်းများပိုင်ဆိုင်ထားနိုင်မည်ဖြစ်သည်။ ဆရာ၊ ဆရာမများသည် တပည့်များထံမှ ငွေကြေးအသပြာကို မျှော်ကိုးနေသည်ထက် စေတနာသက်သက်ဖြင့်သာ သင်ကြားပြသပေးသင့်ပါသည်။ မည်သည့်အလုပ်တွင်မဆို စေတနာသည် ရှေ့ပြန်ဟပ်ပြီး မေတ္တာ၏အကျိုးကို ခံစားရပါသည်။ ခိုင်မာသော ယုံကြည်ချက်ဖြင့်သာ ဆောင်ရွက်မည်ဆိုလျှင် အောင်မြင်မှုရရှိမည်မှာ အသေအချာပင်ဖြစ်သည်။

ပညာရေးလောကတွင် တပည့်များထံမှ ငွေကြေးရယူပြီး ကျူရှင်နှင့်ဝိုင်းလုံးဝမပြသည့် စေတနာ စစ်မှန်သောဆရာ၊ ဆရာမများလည်း များစွာရှိနေပါသည်။ ထိုဆရာ၊ ဆရာမများသည် ရသည့်လစာကို ခြိုးခြံချွေတာသုံးစွဲကာ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဂုဏ်သိက္ခာကို ထိန်းသိမ်းထားကြခြင်းဖြစ်သည်။ မတော်လောဘကို မေတ္တာ၊ စေတနာဖြင့် ချိုးနှိမ်ထားကြခြင်းဖြစ်သည်။ ထိုဆရာ၊ ဆရာမများသည် တပည့်များကို ကျောသား ရင်သားမခွဲခြားဘဲ ပညာတတ်မြောက်အောင် သင်ကြားပေးလေ့ရှိကြသည်။ တပည့်များအတွက် စံပြုထိုက်သောဆရာများ ဖြစ်ကြသည်။ သို့ဖြစ်၍ ငွေကြေးနောက်လိုက်နေသူ တချို့သော ဆရာ၊ ဆရာမများအနေဖြင့် ဆိုခဲ့ပါပုဂ္ဂိုလ်များကို အားကျအတုယူပြီး မိမိတို့၏စိတ်ဓာတ်ကို အချိန်မီ ပြုပြင်သွားသင့်ပေသည်။

စာသင်ရာတွင် တုတ်ကိုင်သင်ခဲ့သော ငယ်စဉ်ကဆရာများကို ယနေ့အထိ ကျေးဇူးတင်သတိရနေဆဲပင်ဖြစ်သည်။ စေတနာမေတ္တာကြီးမားသော ထိုဆရာများ၏ ကျေးဇူးတရားများကြောင့် ပညာကို ဆုံးခန်းတိုင်အောင်သင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ဆရာ၊ဆရာမများသည် ပြဋ္ဌာန်းထားသည့် သင်ခန်းစာများကိုတပည့်များနားလည်အောင် စာသင်ခန်းအတွင်း၌ပင် ရှင်းလင်းအောင်သင်ကြားပြီး ပြန်လည်မေးမြန်း၊ ဖြေကြားခိုင်းခဲ့ပါသည်။ ထိုစဉ်က ကျူရှင်နှင့်ဝိုင်းများမရှိသလို အိမ်စာလုပ်ခိုင်းသည့်အလေ့အထမှာလည်း မရှိသလောက်ပင်ဖြစ်သည်။ စာရေးသူတို့သည် ကျောင်းမှအိမ်သို့ပြန်ရောက်လျှင် နွားစာအတွက်မြက်ရိတ်၊ ရေခပ် စသည့်အလုပ်များကို မိဘအား ကူညီလုပ်ကိုင်ပေးကြပါသည်။ ထို့နောက် လွတ်လပ်ပေါ့ပါးစွာဖြင့် ဆော့ကစားနိုင်ပါသည်။

မျက်မှောက်ခေတ်ကလေးများသည် ကျောင်းကပြန်ရောက်လျှင်ရောက်ချင်း ကျူရှင်နှင့်ဝိုင်းကို ဆက်ပြေးနေရသဖြင့် မိဘကို ကူညီဖို့ရန်နေနေသာသာ ဆော့ကစားဖို့ အချိန်ပင် မရရှိအောင် ဖြစ်နေကြသည်။ ကလေးများကို ညှာတာဖို့လိုနေပြီဖြစ်သည်။ ကလေးများသည် ကျောင်း၊ ကျူရှင်၊ ဝိုင်းတို့ကို ဆက်တိုက်တက်နေရသဖြင့် ညဘက်တွင် အတော်နွမ်းနယ်နေပြီး ချက်ချင်းအိပ်ရာဝင်နေကြရသည်။ မိဘများသည် မိမိ၏ သားသမီးများအတွက် စိတ်မကောင်းဖြစ်နေရုံမှအပ အခြားရွေးချယ်ရန် နည်းလမ်းမရှိဖြစ်နေကြသည်။ သို့ဖြစ်၍ ပညာရေးဝန်ထမ်းများသည် တပည့်များကို စာတတ်မြောက်အောင် စေတနာထားပြီး သင်ကြားပေးစေချင်ပါသည်။

ခြုံ၍တင်ပြရလျှင် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်သည် ထိုနိုင်ငံရှိပြည်သူများ၏ ပညာတတ်မြောက်မှုအပေါ်တွင် များစွာမူတည်လျက်ရှိပါသည်။ ထိုသို့ အနာဂတ်တွင် တိုင်းပြည်ကို ထုဆစ်ပုံဖော်ကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရေးမြင့်မားရန်အတွက်မူ ပညာရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နေကြသည့် ပညာရေးဝန်ထမ်းများ အထူးသဖြင့် ဆရာ၊ ဆရာမများ၏ တာဝန်သည် လွန်စွာပင်ကြီးမားလှပေသည်။

ဆရာ၊ ဆရာမများသည် တာဝန်ထမ်းဆောင်ရာတွင် ဝါသနာ၊ မေတ္တာ၊ စေတနာ၊ အနစ်နာဖြင့်သာ တပည့်များကို သင်ကြားပြသဆုံးမပေးသွားမည်ဆိုလျှင် တိုးတက်မှု ဧကန်မုချရှိနေမည်ဖြစ်သည်။ ထို့အပြင် ဆရာ၊ ဆရာမများသည် နိုင်ငံတော်မှ ချီးမြှင့်သော လစာဖြင့်သာ ကျေနပ်ရောင့်ရဲပြီး ဆရာ့ဂုဏ်သိက္ခာကိုထိန်းသိမ်းကာ တပည့်များကို ကျောင်းခန်းအတွင်း၌ပင် တတ်သိနားလည်အောင် သင်ကြားပြသပေးသွားမည်ဆိုလျှင်ဖြင့် အနာဂတ်လူငယ်များ၏ ပညာတတ်မြောက်မှုနှုန်း မြင့်မားနေမည်မှာ အမှန်ပင်ဖြစ်ပါတော့သည်။

## မိုးရွာသွန်းမှုများပြားသောကြောင့် ပဲတီစိမ်းစိုက်တောင်သူများ အခက်တွေ့

**မုံရွာ ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် လတ်တလော မိုးရွာသွန်းမှုများပြားသောကြောင့် ပဲတီစိမ်းပင်များမှ အသီးအပွင့်များကြွေကျကာ ဆွတ်ခူးချိန်တွင် အရှုံးပေါ်နိုင်ကြောင်း တောင်သူများထံမှ သိရသည်။

"ကျုပ်တို့တောင်သူတွေက အခြားသီးနှံတွေအတွက်သာ မိုးကိုမျှော်ကိုးကြတာ။ အခုလို ပဲတီစိမ်းမျိုးကျတော့ မိုးမကြိုက်ဘူးဗျ။ ပဲတီစိမ်းဆိုတာ အောက်ရေကိုပဲ လိုအပ်သလိုသွင်းပေးရတာ၊ အခုဆို ကျုပ်တို့မှာ မိုးရွာသွန်းမှုများတော့ အပွင့်တွေကကြွေပြီ။ လေပါတိုက်ခတ်တော့ အပင်တွေကလည်း လဲကုန်တယ်။ ဈေးနှုန်းကလည်း အကောင်းစားမှ တစ်တင်းကို ၃၁၅၀၀ ပဲရှိတယ်။ မိုးမိတဲ့ ပဲတီစိမ်းဆိုရင် တစ်တင်းကို ၂၅၀၀၀ လောက်ပဲ ရောင်းရတယ်။ ကုန်ကျစရိတ်တွေတွက်ကြည့်ရင် အမြတ်ငွေက အလွန်နည်းပါတယ်" ဟု ပဲတီစိမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

"အခုအချိန်ဟာ ရာသီဥတုမညီမျှမှုတွေကြောင့် ကျုပ်တို့လိုတောင်သူတွေ အခက်တွေ့ရတာပေါ့၊ အခြားသီးနှံတွေဖြစ်တဲ့ နှမ်းတို့၊ စပါးတို့ကတော့ မိုးရွာတာကို သဘောကျပါတယ်။ ကျုပ်တို့တောင်သူတွေကတော့ မိုးလေဝသပေါ်မူတည်ပြီး လုပ်ကိုင်စားသောက်ကြရတာပေါ့" ဟု ၎င်းက ဆက်လက်ပြောသည်။

**မင်းမင်း(မုံရွာ)**

## ငါးရစ်ငါးသန်များ ကာကွယ်ထိန်းသိမ်းကြစေရေး အသိပညာပေးဟောပြော

**ဝါးခယ်မ ဇွန် ၅**

ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် ငါးရစ်ငါးသန်များ ကာကွယ်ထိန်းသိမ်းကြစေရေး အသိပညာပေးဟောပြောပွဲအား ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သီလှချောင်းကျေးရွာအုပ်စု ရွာဦးဓမ္မာရုံ၌ ဇွန် ၂ ရက် နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဟောပြောပွဲတွင် မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးမြိုင်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးသိန်းဦးတို့က ရေချိုငါးလုပ်ငန်းဥပဒေပါပြဋ္ဌာန်းချက်များ၊ တားမြစ်ချက်များ၊ တားမြစ်ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးမှုမရှိစေရေး၊ စဉ်ဆက်မပြတ် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ အင်းလုပ်ငန်းရှင်များ၊ ငါးမွေးကန်လုပ်ငန်းရှင်များနှင့် ရေလုပ်သား ၄၀ ခန့် တက်ရောက်ခဲ့ပြီး သီလှချောင်းကျေးရွာအုပ်စု ငါးသယံဇာတ ထိန်းသိမ်းရေးအဖွဲ့ကို အဖွဲ့ဝင် ၁၀ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

# ခရီးသည်တင်ယာဉ်လိုင်းများနှင့်ပတ်သက်၍ ယာဉ်လိုင်းပြေးဆွဲနေမှုကို စစ်ဆေးစဉ် တွေ့ရှိသည့် ကွဲလွဲသောအချက်များအတွက် လိုအပ်ပါက မ.ထ.သ ဝန်ထမ်းကိုပါတရားစွဲမည်

**ရန်ကုန် ဇွန် ၅**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများနှင့်ပတ်သက်၍ လိုင်းပြေးဆွဲနေချိန်တွင် စစ်ဆေးရာ၌ ကွဲလွဲသောအချက်များအတွက် လိုအပ်ပါက တာဝန်ပျက်ကွက်သည့် မ. ထ. သဝန်ထမ်းကိုပါ တရားစွဲဆိုသွားရန်ရှိကြောင်း အမှတ် ၂ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုဦးက ပြောသည်။

"အခုစစ်ဆေးတွေ့နေရတာတွေက ဝီဘယ်လ်မဖွင့်ဘဲနဲ့ လိုင်းဆွဲနေတာတွေ၊ ကြားကားပေါ့။ ဝီဘယ်လ်ဖွင့်ထားတဲ့သူကတခြား မောင်းလာတာကတခြား ဖြစ်လာတာတွေ သတ်မှတ်လမ်းကြောင်းမဟုတ်ဘဲ မောင်းတာတွေကို အများဆုံးတွေ့လာရတယ်။ အချို့သော 'ဃ' ကြိုပို့လိုင်စင်တွေ လိုင်းပြေးဆွဲဖို့ကိုလည်း ဂိတ်ဖွင့်ပေးထားပါတယ်" ဟု ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

ယင်းသို့သော ဝီဘယ်လ်များတွင် ရေးသွင်းထားသော ယာဉ်မောင်းမဟုတ်ဘဲ အခြားသော ယာဉ်မောင်းတစ်ဦးမှ မောင်းနှင်စဉ် ယာဉ်မတော်တဆဖြစ်၍ ယာဉ်မောင်းထွက်ပြေးပါက တရားခံဖမ်းဆီးရမိရေးအတွက် အခက်အခဲများဖြစ်လာစေနိုင်သလို ဝီဘယ်လ်တွင် အမည်ရေးသွင်းထားသည့် ယာဉ်မောင်းမှာလည်း မလိုလားအပ်ဘဲ ထိခိုက်ဆက်နွယ်မှုများ ရှိလာနိုင်ကြောင်း သိရသည်။

"မနေ့ကဆိုရင် ၁၀၅ တစ်စီးကို စစ်ဆေးလိုက်တဲ့အခါ ဝီဘယ်လ်မမြင်ဘဲ ဂိတ်ဖွင့်ပေးထားတယ်" ဟု ဒုတိယရဲမှူးဝင်းလွင်က ပြောသည်။

ယင်းသို့ဖြစ်ပွားလာသောအခြေအနေများကို မ. ထ. သဘက်မှလည်း အရေးယူရန် သက်ဆိုင်ရာခရိုင်မ. ထ. သရုံးများသို့ ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အခုအဲ့ဒီလိုဖြစ်စဉ်တွေက ငါးမှုလောက်ရှိသွားပြီ။ ဖမ်းဆီးရမိတဲ့အခါတိုင်းမှာလည်း သူဖောက်ဖျက်ထားတဲ့အချက်တွေအကုန်လုံး ဥပဒေနဲ့အညီ တရားစွဲနိုင်ဖို့တင်တာဖြစ်ပါတယ်" ဟု ယင်းပုဂ္ဂိုလ်က ပြောကြားခဲ့သည်။

အဆိုပါကွဲလွဲမှုများ စစ်ဆေးတွေ့ရှိပါက ဝီဘယ်လ်တွင် အမည်ခံတာဝန်ယူကာ လက်လွှဲပေးမောင်းသော ယာဉ်မောင်းကိုလည်းကောင်း၊ ယင်းကိစ္စသည် ယာဉ်ပိုင်ရှင်၏ တာဝန်ယူမှုဖြင့် ကွဲလွဲမှုဖြစ်ပါက ယာဉ်ပိုင်ရှင်ကိုလည်းကောင်း၊ ထိုဖြစ်ရပ်မျိုးကို ယာဉ်လိုင်းကြီးကြပ်ရေးမှူးများက သိလျက်ဖြင့် ခွင့်ပြုလိုက်ပါက အဆိုပါပုဂ္ဂိုလ်များကိုလည်းကောင်း တာဝန်ပျက်ကွက်မှုများဖြင့် အရေးယူနိုင်ရန် တရားစွဲဆိုသွားမည်ဖြစ်သည်။

အနောက်ပိုင်းခရိုင်မ. ထ. သရုံးကိုလည်း ယင်းကဲ့သို့သော ကွဲလွဲမှုများအတွက် စာပို့သွားရန်ရှိနေပြီး လတ်တလောတွင် ၁၈၇၊ ၂၄၈ ဘီအမ်လိုင်းများကို အဓိကထားကာ စစ်ဆေးလုပ်ဆောင်နေကြောင်း သိရသည်။

ယင်းသို့ စစ်ဆေးမှုကို မြင်တွေ့နေသော သန်လျင်ဘက်ပြေးဆွဲသည့်လိုင်းများမှလည်း ဒရိုင်ဘာပြောင်းလဲမှုများ ပြုလုပ်လာကြကာ ယခင်လို အသက်ငယ်သော ယာဉ်မောင်းများနေရာတွင် သက်ကြီးစီနီယာယာဉ်မောင်းကြီးများကို မြင်တွေ့လာရကြောင်း ဒုတိယရဲမှူးဝင်းလွင်က ဆက်လက်ပြောကြားသည်။

ယင်းကဲ့သို့သော သတ်မှတ်လိုင်စင်မဟုတ်ဘဲ မောင်းနှင်နေမှုကို ယာဉ်မောင်းလိုင်စင်တစ်နှစ် ပိတ်သိမ်းရန်နှင့် ငွေဒဏ်ကိုပါ ပေးဆောင်ရန်အတွက် မော်တော်ယာဉ်ဥပဒေ၌ ပြဋ္ဌာန်းထားပြီးလည်း ဖြစ်သည်။ မေလ ၂၇ ရက်မှ ဇွန်လ ၂ ရက်အထိ တစ်ပတ်တာကာလအတွင်း အရေးယူရသောအမှုပေါင်း ၁၅၈၈ မှုရှိခဲ့ပြီး ယင်းအနက် လိုင်စင်ပိတ်သိမ်းလိုက်ရသော အမှုပေါင်း ၂၆၀ မှုပါဝင်ခဲ့သည်။ **စနိုး**

## အခြေခံပညာကျောင်းများသို့ သန့်ရှင်းမှုရှိစေရေးနှင့် စနစ်တကျအမှိုက်စွန့်ပစ်ရေး အမှိုက်ပုံးများဖြန့်ဝေ



**မြဝတီ ဇွန် ၅**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းသား၊ ကျောင်းသူများ အမှိုက်များ စနစ်တကျစွန့်ပစ်တတ်စေရေးအတွက် မြဝတီမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ အမှိုက်ပုံးများကို ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အသုံးပြုနိုင်ရန်အတွက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါအမှိုက်ပုံးများအား ဦးဇော်ထူးအောင်မိသားစု (သောင်ရင်းသစ္စာကုမ္ပဏီ) မှ လှူဒါန်းပြီး အမှိုက်ပုံးအကြီး ၅၀ နှင့် အသေး ၅၀ စုစုပေါင်း အမှိုက်ပုံးအလုံး ၁၀၀ လှူဒါန်းခဲ့ခြင်းဖြစ်သည်။ အဆိုပါအမှိုက်ပုံးများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့်အဖွဲ့သည် အလှူရှင်များကိုယ်စား ကျောင်းများသို့ ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်က လိုက်လံဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် ကျောင်းသူ၊ ကျောင်းသားများ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်စွန့်ပစ်သည့်စနစ်များ စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(မြန်/ဆက်)**

## မူလွန်ကျောင်း ယိုယွင်းပျက်စီးနေ၍ ပြိုကျမည်ကိုကျောင်းသားမိဘများစိုးရိမ်နေ

**ကျောက်တံခါး ဇွန် ၅**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကွင်းတောင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူ တစ်ရာကျော်ခန့်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းသည် လွန်ခဲ့သော ၃၆ နှစ်ခန့်က ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များက ကိုယ့်အားကိုယ်ကိုး တည်ဆောက်ခဲ့သော ၆ပင်၄ပင်အုတ်ညှပ်သွတ်မိုးတစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး ယခုအခါ အဆိုပါကျောင်းမှာ သစ်သားများဆွေးမြည့်ခြင်း၊ အုတ်များအက်ကွဲလာခြင်းနှင့် ယိမ်းယိုင်မှုများဖြစ်ပေါ်နေကြောင်း သိရသည်။

"အခု ဒီကျောင်းမှာ ကျောင်းသားကလေးတွေ တစ်ရာကျော်စာသင်နေပါတယ်။ ကျောင်းက အခြေအနေတော်တော်ဆိုးနေတယ်။ ဘယ်နေ့ပြိုကျမလဲဆိုတာကိုပဲ စိုးရိမ်နေရတယ်။ ပညာရေးဌာနကိုတော့ တင်ပြထားတာကြာပါပြီ၊ ဘာမှလည်းအကြောင်းမထူးလို့ ကျွန်တော်တို့ ကျောင်းသားမိဘတွေ၊ ကျောင်းအကျိုးတော်ဆောင်တွေအနေနဲ့ တင်ပြချင်တာက သက်ဆိုင်ရာတာဝန်ရှိသူတွေ လာရောက်ကြည့်ရှုပြီး အမြန်ဆုံး ပြုပြင်ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးအောင်ကျော်က ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

## ကမ်းနီးပရဟိတမိသားစုအဖွဲ့မှ မိဘမဲ့ကလေးငယ်များအား ငွေကျပ် ၉၅၈၁၀၀ ခန့် တန်ဖိုးရှိ ဆန်၊ ဆီများလှူဒါန်း

**ကော့သောင်း ဇွန် ၅**
ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ်းနီးပရဟိတမိသားစုအဖွဲ့မှ ဇွန် ၂ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ မလိဝမ်းကျေးရွာ ရွှေတောင်ဦးဘုန်းတော်ကြီးကျောင်းရှိ မိဘမဲ့ကလေးငယ်များသို့ ဆန်၊ ဆီများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်း ခိုကိုးရာမဲ့ မိဘမဲ့ကလေးငယ်များအား ပြုစုထိန်းသိမ်းရန် ပရဟိတဂေဟာအဖြစ် မလိဝမ်းကျေးရွာ ရွှေတောင်ဦးဘုန်းတော်ကြီးကျောင်းဆရာတော်မှ ဖွင့်လှစ်ထားရှိသည့် အဆိုပါဂေဟာတွင် ခိုကိုးရာမဲ့ယောကျ်ားကလေးနှင့် မိန်းကလေးငယ်များအပါအဝင် ကလေးငယ်ပေါင်း ၂၀၀ ကျော်ခန့်အား လက်ခံထိန်းသိမ်းစောင့်ရှောက်ကာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ သင်ကြားပေးလျက်ရှိရာ ယခုနှစ်မိုးရာသီတွင် အဆိုပါကလေးငယ်များ စားသောက်ရေးကိစ္စအလို့ငှာ ဆန်အခက်အခဲဖြစ်လျက်ရှိသဖြင့် ကော့သောင်းမြို့ခံ ပရဟိတအဖွဲ့အစည်းတစ်ခုဖြစ်သည့် ကမ်းနီးပရဟိတမိသားစုအဖွဲ့မှ ဆန် ၃၅ အိတ်၊ စားသုံးဆီ ၁၀ ပုံး တန်ဖိုးငွေကျပ် ၉၅၈၁၀၀ ခန့် တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများအား သွားရောက်လှူဒါန်းဖြည့်ဆည်းပေးခဲ့ကြောင်းသိရသည်။ **ကျော်စိုး(ကော့သောင်း-မြန်/ဆက်)**

## ပြည်သူအခြေပြု အသိပညာပေးဟောပြောပွဲပြုလုပ်

**တနင်္သာရီ ဇွန် ၅**
တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာရွာရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ မြို့နယ်မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကို ဇွန် ၃ ရက်နံနက်၁၀ နာရီခွဲက လယ်တောင်ယာရွာဇေယျသုခဘုန်းတော်ကြီးကျောင်း ဆွမ်းစားဆောင်အတွင်း၌ပြုလုပ်ရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က မိမိမြို့နယ်အတွင်း ဒေသအသီးသီး၌ မူးယစ်ကင်းစင်သည့်ဒေသများအဖြစ် ရပ်တည်နိုင်စေရန်ရည်ရွယ်လျက် ယခုကဲ့သို့အသိပညာပေးလာရောက်ဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဥပဒေဦးစီးအရာရှိ ဦးဇေယျာဝင်းထက်က လယ်တောင်ယာရွာသည် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျော်ကြားနေသော ကျေးရွာဖြစ်၍ ပြဋ္ဌာန်းဥပဒေအရ မူးယစ်ဆေးဝါးအဓိပ္ပာယ်ဖွင့်ဆိုချက်၊ ရောင်းချရန်၊ သုံးစွဲရန်အလို့ငှာ လက်ဝယ်ထားရှိခြင်းနှင့်ပတ်သက်သည့် ဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များနှင့် မူးယစ်ဆေးဝါး၏ နောက်ဆက်တွဲ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစောမောင်က ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ မော်တော်ယာဉ်ဥပဒေ၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များကိုင်ဆောင်ကာ မောင်းနှင်ကြရေးနှင့် တိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့ဖူးသော ယာဉ်တိုက်မှုဖြစ်စဉ်များကို သင်ခန်းစာယူနိုင်ကာသတိမူကြစေနိုင်ရန် ရှင်းလင်း၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထိန်ဝင်း(မြန်/ဆက်)**

## ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားမှ မောင်းနှင်လာသော ချစ်ကြည်ရေးယာဉ်တန်း ပဲခူးမြို့မှ ဖြတ်သန်းမောင်းနှင်

**ပဲခူး ဇွန် ၅**
ထိုင်းနိုင်ငံ မဲဆောက်မြို့ ထိုင်း-မြန်မာချစ်ကြည်ရေးတံတားမှမောင်းနှင်လာသော ချစ်ကြည်ရေးမော်တော်ယာဉ်တန်းသည် ပဲခူးမြို့မှ ဇွန် ၃ ရက် ညနေ ၄ နာရီခွဲခန့်တွင် ဖြတ်သန်းမောင်းနှင်သွားကြောင်း သိရသည်။

အဆိုပါမော်တော်ယာဉ်များသည် ဇွန် ၃ ရက် နံနက် ၈ နာရီ မိနစ်၂၀ ခန့်တွင် Bright View Travels&Tours Co.Ltd နှင့် အိန္ဒိယနိုင်ငံအရှေ့မြောက်ဒေသ အာသံပြည်နယ်အခြေစိုက်၏အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသား Mr.Bijoy Phangcho PPNo.M1140747 ပါအဖွဲ့ဝင် ၃၁ ဦးတို့သည် နိုင်ငံကိုယ်စားပြု အလံတံဆိပ်များပါ မော်တော်ယာဉ်ကိုးစီးဖြင့် မဲဆောက်မြို့ ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား(မြဝတီ)မှဖြတ်သန်းလာခြင်းဖြစ်သည်။

ချစ်ကြည်ရေးတံတားတာဝန်ကျ ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာနက ယာယီနံပါတ်များထုတ်ပေးခဲ့ပြီး ကုမ္ပဏီဧည့်လမ်းညွှန်ဦးကျော်ရင်နှင့်အတူ မြဝတီ-ရန်ကုန်-နေပြည်တော်-ပုဂံ-မုံရွာ-တမူးခရီးစဉ်အတိုင်း မောင်းနှင်ကြမည်ဖြစ်ပြီး ဇွန် ၈ ရက်တွင် တမူးမြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ **ဖြိုးကိုလင်း(ညောင်ဝိုင်း)**



# ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်း

**"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ စက်ရေတွင်းတူးဖော်ရန် လွန်စွာခက်ခဲသော ရှမ်းတိုင်းရင်းသားအများစုနှင့် မြန်မာ၊ ပအိုဝ်း၊ လီဆူး၊ ယင်းလူမျိုးများနေထိုင်ရာ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်မြို့တွင် ၂၀၁၄-ခုနှစ်အတွင်း စက်ရေတွင်း(၃)တွင်း အောင်မြင်စွာ တူးဖော်လှူဒါန်းပေးပါသောကြောင့် အယ်လ်နီညိုရာသီအတွင်း သောက်သုံးရေအတွက် အခက်အခဲမရှိ အေးချမ်းစွာ ဖြတ်သန်းနိုင်ခဲ့သည့်အပြင် ထပ်မံ၍ ၂၀၁၆-ခုနှစ်တွင် စက်ရေတွင်း(၄)တွင်းအား နမ့်စန်မြို့နှင့် ခိုလမ်မြို့များတွင် အောင်မြင်စွာ ဆက်လက်တူးဖော် လှူဒါန်းပေးပါသောကြောင့် သုံးစွဲသူ ပြည်သူအပေါင်းမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**နမ့်စန်မြို့သူမြို့သားများ/ ခိုလမ်မြို့သူမြို့သားများ**

# ကျေးဇူးတင်လွှာ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့နယ်၊ နောင်ပီကျေးရွာအုပ်စုအတွင်းရှိ ပအိုဝ်းတိုင်းရင်းသားပြည်သူများမှာ ရှေးအစဉ်အဆက်ကတည်းက စိမ့်စမ်းရေထွက်ကိုသာ အားထားသုံးစွဲရသဖြင့် နွေကာလတွင် ရေထွက်များ ရေခန်းခြောက်သွားသောကြောင့် ပင်ပန်းဆင်းရဲဒုက္ခခံ၍ ရေကို ရှာဖွေသုံးစွဲခဲ့ရပါသည်။ ယခုအခါ **"ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း"** မှ တူးဖော်လှူဒါန်းပေးပါသော စက်ရေတွင်းကြီး(၂)တွင်းကြောင့် ရွာပေါင်း(၁၂)ရွာရှိ ရွာသူရွာသားများမှ အလုပ်အကိုင်မပျက် ပျော်ရွှင်ချမ်းမြေ့စွာ ရေကို သုံးစွဲနိုင်ပြီဖြစ်ပါသဖြင့် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

**ဆရာတော် ဦးနန္ဒဝံသ နှင့် ရွာသူရွာသားများ**
**နောင်ပီကျေးရွာအုပ်စု၊ နောင်တရားမြို့နယ်**


## VICTORIA UNIVERSITY COLLEGE
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် VUC တွင် ဗြိတိန်အစိုးရပိုင် South Essex College ၏ Foundation Diploma သင်တန်းကို ၅လ တက်ရောက်ပြီး UK မှ တိုက်ရိုက် ချီးမြှင့်မည့် Diploma ကို ရရှိပါမည်။

- South Essex College (UK) ၏ Diploma ရရှိပြီးသူများသည် အင်္ဂလန်နိုင်ငံ Business and Technology Education Council (BTEC) မှ တိုက်ရိုက်ချီးမြှင့်မည့် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)
  1. Engineering (Civil/ Mechanical/ Electrical and Electronics)
  2. Business (Management/ Marketing/ Accounting/ HR)
  3. Computing and Systems Development
  4. Health and Social Care



- HND Diploma ရရှိရန်အတွက် (၂)နှစ် သင်ယူရမည်ဖြစ်သည်။ သင်တန်းပြီးမြောက်ပါက BE (Hons:), B.Sc (Hons:), BA (Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲ သင်ကြားသည့် အတန်းတွင် (၁) နှစ် ဆက်လက်သင်ယူပြီး ယင်းတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့ကို ရရှိပါမည်။

Victoria University College သည် QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့ နှင့် အလုပ်အကိုင် အခွင့်အလမ်း များ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

- *ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်း၊ ဓာတ်ပုံ ၃ပုံ ပူးတွဲ တင်ပြရမည်။ ၃၀.၆.၂၀၁၆ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။ (ကျောင်းသားအရေအတွက် ကန့်သတ်ထားပါသည်။)*

လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းဆွေးနွေးရန် - ကျောင်းသားရေးရာဌာန
- အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။
- ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၅၁၀၄၇၄၈၊ ၀၉ ၂၅၉၂၇၁၀၉၄။

BTEC Approved Centre | south essex college | UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

## ဦးထွန်းလင်းဦး
B.Com(Q), CPA (Gold Medalist), DA (LCCI), ACCA, ISCA (S'pore CPA)
စာရင်းကိုင်သင်တန်း
LCCI level 1,2&3
ကျောင်းအပ်လက်ခံပြီ
အမှတ်(၂၆၆)၃-လွှာ၊ ကျိုက္ကဆံလမ်းမ၊ သတိပဋ္ဌာန်လမ်းထိပ်၊တာမွေ
Ph:09-51-15604, 09-73224433

## KLC
- Computer Training Centre
- LCCI Level I,II,III
- အဝေးသင်ကျူရှင်
Ph- 01-526355, 01-537608
09-73045888

ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ကျောင်းသူကျောင်းသားများ လွယ်ကူအဆင်ပြေစွာ အင်္ဂလိပ်စာသင်ကြားနိုင်တော့မည် ....
## VICTORY
ENGLISH LEARNING CENTER
မူလတန်းမှသည် ၁၀ တန်းအောင်၊
တက္ကသိုလ်ဘွဲ့ရများအထိ တက်ရောက်နိုင်မည်
English 4 Skills Level မျိုးစုံ
အင်္ဂလိပ်စာသင်ဖို့ ကျောင်းကောင်းကောင်း ဆရာကောင်းကောင်းရှာ နေပြီသူများအတွက်...
☎ ၀၉ ၇၇၇ ၂၉၀ ၅၅၄၊ ၀၉ ၇၇၇ ၂၉၀ ၅၅၆
အမှတ်(၆၀)၊ တိုက်ခန်းအမှတ် 2-A (ပ-ထပ်)၊ စိမ်းလဲ့သာယာလမ်း၊ (၃၂) ရပ်ကွက်၊ ၃၅-မှတ်တိုင်၊ (ဂန္ဓဝင်သစ်စတိုးနောက်ကျောကပ်လမ်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)။

YOMA
STRATEGIC HOLDINGS LTD.

# CPCL

NEW HOLLAND
AGRICULTURE

““လက်မှုလယ်ယာမှ စက်မှုလယ်ယာ ပြောင်းလဲဖို့ နယူးဟော်လန်ထွန်စက်များကိုသုံးကြစို့””

နယူးဟော်လန်လယ်ထွန်စက်များ၏ကြံခိုင်မှုအတွက် အောက်ပါအစီအစဉ်အတိုင်း လယ်ကွင်းထဲအရောက် အခမဲ့လာရောက် စစ်ဆေးပေးမည်ဖြစ်ပါသဖြင့်ပြပြင်ရေးဌာနသို့ ဆက်သွယ်ကြပါရန် လေးစားစွာအသိပေးအပ်ပါသည်။

( ၆.၆.၂၀၁၆ ) မှ ( ၃၀.၆.၂၀၁၆ ) အထိ ပဲခူးတိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီး ( မကွေးမြို့ ) ၊

ဧရာဝတီတိုင်းဒေသကြီး ၊ နေပြည်တော် ၊ ရှမ်းပြည်နယ်( တောင်ပိုင်း / တောင်ကြီးမြို့ ) ၊ စစ်ကိုင်းတိုင်းဒေသကြီး ၊

( ၁.၇.၂၀၁၆ ) မှ ( ၁၅.၇.၂၀၁၆ ) အထိ ကယားပြည်နယ် ၊ ရှမ်းပြည်နယ် ( မြောက်ပိုင်း / နောင်ချိုမြို့ ) ၊

( ၁.၇. ၂၀၁၆ ) မှ ( ၃၀.၇.၂၀၁၆ ) အထိ ရန်ကုန်တိုင်းဒေသကြီး ၊ မကွေးတိုင်းဒေသကြီး ( ပခုက္ကူမြို့ ) ။

ဇွန်၊ ဇူလိုင် (၂) လအတွင်း ဝယ်ယူပါက ၂ % Discount



အကောင်းဆုံးအရည်အသွေးဆိုတာကို သက်သေပြချင်လို့ အခုပဲသုံးကြည့်လိုက်ပါ



ပြုပြင်ရေးဌာန သို့ ဆက်သွယ်စာရင်းပေးရန်

| | | |
|---|---|---|
| ရန်ကုန်-ပဲခူး-မကွေး-ကယား | ⟶ | ၀၉၇၉၉၅၂၃၈၀ ၊ ၀၉၇၉၉၅၂၃၈၂ |
| တောင်ကြီး-စစ်ကိုင်း-ပခုက္ကူ-နောင်ချို | ⟶ | ၀၉၇၉၆၁၃၇၇၁၅ |
| ဧရာဝတီတိုင်းဒေသကြီး | ⟶ | ၀၉၇၈၄၃၅၁၉၇ |
| နေပြည်တော် | ⟶ | ၀၉၄၄၈၅၄၃၅၈ |

ရုံးခွဲများ - ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ပုသိမ်၊ ဟသ္သာတ၊ မအူပင်၊ တောင်ကြီး၊ နောင်ချို၊ မောင်းကုန်း၊ မကွေး၊ ပခုက္ကူ၊ ပြည်၊ ထားဝယ်။

ဖုန်း-(၀၁) ၆၈၇ ၀၀၂၊ ၆၈၇ ၀၀၃၊ ၆၈၇ ၈၈၁၊ (၀၉) ၇၃၀၇ ၈၈၃၀၊ ၂၅၀ ၁၇၀ ၀၈၂၊ (၀၂) ၅၁၅၃ ၂၃၀၊ (၀၆၇) ၂၅၉၄၆၊ (၀၄၂) ၂၉၁၆၄



MFP
FIRE

# Myanmar Fire Protection Co., Ltd.

Member of MTH Myanmar Thiha Group of Companies

နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေးစနစ်များအား မည်သည့် အဆောက်အဦ အမျိုးအစားကိုမဆို ဒီဇိုင်းဆွဲပေးခြင်း ၊ တွက်ချက်ပေးခြင်း ၊ တပ်ဆင်ခြင်း လုပ်ငန်းများအား နိုင်ငံတကာအတွေ့အကြုံရှိ အင်ဂျင်နီယာများဖြင့် ဆောင်ရွက်ပေးပါသည်။

No.508/A, Lower Kyee Myindaing Road, Kayinamyothar Ward, Kyeemyindaing Township, Yangon, Myanmar.
Tel : +959 - 776349776, +959 - 456615158, +959 - 451718763
E-mail : myanmarfireprotection@gmail.com website : http//www.myanmarthiha.com

# SAMSUNG Galaxy On7

## ဖျော်ဖြေမှုရသပေါင်းစုံကိုခံစားလိုက်ပါ







မေတ္တာလက်ဆောင်
16GB Micro SD Card

- ပါးလွှာသွယ်လျသောဒီဇိုင်း
- Home Button ခလုတ်ကို နှစ်ချက်နှိပ်ရုံဖြင့် ဓာတ်ပုံတန်းရိုက်နိုင်မည့် Quick Launch
- ဘက်ထရီအားအနည်းဆုံးအချိန်မှာပင် အချိန်အတော်ကြာ ဆက်ပြီး အသုံးပြုနိုင်မယ့် ultra-power saving mode

samsungmobilemyanmar samsungmyanmar samsungmyanmar

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 8AM to 6PM

SAMSUNG



## "AAS Air-Con Services" ကို ခေါ်ယူအသုံးပြုနေကြသော မိတ်ပြည်သူများသို့ တောင်းပန်လွှာ

ပြီးခဲ့သောနွေရာသီတွင် Air-Con အသစ်တပ်ဆင်မှုများ၊ ပြုပြင်ရခြင်းများ လွန်စွာများပြားခဲ့ပါသည်။အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ရခြင်းကြောင့် ဝန်ထမ်းများ မကြာခဏ ဖျားနာခဲ့ခြင်း၊ ကားလမ်းပိတ်ဆို့ခြင်းကြောင့် ဝန်ထမ်းများ ကားပေါ်တွင်သာ အချိန်ကုန်ရခြင်း နှင့် မီးပျက်နေသော်လည်း ရောက်လာပြီး Technician များကို အိမ်ရှင်များမှ ပြန်မလွှတ်ကြခြင်းတို့ကြောင့် ဆက်လက် ချိန်းဆိုထားသောနေရာများ နောက်ကျလွဲချော်ခြင်းများ လွန်စွာများပြားခဲ့ရပါသည်။ ချိန်းဆိုမှုများ ပျက်ကွက်ခြင်းကြောင့် မိတ်ပြည်သူများ စိတ်အနှောင့် အယှက်ကြီးစွာဖြစ်ခဲ့ရခြင်းကို ကျွန်ုပ်တို့ AAS မှ သိရှိနားလည်ပြီး ခွင့်လွှတ်ပေးပါရန် အနူးအညွတ် တောင်းပန်လိုပါသည်။ နောင်လာမည့်နွေရာသီများတွင် ယခုကြုံတွေ့ခဲ့ရသော အခက်အခဲများ လျော့နည်းစေရန် AAS အနေဖြင့် ဝန်ထမ်းအင်အားတိုးချဲ့ခြင်း၊ ဆိုင်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း လေးစားစွာအသိပေး တင်ပြအပ်ပါသည်။

မိတ်ပြည်သူများစိတ်ချမ်းသာပျော်ရွှင်ကြပါစေ
AAS Air-Con Services မိသားစု

**Yangon Offices**

Office(1) - No-9/B, Room 001, Wayzayandar Road,Thingangyun Township, Yangon.
Tel : 01 573811 , 01 578957 , 09 73037865 , 09 420071954

Office (2) - No.4/A,1stFloor, Parami Road(Corner of Kabaraye Pagoda Road), Mayangone Township, Yangon.
Tel : 09 5054228 , 09 421118765

Office(3) - No.9, Maharbawga Street, Sanchaung Township, Yangon.
Tel : 09 8614140

Office(4) - No.65,Ground Floor,7th Street, Lanmadaw Township,Yangon.
Tel : 09 420033454 , 09 420033464

Office(5) - No.127/A, 2ndFloor, West Shwe Gone Daing Road, Bahan Township, Yangon.
Tel : 09 978619351, 09 5102193

**Mandalay Offices**

Office - Ta Ta / 8-50, Aung Zayya Street - Between 60x62 Street, Pyigyitankon Township, Mandalay.
Tel : 09 960085885, 09 450236294



## GRAND STYLE YOUR PROJECT PARTNER

Is the leading construction material store in Myanmar. We are providing product range cover more than 1,200 items for both small scale construction until mega project with complete services as one stop shopping.









GRAND STYLE | Lighthouse every moment | GRAND | FOX FLOORING

Thiri Yadanar Wholesale Market Compound — Building Zone G3, Unit G46-G52, Thudhamma Road, North Okkalapa Township, Yangon, Building : G3, Room No. 46-52 သီရိရတနာ လက်ကားဈေးဝင်း၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

TEL +95-1-1224217, +95-9-5088488
GrandStyleMM
www.grandstylemm.com



GW 0973226006 0973133528
အိမ်ပြောင်းအိမ်ရွှေ့လုပ်ငန်း
ကားများနှင့်လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။
09401505559,73077569



ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-500 5916
09-730 97123


သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ


HOT
မြန်နှုန်းမြင့် အင်တာနက် 4G ကွန်ယက်စနစ်
အသုံးပြုနိုင်သော Lenovo Dual SIM ဝမတ်ဖုန်းများ
Lenovo
5"
selfie maker
Lenovo Vibe S1
DUAL SIM SMARTPHONE
1.7GHz Octa Core
3G+32G, 13MPAFCam+
(8+2)MPFF, Android 5.0
SPECIAL PRICE 299,000/-
5"
The Camera you love.
The Phone you need
Lenovo Vibe Shot
DUAL SIM SMARTPHONE
1.7GHz Octa Core
3G+32G, 16MPAFCam+
(8)MPFF, Android 5.0
SPECIAL PRICE 329,000/-
5.5"
Power Player
Lenovo Vibe P1
DUAL SIM SMARTPHONE
1.5GHz Octa Core
2G+32G, 13MPAFCam+
5MPFF, Android 5.1
SPECIAL PRICE 289,000/-
အမြို့မြို့အနယ်နယ်ရှိ မိုဘိုင်းဖုန်းအရောင်းဆိုင်တိုင်းတွင် ဈေးနှုန်းတူညီစွာ ဝယ်ယူရရှိနိုင်ပါသည်။
Yangon : Innwa Premium Shop, City Star, Eastem (SKT Middle Block), KMD(ChinaTown), H.H Mobile, Global Light (North Okkalapa), Technoland, Linn Latt Mobile (TMW), Point Mobile, Tech Republic (San Chaung),i Feel Mobile (Latha), Easy One, Idea Link, IT Box Mobile, Unique PSD, Unique (SKT), King Power (Seikkanthar Lower Block), Unique (Tamwe), Choice Mobile, KMD Tamwe, J Mobile, KMD (MNG), KMD (PSD).Mobile House (Latha), Like Mobile, E City, Htay Mobile, KKK Mobile Mandalay : 77 Mobile & IT Mall, SS Computer (Pyay), Shwe Na Gar (MDY), Orange Mobile (MDY) N.Star Electronic (Pyin Oo Lwin), Kyal Sin (Mogok), Ngwe Sandar Electronic (MDY), Mobile Like (MDY), T.No Mobile (MDY), National Mobile (Bamaw) C/O, One Mobile (Kyaukpadaung) C/O MDY. Any Call, Super Mobile, Mobile Mother, Guru Mobile, i-Phone, Hein Mobile, Mobistar, Super Cell. Naypyitaw : KMD NPT II, Larsho : KMD Larsho II, Myeik : C4E, Meikhtila : KMD Mobile Retail, Mawlamyine : KMD Mobile Retail, Kalay : Hello Tharyarwadi : Home Mobile, Kyan Khin : Evasion Mobile. Sittway : N.X Mobile, Loi Kaw : J & K Mobile, Pyin Ma Nar Lu Gyi Min, Pu Law : Edison Mobile, Win Mobile, Dawei : Padetha D.Com Mobile, Nyi Nyi Mobile, BSM Mobile, idea Mobile, Myeik : C4E, ZarNi Mobile , Gentlemen Mobile, YC Mobile, Mahar Myanmar Mobile, 12 call Mobile, Nandar Win Mobile, Wai Phyo Mobile, Golden land Mobile, Pyay : Wise Power, NSM, Soe San, Fevo Mobile, Respect Mobile, Shwe Tike Mobile, A1 Mobile, Dr. Mobile, Palae Shwe Wah, TaungTwinGyi : Palae Mobile, Lett Puttar - Shwe Nadi Mobile, Pha-An : Zenith, Tresure Net, Sittway : Super Hut Mobile, Palae ShweWah Mobile, Padan : La Minn Thit Mobile, Taunggyi : Myint Mo
DCD
Authorised Distributor :
၃၈၄၁၀၉၊ ၃၈၁၀၃၅၊ ၃၈၁၁၂၉
လိုင်းခွဲ (၁၄၂)
www.Facebook.com/lenovo.mm
www.lenovno.com/mm


PREMIER COFFEE
ကျပ် သိန်း 1000
ကံထူးရှင် ထွက်ပေါ်လာပါပြီ
ဦးတင်ကိုကိုလွင်
သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ငွေကျပ် သိန်းတစ်ရာဆု (၂၃) ဆု၊ ငွေကျပ် ဆယ်သိန်းဆု (၃၈) ဆု စုစုပေါင်း (၆၁) ဆု ကျန်ရှိနေပါသည်၊
ငွေသားကံစမ်းမဲများ လဲလှယ်ခွင့်ကို (၃၀.၆.၂၀၁၆) အထိ လဲလှယ်ပေးသွားပါမည်...
သတ်မှတ်ရက်ထက် ကျော်လွန်ပါက ငွေသားကံစမ်းမဲများကို လဲလှယ်ပေးမည် မဟုတ်ပါ။

# သုံးနိုင်ငံချစ်ကြည်ရေးကားမောင်းခရီးစဉ် ပုဂံညောင်ဦးသို့ ရောက်ရှိ

## တန်ခိုးကြီးဘုရားများ ဖူးမြော်ကာ ညနေဆည်းဆာအလှကို ရွှေဆံတော်ဘုရားမှ ကြည့်ရှု



ရဲသူရအောင်(ညောင်ဦး)

**ညောင်ဦး ဇွန် ၅**

အိန္ဒိယ-မြန်မာ-ထိုင်းသုံးနိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ချစ်ကြည်ရေးကားမောင်းခရီးစဉ်အဖြစ် Bright View Travels & Tours Co.,Ltd. နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသ အာသံပြည်နယ်အခြေစိုက် North East Federation on International Trade (NEFIT)တို့အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံသားဧည့်သည် ၃၁ ဦးနှင့်အတူ မော်တော်ယာဉ်ကိုးစီးတို့ပါဝင်သည့်အဖွဲ့သည် နေပြည်တော်မှတစ်ဆင့် အမြန်လမ်းမကြီးအတိုင်း မောင်းနှင်လာပြီး ဇွန် ၅ ရက် မွန်းလွဲပိုင်းက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိခဲ့သည်။

အဆိုပါအဖွဲ့သည် ၂၀၁၆ ခုနှစ် မေ ၂၄ ရက်တွင် တမူးမြို့သို့ရောက်ရှိခဲ့ပြီး တမူး၊ မုံရွာ၊ မန္တလေး၊ တောင်ကြီး၊ ကျိုင်းတုံနှင့် တာချီလိတ်မြို့တို့တွင် သွားရောက်လည်ပတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့နောက် မေ ၂၇ ရက်မှ ဇွန် ၂ ရက်ထိ ထိုင်းနိုင်ငံတွင် လည်ပတ်ခဲ့ပြီး ဇွန် ၃ ရက်တွင် ထိုင်းနိုင်ငံ မဲဆောက်မြို့မှတစ်ဆင့် မြဝတီမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် မြဝတီမြို့မှတစ်ဆင့် ရန်ကုန်-နေပြည်တော်သို့ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❖

မြန်မာယူ-၁၄ အမျိုးသမီးအသင်း တတိယနေရာလုပွဲ၌ ရှုံးနိမ့်

စာမျက်နှာ - ၁၄

လှည်းသွင်းကျေးရွာ၌ လူပေါင်း ၁၂၈ ဦး အစာအဆိပ်သင့်မှုဖြစ်ပွား

စာမျက်နှာ - ၁၆

လမ်းလယ်ကပ်တုံးများအစား Flower Box များ ထားရန်စီစဉ်

စာမျက်နှာ - ၁၇

# ရိုးရာကျားတို့ အားပြိုင်ပွဲ

## သပြေညိုကို စိန်ခေါ်သူ ဖျံသွေးအလဲထိုးအနိုင်ရ

သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ GTG က စီစဉ်ကျင်းပသော ရိုးရာကျားတို့အားပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ကျင်းပရာ လေးချိစိန်ခေါ်ပွဲနှစ်ပွဲနှင့် ငါးချိစိန်ခေါ်ပွဲ ရှစ်ပွဲတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

အထူးငါးချိစိန်ခေါ်ပွဲများဖြစ်သည့် သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် စိန်ခေါ်သူ ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)တို့ ပွဲစဉ်စစချင်းပင် နှစ်ဦးစလုံး ခြေကန်ချက်ချင်း အားပြိုင်နေသည်။ ဒုတိယအချီတွင် ဖျံသွေး၏ညာခြေကန်ရိုက်ဖြုတ်ချက်ကြောင့် သပြေညိုလဲကျပြီး အနားတောင်းလိုက်ရသည်။ ဇမသေးသည့် ဖျံသွေး ငယ်ရွယ်ပြီး သက်လုံကောင်းသလို လက်သီးအသိမ်းအနုတ်ပိုရိသေသပ်သည်။ ဖျံသွေး၏ စက်လက်သီးတိုက်စစ်ကို သတိထားတန်ပြန်နေရသည်။ ပြန်အတည်တွင် ဖျံသွေး၏ပါဝါမြင့်သော လက်သီးတွဲလုံးနှင့် ခြေကန်ချက်တို့က သပြေညို၏ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳



သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် ဖျံသွေး(ရွှေမိုးထိငြိမ်းချမ်းရေး)တို့ ထိုးသတ်စဉ်။

